စာပေဆုရ

# ဆောင်းပေါ်ငမိုး

## အမှတ်တရဝတ္ထုတိုများ

သွဲ့ထားညို (သက္ကလ)

၂၀၁၂ ခုနှစ်၊ ပခုက္ကူဦးအုံးဖေတည်ထောင်သော
ပခုက္ကူစာပေဆု
ဝတ္ထုတိုပေါင်းချုပ်၊ ဒုတိယဆု

# ဆောင်းပေါင်းမိုး အမှတ်တရ ဝတ္ထုတိုများ

## သွဲ့ထားညို (သက္ကလ)

စီစဉ်တည်းဖြတ်သူ - ဒေါ်ခင်ဝါဆွေ (ဝါဝါ-အင်းစိန်)
စာတည်း (တာဝန်ခံ)

မျက်နှာဖုံးပန်းချီ - ဒီဇော်

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၂၀၁၃ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ ၁၅၀၀

တန်ဖိုး ( ၆၀၀ ) ကျပ်

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေဗိမာန် ခေတ္တစာတည်းမှူးချုပ်
ဦးမျိုးမြင့်မောင် (မျိုးမြတ်မြတ်မြင့်မောင်)က
မှတ်ပုံတင်အမှတ် (၀၇၄၉၂) ဖြင့် ပုံနှိပ်၍
မှတ်ပုံတင်အမှတ် (၀၃၉၁၁) ဖြင့် ထုတ်ဝေသည်။

ဂျိတီစီ ပုံနှိပ်စက်ရုံတွင်ပုံနှိပ်သည်။

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ... ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး... ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ... ဒို့အရေး

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | မေတ္တာရနံ့ | ၁ |
| ၂။ | ဝေးဖို့ခက် | ၁၇ |
| ၃။ | ကိုရင်လေးရှက် | ၃၂ |
| ၄။ | ညှော်သည် | ၄၅ |
| ၅။ | ဆောင်းပေါင်မိုး | ၆၅ |
| ၆။ | သမုဒယအလွန် | ၈၃ |
| ၇။ | ပွင့်သွားသော တံခါးတစ်ချပ် | ၉၆ |
| ၈။ | အရိုးစွဲချစ် | ၁၁၃ |
| ၉။ | အမှတ်တရ ညပင် | ၁၃၀ |
| ၁၀။ | မွေ့ခံရစ်စေ | ၁၅၀ |
| ၁၁။ | အလင်းမဲ့ လမင်း | ၁၆၄ |

## "မေတ္တာရှင်"

အေးလှပါသည်ဆိုသော တောင်ပေါ်လေပင် မကူနိုင်ခဲ့။ အေးလွန်း၍ ချွေးမထွက်သော်လည်း မျက်လုံးထဲမှာ တရိပ်ရိပ်ဖြစ်အောင် မောပန်းလှသည်။ မျက်လုံးလည်း မမှိတ်ရဲ၊ ခြေတစ်ချက်ချော်လိုက်သည်နှင့် တောင်အောက်အထိ တလိမ့်ခေါက်ကွေးကျသွားနိုင်သည်။ တောင်ပေါ်က လိမ့်ကျ၍ ဒဏ်ရာအနာတရဖြစ်သည်က ထားဦး။ ဒီအခြေအနေရောက်အောင် တက်လာရသည့်ဒုက္ခက သေးလှသည်မဟုတ်။ တစ်တောင်လည်းမဟုတ်။ နှစ်တောင်လည်း မဟုတ်၍ "မေနှင်း"တို့ ငယ်ငယ်က သင်ခဲ့ရသော "တစ်တောင်ပေါ်၊ တစ်တောင်ဆင့်၊ တောင်အမြင့်ပတ်ခြံရံ" ဆိုသည့် "ငွေတာရီ" ၏ ထိပ်ဆုံးသို့ ကဗျာလေးကိုပင် အမှတ်ရမိသေးတော့သည်။

"ဆရာမ ပင်ပန်းနေပြီလား"

သူကိုယ်တိုင်လည်း မောသံပေါက်နေလျက်က မေးလာသူကို မေနှင်း အံ့ဩလွန်းစွာ မော့ကြည့်လိုက်သည့်ခဏ ချွေးများရွှဲနေသော ကျောပြင်ကျယ်ကြီးကို မြင်လိုက်ရသည်။ ထိုခဏထိုကျောပြင်ကြီးကိုပဲ တအုန်းအုန်း ထုပစ်ချင်စိတ်ဖြစ်လာရသည်။

ဒါပေမဲ့လည်း မလုပ်ရဲ၊ သူက ကိုယ့်အကြီးအကဲ ကိုယ့်ဆရာသမား။ မကွေး အခြေခံကျန်းမာရေးတက္ကသိုလ်မှ လူထုကျန်းမာရေး သိပ္ပံဘွဲ့ဖြင့် ဆင်းလာပြီး ထီရိုင်ပင်မ ကျန်းမာရေးဌာနမှာ ကျန်းမာရေးမှူးအဖြစ် နှစ်ရှည်လများ တာဝန်ထမ်းဆောင် နေသူဖြစ်၍ မကြာသေးမီကမှ ဒီဌာနသို့ သားဖွားဆရာမအဖြစ် ရောက်လာသော မေနှင်းနှင့်က အစစအရာရာ ကွာခြားလွန်း သည်။

မြင်းမထိ၊ အင်ခေါင်း၊ ပက်ကော်၊ မင်းဘူး၊ ရိန်းစသော ကျေးလက်ကျန်းမာရေးဌာနခွဲများအားလုံး ထီရိုင်ပင်မ ကျန်းမာရေး ဌာန အောက်မှ ရှိသည်ဖြစ်၍ မေနှင်းတို့လို ဌာနခွဲသားဖွားဆရာ မလေးများအားလုံး သူ့အုပ်ချုပ်မှုအောက်မှာ ရှိနေရသည်။ အထူးသဖြင့် မေနှင်းပါ။ သူနှင့် ဌာနတစ်ခုတည်းဖြစ်၍ သူဦးဆောင် မှုအောက်မှာ နီးနီးကပ်ကပ်ရှိနေရသည်။ ဌာနငါးခုကို တစ်လ တစ်ကြိမ် ကွင်းဆင်း၍ ကျန်းမာရေးပညာပေးဟောပြောပွဲများ လုပ်ခြင်း၊ ငှက်ဖျားစီမံချက်၊ မျိုးဆက်ပွားကျန်းမာရေးစီမံချက်များ အားလုံးလိုလို သူဦးဆောင်ပြီး လုပ်နေကျဖြစ်၍ မေနှင်းတို့အားလုံး သူ့ကို အားကိုးကြရသည်။

ယခုလည်း မေနှင်းကာကွယ်ဆေးထိုးရမည့်ကိစ္စမှာ သူကိုယ် တိုင်လိုက်ပါဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ တောင်ပေါ်မှာ ရှိသော မိသားစုများအတွက် တကူးတက လိုက်လံရှာဖွေပြီး ဆေးထိုးပေးသည်။ ကြုံလျှင် ကြုံသလို ပညာပေးဟောပြောပွဲတွေ

လုပ်သည်။ မေနှင်းအနေနှင့်ဆိုလျှင် ဒီလောက်အထိ ပိုက်စိပ်တိုက်နိုင်မည်မဟုတ်။ တစ်ကြိမ်တစ်ခါ ဆုံဖြစ်တိုင်း ကာကွယ်ဆေးမှန်မှန်ထိုးဖို့ ကျန်းမာရေးမကောင်းလျှင် နီးစပ်ရာ ကျန်းမာရေးဌာနသို့ အရောက်လာဖို့ မှာကြားခဲ့သော်လည်း အချိန်တန်လျှင် ရောက်မလာ၍ မေနှင်းစိတ်ညစ်ရသည်။ ကိုယ့်ကျန်းမာရေးအတွက်ပင် အလေးမထားသူတွေဟု ယူဆပြီး စိတ်လည်းမရှည်ချင်။ ဆရာဦးဝေလျှံက မေနှင်းတို့လို မဟုတ်။ လွယ်လွယ်နှင့် အလျှော့မပေး။ တောင်ကြောတစ်ခုလုံးကို ပိုက်စိပ်တိုက်လိုက်သည်။ ဒီတော့ မေနှင်းပါမောရသည်။ မေနှင်းတို့ ဌာနခွဲအောက်ရှိ ဘုရားဖြူ၊ ထီးခွံ၊ ပေါ့အင်၊ တပိုင်မို့လို နီးစပ်သောရွာများ မဆိုထားနှင့် တောင်ပေါ်ရွာများအထိ သူနှင့်အတူ မေနှင်းလိုက်ရသည်။ ဆိုင်ကယ်ဖြင့် သွားရသလို ခြေကျင်လည်း ရှိသည်။

"ဆရာမ၊ ကျွန်တော်မေးတာ မဖြေသေးဘူးနော်"

မောလွန်း၍ စကားပြောချင်စိတ်မရှိလှသော်လည်း ဆရာ့ကို အားနာ၍ မေနှင်းဖြေရသည်။

"မောတော့မောတာပေါ့ ဆရာရယ်"

"စိုင်းထီးဆိုင် သီချင်းလား"

အရေးထဲ အရွတ်အနောက်ပြောနိုင်သေး၍ မေနှင်းပြုံးမိရသည်။

"စိတ်ရှည်ရှည်ထားပါဗျာ၊ ကုသိုလ်ဆိုတာ ယူတတ်ရင် ရပါတယ်။ သူတို့ခမျာ ဒီတောဒီတောင်ကိုပဲ အိမ်လုပ်ပြီး နေရတာ၊ ကမ္ဘာကြီး အကြောင်းကိုတောင် တစ်စွန်းတစ်စ သိရှာတာ မဟုတ်ဘူး"

"မသိတော့ ပိုမကောင်းဘူးလားဆရာရယ်"

ဘုကလန့်စကားမဟုတ်သော်လည်း မောနေသည့် အချိန်ဖြစ်၍ စိတ်ထဲ ရှိသည့်အတိုင်း ပြောလိုက်မိသည်။ တကယ်လည်း မနှင်း စိတ်ထဲ ဝမ်းနည်းနေမိသည်။ ပဲခူးရိုးမနှင့် မနီးမဝေးရွာလေးတစ်ရွာမှာ တောင်သူယာခုတ် မိဘနှစ်ပါးမှ မွေးဖွားခဲ့ပြီး အထက်တန်း ကျောင်းမရှိသော ရွာလေးဖြစ်၍ နှစ်မိုင်ခန့်ဝေးသော မြို့ကျောင်းကို အသွားအပြန် ကျောင်းတက်ခဲ့ရသည်။ မိဘက နွမ်းပါးလှ၍ ကိုယ့်ကို အရိပ်ထဲမှာ နေစေချင်ပြီး ခြစ်ခြစ်ကုတ်ကုတ် ပညာ သင်ပေးခဲ့သည်။ "မနှင်းဖွေး" ဟူသော အမည်နာမလေးနှင့် လိုက်ဖက်စွာ နှင်းပွင့်လေးလို အေးချမ်းသည့်ဘဝမျိုး မနှင်း နေခွင့်မရခဲ့။

ဆယ်တန်းကို အမှတ်လေးကောင်းကောင်းဖြင့် အောင်မြင် သော်လည်း အများသူငါလို အသက်မွေးဝမ်းကျောင်း တက္ကသိုလ် တစ်ခုခု လျှောက်ခွင့်မရှိခဲ့။ အချိန်တိုတိုဖြင့် အလုပ်အကိုင် အမြန်ဆုံးရရှိနိုင်သည့် သားဖွားသင်တန်းဝင်ဖြေပြီး သားဖွား ဆရာမလေးဖြစ်ခွင့်ရခဲ့သည်။ သင်တန်းပြီးဆုံးချိန်မှာ တာဝန် ခန့်ထားခြင်းမရှိသေး၍ ကံကောင်းထောက်မစွာဖြင့် သူငယ်ချင်း တစ်ဦး၏ အကူအညီဖြင့် ရန်ကုန်မြို့ရှိ ပုဂ္ဂလိက ဆေးရုံကြီးတစ်ခုမှာ အလုပ်ဝင်ခွင့်ရခဲ့သည်။ ထိုအချိန်ကာလများက မနှင်းဘဝ အတွက် ရွှေရောင်နေ့ရက်များဟုလည်း တင်စားနိုင်သည်။

အခန်းတိုင်းမှာ လေအေးပေးစက်တပ်ထား၍ အေးစိမ့် သန့်ရှင်းနေသော အနေအထား၊ စိမ်းရောင်၊ ရွှေရောင် ပြိုးပြက်

ဝင်းလက်နေသော လူနာများ၊ အရောင်အသွေးစုံစွာ စီးနင်းလာသော ကားလှလှလေးများ၊ မိနစ်တိုင်း၊ စက္ကန့်တိုင်းမှာ အချိန်ကို တန်ဖိုးရှိစွာ အသုံးချနေသော အထူးကုဆရာဝန်ကြီးများ၊ ဘယ်လောက်ပဲ ပင်ပန်းသည်ဟု ဆိုပါစေ၊ ချွေးတစ်စမရှိသော ရောင်စုံမျက်နှာ လှလှလေးများနှင့် လုပ်ဖော်ကိုင်ဘက်များကို ငေးမောအားကျရင်း တောင်ခြေရွာငယ်လေးမှ ကိုယ့်ဘဝကို မကြာခဏ မေ့လျော့နေခဲ့သည်။

"မေနှင်းဖွေးက ရှပ်ကလေးနဲ့မလိုက်ဘူး၊ အရမ်းရိုးအတာပဲ၊ ဘယ်အရပ်သူလဲ"

မေနှင်းတို့အားလုံးက မေမေကြီးဟုခေါ်ရသော အစိမ်းရောင်ဝတ်ဆရာမကြီး၏ သာသာနာနာစကားအချို့ဖြင့် ပစ်ပေါက်ခြင်းခံရသည့်ခဏမှာတော့ တောင်ခြေရွာငယ်လေးကို မေနှင်း အမှတ်ရလာသည်။ ပွင့်လင်းစွာ ဝန်ခံရလျှင် အကြီးအကဲ၏ အဆူအကြိမ်းကို ခံရသည့်အခါမျိုး၊ အဆောင်ပြန်ကားတိုးစီးရသည့် ဒုက္ခကို ခံစားရသည့် အခိုက်အတန့်သာ မေနှင်းစိတ်ညစ်မိသော်လည်း ရန်ကုန်မှာ မေနှင်းပျော်ပါသည်။ အထူးသဖြင့် မေနှင်းတို့နှင့် မကြာခဏ စကားလက်ဆုံကျတတ်သော ဆရာဝန်ပေါက်စလေး၏ နူးညံ့သော အားပေးစကားများကြောင့်လည်း ပါမည်ထင်သည်။

"မေနှင်းဖွေးက နာမည်နဲ့လူနဲ့ လိုက်တယ်နော်၊ မေနှင်းဖွေးကို ကြည့်လိုက်ရင် တကယ့်ကို နှင်းတွေဝေနေတဲ့ နံနက်ခင်းကို ကြည့်ရသလိုပဲ"

အခိပ္ပာယ်ကို ကွဲကွဲပြားပြားမသိလှသော်လည်း မေနှင်းနှင့် မျက်လုံးချင်းဆုံတိုင်း မမေ့မလျော့ ပြုံးပြတတ်သော နှုတ်ခမ်းတစ်စုံ၊ အချိန်မအားလပ်သည့်တိုင် မေနှင်းရှိသည့် နေရာသို့ မကြာခဏ ရောက်လာတတ်သည့် မျက်ဝန်းအကြည့်တို့က မေနှင်းရင်ကို အခုန်မြန်စေသည်။ တကယ်တော့ မေနှင်းစိတ်ကူးယဉ်မိခြင်းပါ။ တောရွာလေးတစ်ရွာ၏ သာမန်မိသားစုမှ မွေးဖွားကြီးပြင်းလာသော မေနှင်းက ကိုယ်ပိုင်ကားနှင့် ဆေးခန်းလာလေ့ရှိသော ဆေးရုံကြီးနှင့်လည်း မကင်းရာမကင်းကြောင်းဟု သိထားရသော ဂုဏ်သရေရှိ ဆရာဝန်လေးနှင့် ဘယ်လိုမှ ရေစက်ဆုံစရာ အကြောင်းမရှိမှန်း မေနှင်းနားလည်ပါသည်။ ကိုယ့်ဘဝကိုယ် နားလည်၍ အလုပ်ခန့်စာရသည့်အချိန်မှာ အားလုံးကို နှုတ်ဆက်ခဲ့သော်လည်း ထိုဆရာဝန်လေးကို မေနှင်းနှုတ်မဆက်ခဲ့။ အလွမ်းဝေဒနာလိုလို အသည်းကွဲဝေဒနာလိုလို အမျိုးအမည်မကွဲပြားသော ရင်တစ်နေရာမှ စူးစူးအောင့်အောင့်ဝေဒနာကို တစ်ယောက်တည်း ကြိတ်မှိတ်ခံစားရင်း တာဝန်ကျရာ ရှမ်းပြည်တောင်ပိုင်း ရွာကလေးဆီ ထွက်လာခဲ့သည်။

လတ်ဆတ်သော တောင်ပေါ်လေက အေးလှသည်ဆိုသော်လည်း လေအေးစက်လို စိမ့်စိမ့်လေးအေးပြီး သွေ့ခြောက်နေတာမျိုးမဟုတ်။ သူ့အေးပုံက ကြမ်းရှရှနှင့် စူးရဲရဲနိုင်လှသည်။ နှင်းခါးရိုက်သော မျက်နှာကလည်း လေအေးစက်အောက်မှာလို ဖြူဆွတ်ဝင်းမွတ်သော အသားအရေမျိုးမဟုတ်ဘဲ တစ်စတစ်စ ကြမ်းရှ

လာ၍ ကိုယ့်မျက်နှာကို မှန်ထဲမှာပင် ရဲရဲမကြည့်ဖြစ်။ ဆက်ဆံရသည့် လူမှုဝန်းကျင်ကလည်း နည်းနည်းလေးမှမတူ။ မေနှင်းတို့တောင်ခြေရွာငယ်ကလေးထက် လူနေမှုအဆင့်အတန်း မြင့်မားပြီးငွေကြေးပြည့်စုံသော်လည်း သူတို့အတွက် ငွေကြေးက အဓိကမဟုတ်။

ယာခင်းတစ်ကွက်၊ ပေါက်တူးတစ်လက်ဖြင့် အချိန်တိုင်းအလုပ်လုပ်ရန်သာ အာရုံရှိပြီး ပတ်ဝန်းကျင်နှင့်လည်း လိုအပ်မှသာ မေးထူးခေါ်ပြောနေလေ့ရှိသူတွေ၊ အပိုစကားမရှိ၊ ဟန်ဆောင်မှုမရှိ အဝါအကြွားဆိုတာ ဝေလာဝေး၊ ရိုးသားသော အပြုံးတစ်ခုဖြင့် လိုအပ်၍ အကူအညီတောင်းလျှင် ကိုယ်ဖိ၊ရင်ဖိ ကူညီလေ့ရှိသူများဖြစ်သည်။ ဒီလိုပတ်ဝန်းကျင်မှာ နေရသော မေနှင်းအဖို့ ပျင်းရိငြီးငွေ့ဖွယ်အချိန်တွေကို မကြာခဏ ဖြတ်သန်းရသည်။ ပတ်ဝန်းကျင် ရှုခင်းများကလည်း မေနှင်းစိတ်ကို အထူးတလည် ဆွဲဆောင်နိုင်ခြင်းမရှိခဲ့။ တောင်ခြေရွာကလေးမှာ ကြီးပြင်းခဲ့သူဖြစ်၍ တောမိုပ်၊ တောင်မိုပ်က မေနှင်းအတွက် အဆန်းတကြယ်မှုမနေခဲ့။

တစ်ခုပဲရှိသည်။ မေနှင်းတို့ ရိုးမတောင်တန်းကြီးလို အရပ်မျက်နှာတစ်ဖက်တည်းမှာ မှိုင်းမှိုင်းညို့ညို့ရပ်တည်နေသည် မဟုတ်။ ကြည့်လေရာ အရပ်မျက်နှာတိုင်းမှာ တောင်များ ဆင့်ကာစီကာ ရှိနေခြင်းက ဒီအရပ်ဒေသ၏ ထူးခြားမှုဖြစ်သည်။ အနီးကပ်မြင်နေရသော တောင်ကြီးများကလည်း အချို့က တောင်ကတုံး၊ အချို့က အမျိုးအမည်မသိသော အပင်မျိုးစုံ ဖုံးလွှမ်းထား၍

ရှုတ်တရက်ကြည့်လျှင် မြင့်မားသော တောတန်းရှည်ကြီးကို ကြည့်နေရသလို ဖြစ်သည်။

စကားသံဝဲဝဲ၊ နိုးရာဝတ်စုံကိုယ်စီဖြင့် တစ်ခါတစ်ရံရောက်လာတတ်သော သက်ကြီးရွယ်အိုများ၏ စကားကို နားလည်အောင် ကြိုးစားရသည်ကလည်း မေနှင်းအဖို့ လွယ်ကူလှသည်မဟုတ်။ အထူးသဖြင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများကို ဆေးခန်းမှန်မှန်လာဖို့ တိုက်တွန်းရသည်ကလည်း အခက်အခဲတစ်ခုလိုဖြစ်နေသည်။ အလုပ်လုပ်ရင်း မီးဖွား၊ မီးဖွားရင်း အလုပ်လုပ်နေကြသူတွေ ဖြစ်၍ ဆေးခန်းလာရသည်က သူတို့အတွက် အပို အလုပ်တစ်ခုလိုဖြစ်နေသည်။ နောက်ဆုံးစောင့်ရသည်ကို စိတ်မရှည်သော မေနှင်းသာ တစ်အိမ်တက်ဆင်းလိုက်ထိုးပေးရသည်။ ရွာထဲမှာ ထိုးရသည်က အကြောင်းမဟုတ်၊ ယခုလို တောင်ပေါ်အထိ တစ်တောင်ဆင်း၊ တစ်တောင်တက် ကာကွယ်ဆေးလိုက်ထိုးရသည့် ကိစ္စမျိုးကိုတော့ မေနှင်းစိတ်ရော၊ လူပါ ပင်ပန်းလှသည်။

"ဆရာမ တောင်တက်တဲ့အလုပ်ကို ဝါသနာပါလား" ရုတ်တရက် မေးလိုက်သော စကားသံကြောင့် မေနှင်းအတွေးတို့ ရပ်တန့်သွားသည်။

"ရှင်"

"ဪ ဆရာမတောင်တက်ဝါသနာပါလားလို့ မေးတာပါ"

ခြေဖဝါးအစုံ၏ ကျိုးနစ်မှုနှင့် ဒူးခေါက်ခွက်ထဲမှ နာကျင်မှုကို ကြိတ်မှိတ်ခံစားနေဆဲဖြစ်၍ ထိုမေးခွန်းက မေနှင်းအတွက် ဖြေရခက်လှသည်။

"မေနှင်းက ရိုးမတောင်ခြေနားက ရွာလေးမှာ နေခဲ့တာပါ"

ဒါပေမဲ့ တစ်ခါမှ တောင်တက်ကြည့်ဖို့ စိတ်ကူးမရှိဘူး၊ တောင်ဆိုတာ မေနှင်းတို့ ရွာသူရွာသားတွေအတွက်တော့ ဝမ်းစာရှာတဲ့ နေရာလို့ပဲ ထင်ခဲ့တာ"

"ဟုတ်လား၊ ဒါဆိုဆရာမက တောတွေ၊ တောင်တွေနဲ့ မစိမ်းဘူးပေါ့"

"မစိမ်းတော့ မစိမ်းပါဘူး။ ဒါပေမဲ့ မေနှင်းတောထဲတစ်ခါမှ မရောက်ဖူးဘူး၊ မေနှင်းတို့ မိဘတွေက စာကိုပဲ တစိုက်မတ်မတ် ကြိုးစားခိုင်းတော့ တောထဲ ဟင်းရွက်ခူးတာလောက်၊ မှိုရှာတာလောက်တောင် မေနှင်းမလုပ်ခဲ့ရဘူး"

စကားထဲမှာ နာကျင်မှု အရိပ်အမြွက်တွေပါနေသည်လားမသိ။ ချော်ချော်ချွတ်ချွတ် သစ်ရွက်ခြောက်တွေကို နင်းလျှောက်လာသော ခြေထောက်များ၏ ဟန်ချက်ကို ထိန်းနေရသည့် အခြေအနေလည်းဖြစ်၍ အမှန်တကယ် မေနှင်း စိတ်မောနေမိသည်။

"စိတ်မကောင်းပါဘူး ဆရာမရယ်၊ ကျွန်တော်ကြောင့် ဆရာမတောင်ပေါ် ရောက်နေရတာပေါ့"

မေနှင်းအခြေအနေကို ဆရာရိပ်မိသွားပုံရသည်။ ပြောလိုက်သည့်စကားကပင် တောင်းပန်သလိုနှင့် ထူးခြားနူးညံ့နေ၍ မေနှင်းအားနာလိုက်မိသည်။

"ဒီလိုမဟုတ်ပါဘူးဆရာ၊ ဒီအလုပ်က မေနှင်းအလုပ်ပါ၊ အခုလိုဆရာ ပါဝင်ကူညီနေရတာကိုပဲ မေနှင်းအားနာရတာပါ၊ ဆရာလည်း မေနှင်းအတွက် ပင်ပန်းတာပဲပေါ့"

"ရပါတယ် ဆရာမရယ်၊ ကျွန်တော်သူ့အလုပ်၊ ကိုယ့်အလုပ် ရယ်လို့ မခွဲခြားတတ်ပါဘူး၊ ကျွန်တော်က အခြေခံ ကျန်းမာရေးတက္ကသိုလ်က ဆင်းလာတာဆိုတော့ ကိုယ့်နယ်မြေ လူထုရဲ့ကျန်းမာရေးကိုတော့ အကြားအလတ်မရှိအောင် လုပ်ပေးရမှာပေါ့၊ ကျန်းမာရေးဆိုတာ လူတစ်ဦးချင်း တစ်ယောက်ချင်းအတွက် အရေးကြီးတာပဲလေ၊ ပြီးတော့ မေနှင်းက ကျွန်တော်ရဲ့ ပင်မဌာနနဲ့တွဲလျက်နေရတဲ့ သူဆိုတော့ နည်းနည်းပိုပင်ပန်းတာပေါ့ဗျာ"

ဒီလူကြီးရဲ့ တိကျသေချာမှုတွေကိုပဲ မေနှင်း စိတ်ညစ်တာဟု ပြောလိုက်ချင်သော်လည်း စိတ်ရှိတိုင်း ပြောမဖြစ်၍ မေနှင်း သည်းခံနေလိုက်ရသည်။

"တစ်မျိုးတော့ ကံကောင်းတယ်လို့ ပြောရမှာပေါ့ဆရာ၊ ဆရာ့လက်အောက်မှာဆိုတော့ ဆရာ့အကူအညီလည်း အများကြီးရတော့ မေနှင်းအတွက် တစ်အားပေါ့"

"ဝမ်းသာပါတယ်ဗျာ၊ ဒီလိုစကားကြားရတာ၊ ဒီလိုမတွေးဘဲ ကျွန်တော့်ကြောင့် ဒီလောက်အထိ နှံ့နှံ့စပ်စပ်ရှာရှာဖွေဖွေ လုပ်နေရတယ်လို့တွေးရင် ကျွန်တော် ငရဲကြီးနေပါဦးမယ်"

"ဆရာက ဒီလောက်သူများ ကျန်းမာရေးကို ဂရုတစိုက်လုပ် ပေးနေတာ ငရဲမကြီးနိုင်ပါဘူး၊ မေနှင်းကသာ တစ်ခါတလေ တောင်ပေါ်တက်ရရင် ပင်ပန်းတယ်လို့ တွေးနေ ဖြစ်တော့ ငရဲကြီးမှာ သေချာတယ်"

"ပင်ပန်းတာကို ပင်ပန်းတယ်လို့ သိနေတဲ့အတွက် မေနှင်းလည်း ငရဲမကြီးပါဘူး။ ဗုဒ္ဓဘုရားက ဟောခဲ့တယ်လေ၊ ကိုယ့်စိတ်ဖြစ်တာ ကိုယ်သိရင် ငရဲမကြီးဘူးတဲ့၊ တကယ်တော့ ဘဝဆိုတာ ကံပါပဲဆရာမရယ်၊ ကျွန်တော် ဆရာဝန် ဖြစ်ချင်လွန်းလို့ ဆယ်တန်းမှာ အပြင်းအထန် ကြိုးစားခဲ့တယ်။ ဒါပေမဲ့ ကံမပါတော့ ဂုဏ်ထူးနှစ်ဘာသာပဲထွက်ပြီး ဆေးလိုင်းကို သုံးမှတ်နဲ့ ကပ်ပြုတ်ခဲ့ပေမယ့် ကျွန်တော် စွဲမလျှော့ဘူး၊ ကျွန်တော်ဝါသနာပါတဲ့ ဆေးပညာကို မရ ရအောင်ယူမယ်ဆိုပြီး လူထုအခြေခံ ကျန်းမာရေးတက္ကသိုလ်တက်ပြီး ဒီအခြေအနေဖြစ်ခဲ့တယ်၊ ဒီတော့ ကိုယ်ရောက်နေတဲ့အဆင့်ကိုပဲ ကျေကျေနပ်နပ်နဲ့ အကောင်းဆုံးဖြစ်အောင် လုပ်ရတော့တာပေါ့ဗျာ"

ဆရာ့စကားက မေနှင်းစိတ်ကို ဖြေသိမ့်ပေးလိုက်သလိုရှိသည်။ ကိုယ့်ဘဝကိုယ်မကြာခဏ အားမလိုအားမရဖြစ်ရင်း ဝမ်းနည်းအားငယ်မိသော မေနှင်းက ဆရာ့အဖြစ်နှင့်ယှဉ်လျှင် ဖြေသာနိုင်သေးသည်။

"ကျွန်တော်လည်း မေနှင်းကို ကျေးဇူးတင်စရာတွေ ရှိပါတယ်။ မေနှင်းက အသက်ငယ်တော့ ကျွန်တော် အကူအညီတောင်းရင် အားမနာရဘူးပေါ့။ မေနှင်းရှေ့က ပြောင်းသွားတဲ့ ဆရာမကြီးဆို အသက်အရွယ်ကြီးတော့ ဘာပဲဖြစ်ဖြစ် လေးစားငဲ့ညှာရတာတွေ များတာပေါ့ဗျာ"

"ဟင်း . . . ဒါတော့ ဆရာ မတားရားဘူး"

"ဘာဖြစ်လို့လဲ"

"ဆရာမကြီးက ဒီအရပ်သူ၊ မေနှင်းက ဟိုးအဝေးကြီးက လာရတာ၊ မေနှင်းကို ပိုပြီး ငဲ့ညှာရမှာပေါ့"

ပြောပြီးမှ မေနှင်းမှားသွားပြီလားဟု ကိုယ်တိုင်ပြန်တွေးမိလိုက်သည်။ မေနှင်းစကားက တစ်ဖက်လူ၏ ကရုဏာကို ချူယူသလို ဖြစ်နေပြီလားမသိ။ တောထဲ၊ တောင်ထဲမှာ နှစ်ယောက်တည်းရှိနေသည့်အခိုက်အတန့်မှာ ဒီစကားမျိုးမပြောသင့်ဟု မေနှင်းထင်သည်။ တစ်ဖက်လူ၏ စကားအပြန်ကို ရင်ခုန်မောစွာ စောင့်ဖြစ်သည်။

"ငဲ့ညှာတာပေါ့ မေနှင်းရယ်၊ ငဲ့ညှာလို့လည်း မေနှင်းသွားလေရာ ကျွန်တော်ပါသလို ကျွန်တော်သွားလေရာလည်း မေနှင်းကို အပါခေါ်ရတာပေါ့"

အဓိပ္ပာယ်ကို နားလည်သလို ရှိသော်လည်း တိတိကျကျမဟုတ်၊ ထပ်မေးဖို့လည်း မဝံ့ရဲ၊ ရေလာမြောင်းပေးဖြစ်မှာ မေနှင်းစိုးရိမ်ပါသည်။ ဆရာမအစား မေနှင်းဟု အခေါ်အဝေါ်ပြောင်းသွားသည်ကိုတော့ သတိထားမိသည်။ ဒီလောက်အထိ နူးညံ့သဘောကောင်းလာသည်ကိုပဲ မေနှင်းဝမ်းသာရသည်။ တကယ်ဆို အရပ်ကြီးထောင်ထောင်မောင်းမောင်းရှိသလောက် စကားပြောတိုတောင်းလှသူဖြစ်၍ သူနှင့် စကားပြောလျှင် မေနှင်းလန့်နေရသည်။ မေနှင်းရောက်စက အဖြစ်အပျက်တစ်ခုကိုလည်း မှတ်မှတ်

ထင်ထင်ရှိနေသေးသည်။ ရောက်ပြီး နှစ်ပတ်အကြာ ပင်လောင်းဆေးရုံသို့ မေနှင်းအစည်းအဝေးတက်ရသည့်နေ့ဖြစ်သည်။ ထိုနေ့က ခရီးစဉ် မကျွမ်းသော မေနှင်းကို ဆရာက သူ့ဆိုင်ကယ်ဖြင့် လိုက်ခဲ့ရန်ခေါ်သည်။ မငြင်းသာ၍ မေနှင်းလည်း ခေါင်းညိတ်ခဲ့သည်။

"သေချာထိုင်နော်ဆရာမ၊ တောင်ပေါ်လမ်းက အတက်အဆင်းများပြီး ကြမ်းလည်းကြမ်းတယ်"

ဆိုင်ကယ်စီးစဉ်မှာ ထိုစကားကို ဝတ္ထုရေးအရပြောသည်အထင်နှင့် မေနှင်းအမှတ်တမဲ့ စီးလာခဲ့သည်။ ထီရွှေးညံပင်လမ်းက ကျောက်ခင်းလမ်းလည်းဖြစ်၊ အတက်အဆင်းလည်းများသည်ဆိုသော်လည်း အခြေအနေမဆိုးလှသေး။ ပင်လောင်းအဝင်မှာတော့ တကယ့်ပြဿနာနှင့် မေနှင်းတိုးရသည်။ ပင်လောင်းမြို့သို့ တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသေးသော မေနှင်းက ပင်လောင်း အဝင်လမ်းအနေအထားကို သတိမမူခဲ့။ ဆရာက သတိပေးရှာသည်။

"သတိထားကိုင်နော်ဆရာမ၊ လမ်းက မတ်လွန်းတယ်"

ထုံးစံအတိုင်း သတိပေးသည်ထင်ပြီး ကျွန်မမျက် ထိုင်လိုက်လာခဲ့သည်။ ရုတ်တရက် ဆိုင်ကယ်ထိုးဆင်းလိုက်မှ မေနှင်းလန့်ဖျပ်သွားပြီး လက်တစ်ဖက်က ဆွဲမိဆွဲရာဆွဲ၍ လူကလည်း ဆရာ့ကိုယ်ပေါ်သို့ ပုံကျသွားခဲ့သည်။

"တွေ့လား၊ သေချာကိုင်လို့ ပြောရဲ့သားနဲ့"

ကလေးတစ်ယောက်ကို မာန်သလိုမျိုးပြောလိုက်၍ မျက်နှာတစ်ခုလုံး ပူနွေးဖိန်းရှိန်းပြီး ငိုချင်စိတ်လည်း ဖြစ်သွားခဲ့သည်။

ဆိုင်ကယ်ပေါ်မှ ပြေးဆင်းချင်စိတ်ပင် ပေါ်လာ၍ မေနှင်းစိတ်ကို အတော်ကြီး ချုပ်တည်းထားရသည်။ လမ်းပြေလျှောသွားချိန်မှာ ဆိုင်ကယ်အရှိန်သပ်ပြီး ဆရာမေးသည်။

"လန့်သွားလား"

တိုတိုတောင်းတောင်းမေးလာသူကို ရုတ်တရက် ဘာဖြေရမှန်း မသိ။

"လမ်းက ဒီလောက်ကြီးမတ်စောက်မယ်မထင်လို့ပါ"

ရယ်သံဖွဖွကို ကြားရ၍ မေနှင်းစိတ်သက်သာရာ ရသွားခဲ့သည်။

"ကျွန်တော်သတိပေးတယ်လေ၊ ဆရာမက အားနာနေတာ ကိုး၊ နောက်ဆို အားမနာပါနဲ့၊ ရဲရဲသာစီးပါ၊ ကျွန်တော်လည်း ဆရာမ လန့်ပြီး ပြုတ်ကျသွားမလားလို့ စိုးရိမ်လိုက်ရတာ၊ ဆိုင်ကယ်ကလည်း ရပ်လို့မရဘူး၊ သူ့ဟာသူ့အရှိန်နဲ့ထိုး ဆင်းနေတာ၊ ရပါတယ်၊ မြို့ထဲရောက်ရင် အမောပြေ လက်ဖက်ရည်တိုက်မယ်၊ ဝက်သားပေါင်းလည်း ဝယ်ကျွေး မယ်"

ဒီလိုတော့လည်း သဘောကောင်းသားဟုတွေးရင်း မေနှင်း စိတ်ဖြေ ခဲ့ရသည်။ တကယ့်ကို အမှတ်တရအဖြစ်ပါပေ။

"ဟာ မေနှင်းရေ ရှေ့မှာကြည့်ဦး"

ရှေ့မှသွားနေသော ဆရာက ရုတ်တရက်ပြောလိုက်၍ မေနှင်းရှေ့ ကို မျှော်ကြည့်လိုက်သည်။ ရောက်လုပြီဟု ထင်ထားခဲ့သမျှ မြင်ကွင်း ကိုကြည့်ရင်း အမောမပြေဖြစ်သွားရသည်။ ယခင်တစ်ခေါက်

သောခေါ်က အိမ်ခြေစုစုရုံးရုံးလေးများ တစ်အိမ်မှ မရှိတော့ပြီ။ ခြေကွက်လပ်ကြီးနှင့် အိမ်ဖျက်ထားသည့် အစအနများသာ တွေ့လိုက်ရ၍ ခြေကုန်လက်ပန်းကျသွားခဲ့သည်။

"ဘယ်လိုဖြစ်တာလဲဆရာ"

မေနှင်းနားမလည်၍ မေးဖြစ်လိုက်သည်။ဆရာက ခေါင်းကို မသိသော ခါယမ်းရင်း ပတ်ဝန်းကျင်ကို မျက်စိကစားလိုက်သည်။ သွယ်ထားသည့် ဆေးပုံးကြီးကိုလည်း မြေပြင်မှာချသည်။ ဆရာ့အပြုအမူကြောင့် မေနှင်းခြေထောက်တွေ ရွေ့မရအောင် အားအင်တွေ ကုန်ခမ်းသွားခဲ့သည်။ ကံကောင်းထောက်မစွာ တစ်ခေါ်သောက်ဝေးသည့် အရပ်မှာ ဝါးခုတ်နေသော လူတစ်ယောက်ကို တွေ့၍ ဆရာက ပအိုဝ်းဘာသာဖြင့် လှမ်းခေါ်လိုက်သည်။

မေနှင်းတို့ကိုတွေ့၍ ထိုသူမျက်နှာ ဝင်းလက်သွားပြီး မေနှင်းတို့ရှိရာ အပြေးလာသည်။ အနားရောက်ခိုက်ဆရာနှင့် အပြန်အလှန် စကားပြောကြသည်။ ပအိုဝ်းရွာမှာ အနေကြာ၍ ဆရာက တိုင်းစကားကို လုံးစေ့ပတ်စေ့နားလည်ပုံရသည်။

"ကဲ, မေနှင်းရေ့ တို့ ကံကောင်းပြီ၊ သူတို့တောင်အောက် ပြောင်းသွားပြီတဲ့၊ ပြီးခဲ့တဲ့ တစ်လက သူ့ကလေးဝမ်းလျှောတာကို တို့ကုပေးသွားလို့ တို့ကို ကျေးဇူးဆပ်ချင်လို့ သွားရှာတယ်တဲ့၊ နောက်လည်း တောင်အောက်မှာပဲအပြီး နေတော့မယ်ဆိုပြီး အိမ်တွေပါ ဖျက်ရွှေ့သွားတာတဲ့၊ ကျန်းမာရေးအတွက် တောင်အောက်က ကောင်းတယ်တဲ့လေ"

လာရင်းကိစ္စ အဆင်မပြေသည်ကို မေ့သွားလောက်အောင် ဆရာ့ အသံကချိုရွှင်နေသည်။ မျက်နှာအမူအရာမှာလည်း ရွှင်လန်း တက်ကြွနေ၍ မေနှင်းဆရာ့မျက်နှာကို ကြည့်ရင်း အံ့သြရသည်။

"မေနှင်းတို့အလုပ်မပြီးသေးဘူးမဟုတ်လားဆရာ၊ သူတို့ အခု တောင်အောက်ဆင်းသွားပြီဆိုတော့ မေနှင်းတို့ ဘယ်ကို လိုက်ရမလဲ"

မေနှင်း မျက်နှာကို ဆရာကြည့်ရင်း နှစ်နှစ်ခြိုက်ခြိုက်ပြုံးသည်။

"ကလေးဆန်လိုက်တဲ့ချာတိတ်မ၊ ဘယ်ကိုမှ လိုက်စရာမလို တော့ဘူး၊ သူတို့ တို့ဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာ တော့မှာ၊ ကာကွယ်ဆေးဆိုတာထက် သူတို့ အတွက် အခုလို ကျန်းမာရေးအသိလေးရသွားတာ ကိုယ်တို့ကျန်းမာရေး ဝန်ထမ်းတွေအဖို့ နည်းတဲ့အောင်မြင်မှုလား၊ ပျော်စရာ ဘယ်လောက်ကောင်းသလဲ"

မေနှင်း ဆရာ့မျက်နှာကို ပြန်ကြည့်လိုက်သည်။ ဒီတစ်ကြိမ်အကြည့် မှာ အဓိပ္ပာယ်များစွာ ပါဝင်နေမှန်း ဆရာနားလည်နိုင်ပါ့မလား မသိ။ ထိုခဏတစ်တောလုံး၊ တစ်တောင်လုံး သင်းပျံ့သွားသည့် ရနံ့လေးတစ်ခုကို မေနှင်းရသည်။ ထိုရနံ့က . . . . . . . .။

* * * * *

## "စေးပို့စက်"

စက်မောင်းထား၍ မွစာတက်နေသော မြေကြီးကို ပေါက်ပြား တစ်လက်ဖြင့် မြောင်းဆွဲနေသော "နန်းရွှေရည်" တစ်ယောက် ငိုက်မြောင့်မြောင့် မလှုပ်နိုင်ဘဲ တဖူထင်း ကျောက်ပင်လုံးဘက် မကြာခဏ လှမ်းမျှော်ကြည့်နေမိသည်။

"မြောင့်မြောင့်ဆွဲပါဟဲ့၊ မြေထောက်လည်း ဆွဲမိပါဦးမယ်"

ဘေးချင်းယှဉ်ဆွဲနေသည့် နန်းမြမေက မျက်စောင်း ရွယ်ရင်း ပြော၍ နန်းရွှေရည် ရှက်ရယ် ရယ်လိုက်မိသည်။

"တကတည်း၊ အဖြစ်သည်းလိုက်တာလဲလွန်ရော"

"မကဲ့ရဲ့ပါနဲ့နော်၊ သူ့လိုပူစရာမရှိရင်တော့ ဟုတ်တာပေါ့" ရှက်နေသည့်ကြားမှပင် နှုတ်တုံ့ပြန်လိုက်သေးသည်။ မျက်လုံးများ က သူ့အလိုလို ရောက်သွားသည့်အဖြစ်ကိုတော့ နန်းမြမေ နားလည်မည်မထင်ပေ။ နန်းမြမေက အပူသောကလည်းရှိသူ မဟုတ်၍ ကိုယ်ချင်းစာဖို့ခက်မည်။ မိဘများက ပြည့်စုံသည့်အပြင် သူ့လူက ဘုရားဖြူဘက်မှာ လိမ့်မွှော်ခြံရှိသည်။ စီးပွားရေး မပူရသည့် အပြင် နှစ်ဦးနှစ်ဖက် ညှိနှိုင်းပြီးလည်းဖြစ်၍ နောက်ဆံငင်စရာ

မရှိ၊ ကိုယ့်မှာသာ အဘက်ဘက်က လိုအပ်ချက်များရှိနေ၍ ပူပင်ကြောင့်ကြရှိနေရသည်။

ညကပဲ နှစ်ယောက်သား အခြေအတင်ပြောဖြစ်ကြသေးသည်။ ညဉ့်ဦးက အမေနှင့်သား၊အဖိနှစ်ယောက် ထမင်းစားပြီးဖြစ်၍ စကားစမြည်ပြောနေဆဲ ခွန်ထီးရောက်လာသည်။ အမေကရှောင်ထွက်သွားသည်မဟုတ်သော်လည်း စကားဝိုင်းနှင့်ဝေးရာထသွားသည်။

"မေးသွားဦးမယ်ဟော၊ စကားပြောနှင့်ကြဦး"

ပါးစပ်ကပြောပြီး ဖိနပ်ရှင်ပီသစွာ အခါးရည် အိုးချလိုက်၊ အမြည်းပန်ကန်လေးချလိုက်ဖြင့် စကားဝိုင်းကို နားစွင့်နေဟန်တူသည်။ တစ်ဦးတည်းသော သမီးနန်းရွှေရည်ကို အမေစိတ်မချ

ဖြစ်နေဟန်သည်။ ခွန်ထီးဆိုသူကလည်း အမေစိတ်ချစရာ

လူမဟုတ်မှန်း နန်းရွှေရည်သိပါ၏။ သို့သော်လည်း စိတ်ဆိုသည်က

ခက်သည်။ ကိုယ်လိုသူလို မပြည့်စုံသည့်ခွန်ထီးကိုမှ မေတ္တာ

နေမိသည့်အဖြစ်။ ခွန်ထီးက လှပ်ရည်ကြဲရည်လေးရှိသည်မှလွဲပြီ

စီးပွားရေးအခြေအနေက တောင့်တောင့်တင်းတင်းရှိလှသည်

မဟုတ်။ နန်းရွှေရည်နှင့် သူမသာ ကိုယ်မသာ အနေအထားထဲက

ဖြစ်သည်။ ခြေခြေမြစ်မြစ်မရှိလှ၍ အမေစိတ်ပူနေပုံရသည်

နှစ်ယောက်ကြားမှာ ဒိုင်မာသည့် အခြေအနေတစ်ခုကရှိပါ၏

ထိုအရာကား သံယောဇဉ်။

"နေ့လယ်က ဝေဒိုကပြောတယ်၊ နင့်ကောင်မလေး ဖား

အခင်းမှာ တွေ့တယ်တဲ့"

ခရိုးရောက်မဆိုက် ခွန်ထီးပြော၍ နန်းရွှေရည် လုစ်ခနဲ ဝမ်းသာမိသည်။ သူ့အစ်ကိုခွန်ဦး၏ မျက်နှာတည်ကြီးကို နန်းရွှေရည် လန့်သည်။ နန်းရွှေရည်ကိုတွေ့လျှင် မျက်ခနဲကြည့်တတ်ပြီး နှုတ်ဆက်သည်လည်းမရှိ၍ ခွန်ထီးနှင့်ကိုကိုစွ သဘောမကျသလားဟု မကြာခဏတွေးမိသည်။ နန်းမြမေကတော့ ပြောသည်။

"သူကရော ဘာမှိုလဲ၊ ခွန်ဦးက သဘောမကျတာဟုတ်မယ် မထင်ပါဘူး၊ ဖူးစေကောင်မလေးဆိုပြီး ကြည့်တာနေမှာပေါ့"

သူပြောတော့ နန်းရွှေရည် စိတ်သက်သာရာရခဲ့သည်။ အခုလည်း ခွန်ထီးကို ပြောသည်ဆိုလျှင် သူ မကျေနပ်သည်တော့ မဟုတ်တန်ရာ။

"အဖာကလည်းပြောတယ်၊ ဒီနှစ်နင်တို့ယူလိုက်ကြတော့တဲ့"

"ဟုတ်လား၊ အဖာကတောင်ပြောသလား"

ခွန်ထီးပြုံးလျက် ခေါင်းညိတ်သည်။ သူ့မှာလည်း အဖေအစ်ကိုနှစ်ယောက်သာ ရှိသူဖြစ်၍ ဒီနှစ်ယောက်က ကျေကျေနပ်နပ် ရှိပြီဆိုသည့်နောက် အစစအရာရာ အဆင်ပြေကြီး မဟုတ်သည့်တိုင် ဆွေမျိုးကိုစွက ပြီးပြီဖြစ်သည်။ အမေကတော့ ဘာတစ်ခုမှ ပြင်းပြင်းထန်ထန် ပြောဆိုတားမြစ်သည်မရှိ။ အဖေမရှိသည့်နောက်ပိုင်း အမေကိုယ်တိုင်လည်း ရင်ကျပ်ရောဂါသည်ဖြစ်၍ အိပ်ရာထဲလှဲတစ်ချက်၊ ထိုင်တစ်ချက်နေလေ့ရှိသူ။ အေးလွန်းသော အရပ်ဒေသဖြစ်၍ ဆယ့်နှစ်ရာသီမီးဖိုထားလေ့ရှိသော အလေ့အထက အမေတို့လို အသက်အရွယ်ကြီးသူများကို ရင်ကျပ်ရောဂါ

ဖြစ်စေတတ်သည်။ အမေက ကိုယ်ဝေဒနာနှင့် ကိုယ်ဖြစ်၍ ထွေထွေထူးထူးမပြောလှသော်လည်း ခွန်ထီးကိုတော့ အကဲခတ်ချင် ပုံရသည်။ ဘိုးဘွားပိုင်အခင်းလေးကို ဓားမဦးချ လုပ်နိုင်မည့်သူ၊ ရွှေရည့်အပေါ် အမှန်တကယ် စုံမက်မည့်သူ ဖြစ်စေချင်ပုံရသည်။

"အဖကရော၊ ဝေးခိုကရော ဒီနှစ်တပေါင်း အာလူးသီးရင် ဖြစ်စေချင်ပုံရတယ်"

"အို"

ထိုစကားကို ရှက်စနိုးဖြစ်ရသော်လည်း ပျော်သည်ကတော့ အမှန် ဖြစ်သည်။ မီးရောင်အောက်မှာ ရွှေရည်မျက်နှာ အပျော်ရိပ်ကို သူဖမ်းမိသွားသည်လား မပြောတတ်။ ခွန်ထီးမျက်နှာလည်း အလိုလိုပြုံးလာသည်။

"ယူတာတော့ ဟုတ်ပါရဲ့၊ မနှစ်ကလို ဆီးကျများပြီး အာလူး မသီးရင် ဘယ်လိုလုပ်မလဲ"

"တပေါင်းသီးက ဆီးမကျပါဘူး၊ ပေါင်းရမှာပါ"

နန်းရွှေရည် မျက်နှာပူလောင်သွားသည်။ ခွန်ထီးစကားက ဘာကြီးလဲ။ မပေါင်းရမည့်အရေး တွေးပူသည်ဟု ထင်နေပြီလား မသိ။ တကယ်တော့ တစ်ခါတစ်ရံ ဖြစ်လေ့ဖြစ်ထရှိသည့် အခါမဲ့ နှင်းကျလွန်၍ အာလူးမသီးသည့်အဖြစ်ကို သတိရ၍ ရွှေရည် ပြောခြင်းဖြစ်သည်။ အေးသောလများမှာ အာလူးပိုထွက်လေ့ ရှိသော်လည်း ဆီး (နှင်း) ကျများသော နိုဝင်ဘာ၊ ဒီဇင်ဘာလ များမှာ အာလူးစိုက်၍ မဖြစ်သည်ကိုလည်း သိနေ၍ အစိုးရိမ် လွန်နေခြင်းဖြစ်သည်။

"မပေါင်းရမှာစိုးလို့ မဟုတ်ဘူးနော်၊ ဒီက အဆင်မပြေဖြစ်မှာ
စိုးလို့ ပြောတာ"

ခွန်ထီး ရယ်ချင်နေသည့် မျက်နှာကြီးက အသည်းယားစရာ။ ငါသိပါတယ်ဟု တီးတိုးပြောလိုက်သော်လည်း ရွှေရည့်ကို နောက်ပြောင်နေသလိုထင်ရသည်။

"မနှစ်ကလည်း ဒီလိုပဲဟာ၊ မိုးတွင်းကြီးမှာ အပင်တွေမည်းပြီး
မှို့စွဲကုန်တာ မသိဘူးလား"

အရှက်ပြေထပ်ပြောဖြစ်သည့် ရွှေရည်စကားက တကယ်လည်း မှန်သည်။ လွန်ခဲ့သည်နှစ်က မိုးရာသီမှာ အာလူးပင်တွေ မှို့စွဲသည်ဆိုကာ အပင်များမည်းပြီး ညှိုးရော်ကုန်၍ အတော်များများ ပျက်စီးကြသည်။

"ဒါလည်း ဆေးဖျန်းလို့ရပါတယ် ရွှေရည်ရယ်၊ ပူမနေပါနဲ့
သုံးလတစ်ကြိမ် စိုက်လို့ရတဲ့ ဒီအာလူးက တစ်ကြိမ်မဟုတ်
တစ်ကြိမ် ကောင်းဦးမှာပါ၊ ပူနေလိုက်တာ၊ နင့်အမေတောင်
ဒီလောက်ပူမှာမဟုတ်ဘူး၊ စိတ်ချ ငါနင့်အတွက် အဆင်ပြေ
အောင် ကြိုးစားမှာ"

ရွှေရည်နှုတ်ခမ်းစူလိုက်မိသည်။ ဒီတစ်ကြိမ်မှာတော့ မျက်စောင်း မရွယ်မိ၊ နင့်မျက်စောင်းထိုးတဲ့အခါတိုင်း ငါ့ရင်ဘတ်ကြီးထဲက အောင့်အောင့်သွားတယ်ဟူသည့် ခွန်ထီးစကားကို သတိရ၍ ဖြစ်သည်။

"အခါတွေ၊ ရာသီတွေ ဘာပဲပြောင်းပြောင်း၊ မပြောင်းဖို့က
နင်နဲ့ငါပဲ"

ခွန်ထီးစကားက ရွှေရည့်စိတ်ကို ဆွပေးသလိုဖြစ်နေသည်။

"မပြောင်းလဲရအောင်၊ ငါ့မှာ နင်ကလွဲပြီး ကြိုက်စရာရှိလို့လား"

စိတ်ဆိုးမာန်ဆိုး ရွှေရည်ပြောတော့ ခွန်ထီးတဟားဟား ရယ်သည်။ ရယ်သံကျယ်လွန်း၍ အမေပင် လှမ်းကြည့်လာသည်။

"ဟိုမှာ အမေကြည့်နေပြီ၊ နင်ဘယ်လိုဖြစ်နေတာလဲ"

ခွန်ထီးမျက်နှာပိုးသတ်သည်။ အမေ့ကိုတော့ သူလေးစားပုံရသည်။ ရွှေရည်တို့ ရပ်ဓလေ့၊ ရွာဓလေ့အရ လူငယ်ချင်း ကျွမ်းဝင်ရင်းနှီးလျှင် မိဘမောင်ဖွားရှေ့မှာပင် စကားပြောခွင့်ရှိသည်။ သို့သော်လည်း ရှိသေလေးစားမှုတော့ ရှိကြသည်။

"ဘာပဲဖြစ်ဖြစ်၊ ဒီနှစ်တော့ နင်နဲ့ငါ နီးရအောင်ကြိုးစားမှာပါ။ လောင်မီးပိုးပဲကျကျ၊ ဆီးပဲကျကျ ငါပိုက်ဆံရအောင် ကြိုးစားမယ်"

"ပိုက်ဆံရအောင်ဆိုပြီး အရမ်းလျှောက်မလုပ်ပါနဲ့၊ မင်္ဂလာဆောင်တာက ဘယ်လိုဖြစ်ဖြစ်ရတာပဲဟာ၊ ညနေဘက်လက်ဖက်ရည်တိုက်၊ မုန့်လေးကျွေးပြီး ဆောင်လိုက်ရင် ပိုက်ဆံလိုမှာတဲ့လား"

ခွန်ထီး မျက်နှာညှိုးသွားသည်။ သူ့ကို အထင်သေး၍ ဒီစကားမျိုး ပြောသည်ထင်နေလားမသိ။

"မင်္ဂလာဆောင်တယ်ဆိုတာ ဘယ်လိုဆောင်ဆောင်ရမှန်း ငါလည်း သိပါတယ်၊ ဒါပေမဲ့ နင့်ကို အများနည်းတူ ဖြစ်စေချင်တဲ့ ငါ့စေတနာပါ"

နေ့စတနာစကားဟု နားလည်ရင်း ရင်ထဲနွေးသွားရသည်။ အမေ ရှိနေလို့ပေါ့။ ခွန်ထီးလက်မောင်းတုတ်တုတ်ကြီးကို ဖွဖွ ထုရင်း ကျေးဇူးရှင်ကြီးဟု ပြောလိုက်ချင်သည်။

"ဝက်သားကျွေးပြီး မင်္ဂလာဆောင်နိုင်အောင် ငါကြိုးစားမယ် နင်ငါ့ကို ယုံတယ်မဟုတ်လား"

ခေါင်းညိတ်ပြဖို့ အားနာနေခဲ့သည်။ တောင်ပေါ်မှာ မင်္ဂလာပြု သည့်ကိစ္စက ဆန်းပြားလှသည်တော့မဟုတ်။ မင်္ဂလာဆောင်ကို စရိတ်အကုန်အကျများများစားစား သုံးလေ့မရှိ။ မင်္ဂလာဆောင် စရိတ်အစား တစ်ဖိုးတစ်အိမ် ထူထောင်ရေးအတွက် အရင်းအနှီး လုပ်တတ်ကြသည်။ ဆွေမျိုး၊ မိတ်သင်္ဂဟအနည်းအများပေါ် မူတည်၍ ဝက်သား၊ ငါးဟင်းစသည်ဖြင့် ဟင်းကောင်းကျွေး ကောင်းချက်ပြီး ဧည့်ခံလိုက်လျှင် မင်္ဂလာဆောင်ကိစ္စပြီးပြီ။ ဒါမှမဟုတ် စရိတ်အကုန်အကျကျဉ်းလို၍ ညနေပိုင်း လက်ဖက်ရည် မုန့်တို့ဖြင့် ဧည့်ခံလိုက်လျှင်လည်း မင်္ဂလာကိစ္စပြီးမြောက်သည်။ နေရေး ထိုင်ရေးက နှစ်ဖက်မိဘအဆင်ပြေသူထံမှာ လိုက်နေခွင့်ရှိ သည်။

"ငါသွားမယ်၊ နက်ဖြန်မောင်ထုနဲ့ နှစ်ယောက် ကျောက်တွင်း သွားမယ် ပြောထားတယ်။ ဘုရားဖြူလမ်းခွဲနားက ကျောက် ဆောင်မှာ တွင်းမှာ"

"ကျောက်တွင်းပြီး ဘာလုပ်ဦးမလို့လဲ"

မကြားစဖူးဖြစ်၍ ရွှေရည်မေးလိုက်သည်။

"ဘာလုပ်ရမလဲ၊ မောင်ထုက သူ့အိမ်ဆောက်ဖို့အတွက် အုတ်ရိုက်မယ်၊ ငါက သူ့ကို ကူဖို့နေတာပေါ့"

သူတစ်ကြိမ်တစ်ခါမျှ မလုပ်ဖူးသော အလုပ်ဖြစ်၍ စိတ်မကောင်းဖြစ်မိသည်။ ဘာဖြစ်လို့လုပ်တာလဲဟု မမေးရက်သော်လည်း ရွှေရည့် မျက်နှာအရိပ်အကဲကို သူနားလည်ပုံရသည်။

"ငါက ယောကျာ်းပဲ၊ နွံ့ကြောက်တဲ့ ကျွဲရယ်လို့ဘယ်မှာ ရှိပါ့မလဲ၊ ဒီလောက်ကတော့ လုပ်ရမှာပေါ့"

နိုးရှင်းသော စကားကို တိုတိုတုတ်တုတ်ပြောသော်လည်း ဖြေသိမ့်စကားဟု နားလည်လိုက်သည်။ ထိုခဏ တစ်ယောက်ကို တစ်ယောက် အချိန်အတော်ကြာ ငေးကြည့်နေမိကြသည်။ သူပြန်သွားတော့လည်း ရွှေရည် တော်တော်နှင့် အိပ်မပျော်။ ခွန်ထီးမျက်နှာသာ အဖန်တလဲလဲမြင်ယောင်ရင်း အိပ်ရာထက်မှာ တလူးလူးတလိမ့်လိမ့် ဖြစ်ရသည်။ နံနက်မိုးလင်း၍ ထော်လာဂျီသံကြားမှ အိပ်ရာမှ လူးလဲထပြီး လိုက်ခဲ့ရခြင်းဖြစ်သည်။

"နင့် လူကျောက်ထွင်းသွားလား ရွှေရည်"

နန်းမြမေ အမေးစကားကြောင့် နန်းရွှေရည်အတွေးရပ်သွားသည်။

"အေးလေ၊ ဒါကြောင့် ငါစိတ်ပူနေတာပေါ့"

"ပင်ပန်းမှာနော်"

"ပင်ပန်းတာပေါ့ဟယ်၊ ကျောက်သား အမာကြီးကို အမှုန်ဖြစ်အောင်ထွင်းရတာ လွယ်တာမှ မဟုတ်တာ"

သဘာဝဖြစ်သော ကျောက်တောင်ကြီးများကို ကျောက်မှုန်ဖြစ်အောင်ထွင်းပြီး ထိုကျောက်မှုန်ကို ထုံး၊ ရေတို့ဖြင့် သမအောင်

မွေ့ပြီး လက်လှည့်စက်ဖြင့် အုတ်ရိုက်ကြသည်က ရွှေရည်တို့အရပ်မှာ လုပ်ငန်းတစ်ခုလိုဖြစ်နေသည်။ ထိုအုတ်ဖြင့် တစ်နယ်လုံး အိမ်ဆောက်ကြသည်။ ဘိလပ်မြေကလည်း တိကျစ်မှာပင် အလွယ်တကူရ၍ ရွှေရည်တို့ တစ်နယ်လုံး အုတ်အိမ်များသာ အဆောက်များကြသည်။

"စိတ်ပူစရာတော့ မရှိပါဘူးဟယ်၊ လူတိုင်းလုပ်နေကြတာပဲ" နန်းမြမေပြောတာလည်း မှန်သည်။ ညံပင်နှင့် ထီရွေး၊ ထီရိုင်ကြားလမ်းတစ်လျှောက်မှာရှိသည့် ကျောက်တောင်ကြီးတွေမှန်သမျှ ကျောက်ထွင်းသမားများ လက်ချက်ဖြင့် ဂလိုင်ကြီးများပင်ဖြစ်နေသည်။ ညံပင်နှင့် နောင်တရားကြားမှာတော့ လက်လှည့်အုတ်လုပ်ငန်းများရှိသည်။ နန်းမြမေပြောမှ ရွှေရည်စိတ်တွေ ပေါ့ပါးသွားသည်။ ယောက်ျားပဲလေ၊ လုပ်ရမှာပေါ့ဟု ဖြေတွေးလိုက်သည်။

* * * * *

တောင်ခြေယာခင်းများဆီမှ မီးခိုးငွေ့တလူလူကို ကြည့်ရင်း ခွန်ထီးစိတ်တွေ ပျံ့လွင့်နေသည်။ အောက်ဘက်လျှိုကြီးအတွင်းမှ ကျွဲခလောက်သံ ဂလောက်ဂလက်ကလည်း တစ်ခါတစ်ရံ ကျောက်ထွင်းသံကိုပင် ကျော်လွှမ်းလာသည်။ အဝေးမှာမြင်နေရသည့် အနီတစ်ကန့်၊ အစိမ်းတစ်ကန့် လယ်ကွက်များမှာတော့ လူစုစုကို တွေ့နေရသည်။ ထိုလူစုထဲမှာ ရွှေရည်ပါနေသည်လားမသိ။ ရာသီမရွေး အလုပ်နှင့်လက် မပြတ်အောင် လုပ်ကိုင်နေရသော်လည်း ပင်ပန်းသည်ဟု ညည်းညူလေ့မရှိသော ချစ်သူ

လေးကို ခွန်ထီးသနားလှန်းသည်။ အတူနေခွင့်ရသည့် အချိန်မှာ အတတ်နိုင်ဆုံးဖြည့်ဆည်းနိုင်ဖို့ သူကြိုးစားမည်။ ရွှေရည်က အခြားမိန်းကလေးများလို အတွေအထူး တောင်းဆိုတာမျိုး မရှိသော်လည်း သူ့စိတ်က အလိုလိုဖြည့်ဆည်းပေးချင်နေမိသည်။ ဖြစ်နိုင်လျှင် ရွှေရည့်ကို လိုလေသေးမရှိ သူထားပေးလိုသည်။ သူ့ခမျာ အမေတစ်ခု၊ သမီးတစ်ခု ဘဝဖြင့်အကြွမ်း၊ အနုအလုပ်မရွေးဘဲ လုပ်နေရှာ၍ အိမ်ထောင်သည်ဘဝမှာ ငြိမ်းငြိမ်းချမ်းချမ်းနေစေချင်လှသည်။ ညက အလည်သွား၍ နှစ်ယောက်သား စကားပြောကြစဉ် မျက်နှာငိုင်ငိုင်လေးပေါ်လျှားသွားတာ သတိထားမိသည်။ အခုတစ်လော အာလူးစိုက်ချိန်ဖြစ်၍ အခင်းတိုင်းမှာ နေ့စားလိုက်ပြီး ပေါက်တူးကိုင်နေရသည်။ သူ့ကိုယ်ပိုင်အခင်းလေးလည်းရှိ၍ ရွှေရည်တစ်ယောက် အလုပ်များနေပုံရသည်။ ခွန်ထီးကိုယ်တိုင်လည်း အားလပ်သည်မဟုတ်။ ကိုယ့်ရွာမှာ အလုပ်ပါးသည့်တိုင် အနီးအပါးရွာများမှာ သွားရောက်လုပ်ကိုင်နေရ၍ ရွှေရည်ကို အကူအပံ့မဖြစ်နိုင်ခဲ့။ ကိုယ့်အရပ်မှာ အလုပ်လုပ်ရသည်ကလည်း မိုးလင်းနေမြင်သည်နှင့် အလုပ်ခွင်ရောက်ပြီး နေဝင်ချိန်မှ ပြန်လာရခြင်းဖြစ်၍ ညအချိန်လေးသာ နှစ်ယောက်သား တွေ့ရသည်။

ကိုယ့်အရပ်၊ ကိုယ့်ဇာတိဖြစ်၍သာ မိဘမောင်ဖွားရှေ့၊ လည်ပတ်ခွင့်၊ စကားပြောခွင့်ရပြီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးတိုင်ပင်ခွင့်ရခဲ့သည်။ ရွှေရည်အမေ ဒေါ်နန်းကြည်က တစ်ဦးတည်း

သော သမီးကို အချစ်သည်းပုံရသည်။ လူငယ်သဘာဝချစ်ကြိုက်ခြင်းကို ချီးသည် ခါးသည် မပြောတတ်သော်လည်း နှစ်ယောက်သားတွေ့၍ စကားကျယ်ကျယ်ပြောလျှင်တောင် မျက်လုံးများက မကြာခဏ ရောက် ရောက်လာတတ်သည်။ ထိုအခါမျိုးမှာ လျှာကလေးထုတ်၊ ဇက်ကလေးပုသွားတတ်သော ရွှေရည်မျက်နှာလေးကကလေးဆန်ပြီး ချစ်စရာကောင်းလှသည်။ ညိုစိမ့်စိမ့်နှင့် အလှကြီးမဟုတ်သော်လည်း ခွန်ထီးမျက်လုံးထဲမှာတော့ ရွှေရည်လောက်လှသူမရှိ။ တွေးရင်းမှပင် ရွှေရည်မျက်နှာ ဝိုင်းဝိုင်းလေးက အာရုံထဲမှာ ဖျတ်ခနဲပေါ်လာသည်။

"ခွန်း"

"အား"

ရုတ်တရက် မျက်လုံးထဲမှာ အလင်းတန်းတွေဖြာထွက်သွားသည်။ ရွှေရည့်မျက်နှာလေးပင် ဘယ်ဆီလွင့်ပြေးသွားသည် မသိ။ လောကအားလုံးမှောင်အတိ။

* * * * *

"ရွှေရည်ရေ၊ နင့်လူခွန်ထီး ကျောက်ကွဲစမှန်လို့ ဆေးရုံတင်သွားရတယ်"

စကားလုံးများက အဆီအငေါ်မတည့်စွာ နားထဲရောက်လာသည်။ မောင်ထုမျက်နှာကို စေ့စေ့စူးစူးကြည့်လိုက်မိသည်။ မောင်ထုမျက်နှာက တောင်ထိပ်မိုးလို ညို့ညို့မှိုင်းမှိုင်း ရှိလှသည်။

"ရွှေရည် ငါပြောတာကြားလား"

မောင်ထုက မကြားသည်ထင်ပြီး ဒုတိယအကြိမ် ထပ်မေးသည်။
"ဘာဖြစ်တယ် ခွန်ထီးကျောက်ကွဲစမှန်တယ်ဟုတ်လား"
"ဟုတ်တယ်၊ သွေးတွေ အများကြီးပဲ၊ ထော်လာဂျီနဲ့ အခု နောင်တရားတင်သွားတယ်"
ခန္ဓာကိုယ်တစ်ခုလုံး လေထဲမြောသွားသလို ထင်ရသည်။ ဆုပ်ကိုင်ထားသော ပေါက်တူးရိုးပင် မြေပြင်ပေါ် လွတ်ကျသွားခဲ့သည်။
"ရွှေရည် သတိထားဦး၊ နင်လိုက်သွားချင်လား၊ ငါလိုက်ပေးမယ်လေ"
နန်းမြမေ စကားက နားထဲမဝင်၊ ယခုအချိန် ခြေလှမ်းရွေ့ရန်ပင် အားမရှိတော့။ သွေးတွေ အများကြီးတဲ့။ ဒဏ်ရာအနာတရနှင့် ခွန်ထီးမျက်နှာကို သူကြည့်နိုင်ဖို့ အင်အားမရှိတာ သေချာသည်။
"ရွှေရည်၊ ရွှေရည်"
နန်းမြမေ ဘယ်လိုထင်သည်မသိ။ ရွှေရည့်အမည်ကို ထပ်ခါ ထပ်ခါ ခေါ်နေသည်။
"ငါဘာမှမဖြစ်ပါဘူး"
ထိုစကားကို အားယူပြောဖြစ်သည်။ လယ်ကွက်ထဲမှာ ကြာကြာနေ၍ မရမှန်း ကိုယ့်ကိုယ်ကိုယ်သိသည်။ သူ့စိတ်တွေ ကသောင်းကနင်းနိုင်လှသည်။ အိမ်ကို ပြန်မှဖြစ်မည်။ နန်းရွှေရည် ခြေလှမ်းရွေ့ကြည့်သည်။ အလိုက်သင့်ပါလာသော ခြေထောက်ကို ကျေးဇူးတင်ရသည်။
"ရွှေရည် ဘယ်သွားမှာလဲ၊ ငါလည်းလိုက်မယ်"

နန်းမြမေက ထက်ကြပ်မကွာလိုက်သည်။ ထိုခဏ အခင်းရှင်၏ ယော်လာဂျီက အလိုက်သင့် ထိုးဆိုက်လာသည်။

“လာကြဟေ့၊ တို့အားလုံး ခွန်ထီးကို သွားကြည့်ကြရအောင်”

နန်းမြမေသာမက အဖော်အားလုံး ယော်လာဂျီပေါ် ကသုတ်ကရက် တက်ကြသည်။ အားလုံး အပေါ်ရောက်မှ နန်းရွှေရည်ကို ဆွဲတင်ကြသည်။ ယော်လာဂျီက အာလူးခင်းထဲမှ ထွက်ပြီး တောင်ပတ်လမ်းအတိုင်း တက်လာခဲ့သည်။ လမ်းတစ်လျှောက် မြင်ကွင်းအားလုံးက သဲသဲကွဲကွဲမရှိလှဘဲ စိမ်းတစ်လှည့် ဝါတစ်လှည့် ညိုတစ်လှည့်ဖြင့် ဖြတ်ကျော်လာသည်။ တဖူထင်း ကျောက်ပင်လုံနားအရောက် အသိစိတ်က အလိုလို နိုးဆွလာသည်။ ခွန်ထီးကိုယ်မှ ထွက်သည့် သွေးစ၊ သွေးနတွေများ ကျန်ခဲ့မလားဟု လှမ်းမျှော်ကြည့်မိသည်။ မြင်ကွင်းက ရှင်းလင်းနေပြီး ထွင်းထားသော ကျောက်မှုန်များမှလွဲ၍ ဘယ်လိုအရာမှမရှိ။

“ဝက်သားကျွေးပြီး မင်္ဂလာဆောင်နိုင်အောင် ငါကြိုးစားမယ်၊ နင်ငါ့ကို ယုံတယ်မဟုတ်လား”

ထိုစကားကို ပြန်လည်ကြားယောင်ခိုက် မျက်ရည်တို့ စိမ့်အိုင်ကျလာသည်။

“မငိုပါနဲ့ ရွှေရည်ရယ်၊ အခြေအနေက ဘာမှန်းမသိသေးပါဘူး”

နန်းမြမေက ပခုံးဖက်ပြီး နှစ်သိမ့်သည်။ သူပြောသလို အခြေအနေက ဘာမှန်းမသိသော်လည်း အမောတကောပြေးလာသည့် မောင်ထု၏

ညိုမှောင်မှောင်မျက်နှာ၊ သွေးတွေ အများကြီးပဲဆိုသည့် စကားနှင့် အမူအရာက ရွှေရည့်နှလုံးသားကို ဆုပ်ကိုင်ညှစ် ထားသလိုရှိသည်။ ထော်လာဂျီပေါ် ပါသူအားလုံးလည်း စကားမပြောနိုင်ကြ။ တဒုတ်ဒုတ်ထော်လာဂျီသံမှ လွဲပြီး ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသလို ထင်ရသည်။

ရွှေရည့်စိတ်ထဲကြာသလို ထင်ရသော်လည်း နာရီဝက် အတွင်း နောင်တရားရောက်လာသည်။ ဆေးရုံက မြို့အဝင်မှာ ဖြစ်၍ ထော်လာဂျီကို ရပ်ထားပြီး ဆေးရုံရှိရာကုန်းမြင့်ပေါ် တက်လာကြသည်။ နန်းမြမေက ရွှေရည်လက်ကို ဆုပ်ကိုင် ထားသည်။ အားတင်းတက်လာရသော်လည်း ရင်တွေတဆတ်ဆတ် ခုန်လှသည်။ ခွန်ထီးကို ဘယ်လိုပုံစံနှင့် တွေ့ရမလဲဟူသော အတွေးက ရွှေရည့်ကို ခြောက်လှန့်နေသည်။ အကယ်၍များ တစ်စုံတစ်ရာ ဖြစ်သွားခဲ့ပြီဆိုလျှင် ရွှေရည်အိမ်ပြန်နိုင်ပါ့မလား မသိ။ ခွန်ထီးအနားမှာပင် တစ်ဖဝါးမခွာ နေပစ်ချင်စိတ်သာ ရှိနေ တော့သည်။ပြောရင်းဆိုရင်း ဆေးရုံရှေ့မှာ လူတွေဝိုင်းအုံနေသည့် နေရာတစ်ခု၊ အချို့ငိုနေကြသည်။ လူတွေမသဲကွဲသော်လည်း အနက်ရောင် ဝတ်စုံအချို့တွေ့၍ ရွှေရည့်ခြေလှမ်းတွေ လေးကန် သွားခဲ့ပြီ။

"ငါမဖြစ်တော့ဘူးနော် မြမေ"

"အားတင်းပါ ရွှေရည်ရယ်"

နန်းမြမေလက်ကို ဆုပ်ကိုင်ထားသော ရွှေရည့်လက်တွေ ဖြေလျှော့ သွားခဲ့ပြီ။ ဖြစ်ရတယ် ခွန်ထီးရယ်ဟူသော စကားက ရင်ထဲမှာ

ပွဲတင်ထပ်မြည်နေသလို နှလုံးသားအစုံလည်း ပွဲကြွေသွားသလို ထင်ရသည်။ ရွှေရည်အားမတင်းနိုင်တော့။

"ဟဲ့ ရွှေရည်"

ခေါ်သံက နီးလိုက်၊ ဝေးလိုက်ဖြစ်နေသည်။ ဝိုးတဝါးမြင်ကွင်းမှာ ခေါင်းပေါင်းအဖြူနှင့် လူတစ်ယောက်။

"ခွန်ထီး၊ မင်းကွာ"

"ခွန်ထီး နင်ဟယ်ဖြစ်ရတယ်"

ရွှေရည်မျက်လုံးတွေ ရုတ်တရက်ပွင့်သွားသည်။ ခေါင်းပေါင်းဖြူနှင့် လူက ရယ်ပြနေသည်။ ဒါ ခွန်ထီးတဲ့လေ။

"ဘာဖြစ်တာလဲ ရွှေရည်"

"ဘာဖြစ်ရမလဲ နင့်ကြောင့်၊ နင့်ကြောင့်"

အားလုံးရဲ့ လက်တွေက ခွန်ထီးကျောပေါ် တဖုန်းဖုန်း၊ ရွှေရည် မရိုက်ရက်ပါ။ ခွန်ထီးနာသွားမှာ စိုးလှပါသည်။

"ငါသတိရတော့ မောင်ထုကို ပြောပါတယ်ဟာ၊ အားလုံး စိတ်ပူနေမယ်၊ သွားမပြောနဲ့လို့၊ ဒဏ်ရာက ဘာမှမဟုတ် ပါဘူး။ နေပူလို့ သွေးထွက်များတာပါ"

ခွန်ထီးက ရှင်းပြရင်း ရွှေရည်မျက်နှာကို ပြုံးပြုံးကြီး လှမ်းကြည့်နေ သည်။ ရင်ထဲ အေးချမ်းသွားသည်က ဆီးနှင်းတွေဆုပ်ပြီး မှိုချလိုက် ရသလိုရှိသည်။ အားလုံးက တစ်ယောက်၊ တစ်ပေါက်ပြောရင်း ခွန်ထီးကို ထုနေဆဲ၊ နန်းရွှေရည်က ခွန်ထီးမျက်နှာကိုသာငေးစိုက် ကြည့်နေမိသည်။ ခဏလေးဝေးတာတောင် ဒီလောက်ခံစားရရင် တစ်ဘဝလုံး ဝေးကြရင်ဖြင့် ခက်ရပြီပေါ့။ ခွန်ထီးရယ်ဟု စိတ်ယဲက အထပ်ထပ်ပြောနေမိတော့သည်။

## "ကိုရင်လေးရှက်"

မြေကြီးကိုသာ တူးနေရသည်။ ခွန်မင်းသွေး မျက်လုံးတွေက ချောင်းအပေါ်ဘက် လူသွားလမ်းကလေးကိုသာ ရောက်နေခဲ့သည်။

"ပေါက်တူးထိမယ်နော်၊ ဘောင်က ခြောက်လက်မအကျယ် တူးရတာ"

မလှမ်းမကမ်းမှ စောင့်ကြည့်နေသော မင်းသွေးအစ်ကို ခွန်လှအောင်က လှမ်းအော်ပြော၍ စိတ်တိုတိုဖြင့် စောင်ကြည့် လိုက်သည်။

"ငါသိတယ်ဟ၊ ဆရာလုပ်လွန်းတယ်"

မင်းသွေးထက် တစ်နှစ်စောပြီး ယာလုပ်ငန်းတွေ ကူလုပ်နေသည့် ခွန်လှအောင်က သူ့ကိုယ်သူ ဝါရင့်ယာသမားကြီးလို ပြောပြောနေ၍ မင်းသွေးစိတ်တိုလွန်းသည်။ နံနက်ကလည်း ဒီလိုပြောပြီးပြီ။ ဆရာမလေးဖြစ်သွား၍ ငေးကြည့်နေဆဲအသံဝါကြီးနှင့် လှမ်းအော်နေသည့်ပုံက တကယ့်ကို ဇိုက်တင်အပြည့်ဖြစ်သည်။

"ကြက်သွန်ဖြူစိုက်တာက မြောင်းဆွဲဖို့မလိုဘူး၊ ဘောင်ကျယ် ခွဲပြီး စိုက်ရတာ၊ ဘောင်က ခြောက်လက်မ အကျယ်ရှိရတာ၊

သူက ရေဝပ်တာ မကြိုက်ပေမယ့် ရေမပါလို့လည်း မရဘူး၊ ခဏ ခဏ ရေပက်ပေးရင် ကောင်းတယ်"

ဆရာမလေးကြားလျှင် အထင်ကြီးအောင် ပြောနေသည်ဟု ခွန်မင်းသွေးထင်သည်။ ဇီစကား၊ ဒီအကြောင်းအရာတွေကို မင်းသွေးမသိဘဲနေပါ့မလား။ မကြာသေးမီကမှ ကိုရင်လူထွက်ပြီး ပြန်လာသည်ဆိုသော်လည်း ဒီလိုတောင်ယာအလုပ်က မင်းသွေးတို့နှင့် စိမ်းလှသည်မဟုတ်။ သူကသာ မင်းသွေးကို သူငယ်နှပ်စားထင်ပြီး မကြာခဏ ဆရာလုပ်နေခြင်းဖြစ်သည်။ မင်းသွေးကို စကားပြောနေသော်လည်း သူ့မျက်လုံးများက ဆရာမလေးထံ ပါသွားမှန်းသိ၍ သူ့မှာလည်း နန်းရွှေ ချစ်ကြီးနဲ့ဟု မကြားတကြား ပြောလိုက်သေးသည်။ ခွန်လှအောင်က ယခုနှစ်အလုပ်သိမ်းချိန်မှာ နန်းရွှေ ချစ်နှင့် ယူကြမှာဖြစ်သည်။ ခွန်လှအောင်က နန်းရွှေချစ်တို့ဘက်မှာ လိုက်နေမည်ဖြစ်၍ အိမ်မှာကျန်ခဲ့မည့် ခွန်မင်းသွေးကို အလုပ်သင်နေခြင်းလည်းဖြစ်သည်။ ခွန်မင်းသွေးက သင်လို့သာသင်ရသည်။ တောင်ယာအလုပ်နှင့် စိမ်းလှသည်တော့ မဟုတ်။ ငယ်စဉ်ကတည်းက ဘိုးဘွားစဉ်ဆက် စိုက်ပျိုးလာကြသည်ဖြစ်၍ ဒီမြေ၊ ဒီရေ၊ ဒီအလုပ်တွေက ထမင်းစားရေသောက်ဖြစ်နေခဲ့သည်။ တစ်ခုပဲရှိသည်။ ပဲခူးမြို့ရှိ ပအိုဝ်းဘုန်းတော်ကြီးကျောင်းမှာ ငါးနှစ်ခန့်စာသင်သွားခဲ့သည်။ ထိုအရပ်မှာ အနေကြာ၍ မေ့ပျောက်သွားပြီအထင်နှင့် သင်နေသည်လားတော့ မပြောတတ်။ ပြန်ရောက်ပြီဆိုကတည်းက ခွန်လှအောင်က တစ်ပါတည်းခေါ်ပြီး သင်ပေးနေခဲ့သည်။

တစ်ခါတလေတော့လည်း ခွန်လှအောင်က စကားကောင်းကောင်း ပြောတတ်သေးသည်။

"ဖူဝေး၊ တို့မှာ အလုပ်ဆိုလို့ ဒါပဲရှိတာ၊ ဒါကို ကျွမ်းကျွမ်း ကျင်ကျင် မတတ်ရင် မင်းထမင်းစားဖို့ မလွယ်ဘူး၊ အဖာနဲ့ မေးကလည်း မင်းကို တစ်သက်လုံးကြည့်နေမှာ မဟုတ်ဘူး၊ အလုပ်ကိုကြိုးစား"

သူ့မိန်းမယူတော့မှာမို့ ညီဖြစ်သူကို စိတ်မချဖြစ်နေပုံရသည်။ ခွန်မင်းသွေးအတွက်က အပန်းကြီးလှသည်မဟုတ်ပါ။ လက်တွေ့ အခက်ကြုံနေသည်က ခွန်မင်းသွေးအတွက် အလုပ်ကိစ္စမဟုတ်၊ နှလုံးသားကိစ္စသာဖြစ်သည်။ မကြာသေးမီက သူတို့ရွာ ဆေးပေး ခန်းကို တာဝန်ကျလာသည့်ဆရာမလေး ယဉ်မြမာလာကို သူ သဘောကျနေခဲ့သည်။ ဆရာမလေးက ခွန်မင်းသွေးနှင့် အသက် မတိမ်းမယိမ်းဟု ထင်သည်။ ပဲခူးနယ်ဘက်မှ တာဝန်ကျလာသည် ဟု သိရသည်။ ခွန်လှအောင်က အခြေအနေကို ရိပ်မိပြီး မင်းသွေး ကို မထိတထိ စနေခဲ့သည်။

"မင်းဆရာမလေးက နန်းရွှေချစ်လောက်မလှဘူး၊ မျက်လုံး မှေးမှေးလေးနဲ့ အသားကလည်း ဖြူလိုက်တာ သွေးမရှိတဲ့ အတိုင်း"

ဆရာမလေးမျက်လုံးမှေးတာ ခွန်မင်းသွေးမသိ၊ မျက်တောင် ရှည်များ ပူးယှက်နေသည်ကိုတော့ သတိထားမိသည်။ ဖြူနုသော အသားအရေလေးမှာ လုံ့ခြည်နီနီလေးနှင့် လိုက်ဖက်သည့်ကိုလည်း သတိပြုမိသည်။

"နန်းရွှေချစ်လို့ အသားမမည်းတာတော့ သေချာတယ်"

ခွန်လှအောင်က ရယ်ချင်သော မျက်နှာကို မျက်နှာပိုးသတ်ရင်း မကြားဟန်ဆောင်နေသည်။ ညီအစ်ကို နှစ်ယောက်စနောက်ရင်း နေလုံးမြင့်သည်အထိ မြောင်းဘောင်ဖော်ကြသည်။ အလုပ်ပြီးချိန်မှာ ပေါက်တူးပစ်ချရင်း စမ်းချောင်းရေထဲ ခြေတစ်ဖက်စိမ်ကာ အနားယူဖြစ်သည်။ အေးစိမ့်သောရေ၏ အငွေ့အသက်က သွေးကြောထဲ စိမ့်ဝင်သွား၍ထင်သည်။ တစ်ကိုယ်လုံး အေးမြလန်းဆန်းသွားခဲ့သည်။

"ညနေတိုင်း ဟိုးဘက်ကမ်းမှာ သွားလုပ်ကြမယ်"

တစ်လုပ်ပြီး တစ်လုပ်ချိတ်ဆက်မိအောင် နိုင်းတတ်သော ခွန်လှအောင်ကို ဘုကြည့်ကြည့်ပြီး မကြားဟန်ဆောင်နေခဲ့သည်။ ထိုခဏ အတွေးထဲမှာ မျက်နှာလေးတစ်ခုပေါ်လာပြန်သည်။ သူတို့ ညီအစ်ကိုနှစ်ယောက် အလုပ်လုပ်နေသည့် ချောင်းစောက်ကမ်းပါး မှအဖြတ် မျက်လွှာလေးချသွားသည့် ဟန်အမူအရာလေးက မှတ်ပုံရိုက်ထားသလို စွဲထင်နေသည်။ ဖေးဖေးလဲလဲ အရပ်ဒေသမှ ကျလာသော ဝန်ထမ်းတစ်ဦးဖြစ်၍ စနောက်ခြင်းပြုလျှင် ဖားထု၏ အကြိမ်းအမောင်းကို ခံရဦးမည်။ ဆရာမလေးကိုလည်း သူ စကားပြောချင်လှသည်။ အလုပ်လုပ်ရသည့်အမောက ဒီလောက်ကြီးမဟုတ်။ ဆရာမလေးအကြောင်းကို တွေးရင်း စိတ်မောရသည့်အမောက အဆများစွာ ပိုမောသလိုထင်ရသည်။ ရွယ်တူအပေါင်းအဖော်များကိုလည်း မပြောရဲ၊ သူတို့အားလုံး

ကိုယ်စီရည်းစားရှိပြီးဖြစ်၍ ခွန်မင်းသွေးပြောလျှင် ဘုန်းကြီးလူထွက်၊ ခုမှ ဘာစိတ်ကူးပေါက်တာလဲဟု ပြောကြဦးမည်ထင်သည်။ အောက်ပြည်မှာ ကိုရင်လေးဘဝနှင့် နှစ်ရှည်လများ နေခဲ့ဖူးသည် ဖြစ်၍ အပေါင်းအသင်းအားလုံးက သူ့ကို ဘုန်းကြီးလူထွက်ဟု စနောက်ကြသည်။ မင်းသွေးနှင့် မတိမ်းမယိမ်း အသက်အရွယ်များ ဖြစ်သော်လည်း သူတို့အားလုံး လူကြီးစိတ်များဖြစ်နေကြသည်။ ဒီအရပ်မလေ့က အိမ်ထောင်ပြုခြင်းကို စောစောပြုလေ့ရှိ၍ အရွယ်ရောက်စပြုသည်နှင့် ကိုယ်နှစ်သက်ရာကို ရွေးချယ်ခွင့်ရှိကြသည်။ မိဘများဘက်မှလည်း အများအားဖြင့် ခွင့်ပြုပေးလေ့ရှိသည်။

ခွန်မင်းသွေးက ရွာမှာလည်း စိတ်ဝင်စားစရာ မိန်းကလေးများစွာ ရှိပါလျက် စိတ်လှုပ်ရှားခြင်းမရှိခဲ့ဘဲ ဆရာမလေးကို ဆုံတွေ့မှသာ မျက်စိရော နှလုံးသားပါ အံဝင်ခွင်ကျဖြစ်သွားခဲ့ရသည်။ အောက်ပြည်မှာ အနေကြာခဲ့၍ ထင်သည်။ မြေပြန့်သူ ဆရာမလေးကိုမှ ခွန်မင်းသွေး မျက်စိကျခဲ့သည်။

"မပျော်ရင်တော့ ပြန်လာခဲ့၊ ပျော်ရင်တော့ တစ်သက်လုံး
ရဟန်းဘဝနဲ့နေတော့"

ကိုရင်ဝတ်ပေးပြီး တိုက်တိုက်တွန်းတွန်းနှင့် စာသင်တိုက်ပို့ပေးခဲ့သော မိဘနှစ်ပါးကြောင့်လည်း မြေပြန့်မှာ အနေကြာခဲ့ခြင်း ဖြစ်သည်။ စာသင်တိုက်မှာ များပြားလှန်းသော ဘဝတူကိုရင်လေးများနှင့် နေရသည်ကို မင်းသွေးပျော်ပါသည်။ ကလေးသဘာဝ ပြေးလွှားရင်း၊ ဆော့ကစားရင်း၊ စာသင်ရင်း နေသားတကျရှိလှ

သော်လည်း ဘာသာစကားအခက်အခဲက စိတ်ကသိကအောက် ဖြစ်စေသည်။ ပအိုဝ်းကိုရင် အချင်းချင်းမှလွဲပြီး အခြားအဖော်များနှင့် စကားပြောလျှင် ခြေတို့ လက်တို့ ပြောရသည်။

တစ်ခါတစ်ရံ ကိုရင်အချို့၏ အနိုင်ကျင့်ခြင်းကိုလည်း ခံရသည်။ ဆရာတော်လစ်လျှင် ကျောင်းဝင်းထဲမှ အသီးအနှံများကို ခူးစားလေ့ရှိသော၊ ကိုရင် အချင်းချင်း အနိုင်ကျင့်ရန်ဖြစ်လေ့ရှိသော ကိုရင်ကြီးအချို့က ဆရာတော်သိ၍ ခေါ်ယူကြိမ်းမောင်းလျှင် မင်းသွေးအပေါ် ပုံချတတ်သည်။

"ကိုရင် ပဏ္ဍိပါဘုရား၊ ပအိုဝ်းကိုရင်ပါ"

မင်းသွေးကိုရင် အမည်က သူတို့ပါးစပ်ဖျားမှာ အဆင့်သင့်ရှိကြသည်။ အခြားပအိုဝ်း ကိုရင်အချို့ရှိသော်လည်း သူလောက် အနိုင်ကျင့်မခံရ။ နောက်ဆုံးဆရာတော်ကြီးသိမှသာ ထိုကိုရင်များ အလူးအလဲ ကြိမ်ဆော်ခံခဲ့ရသည်။

"ပဏ္ဍိနင် တော်တော်အ"

ဆရာတော်ကြီးက အာလုပ်သံကြီးဖြင့် ကြိမ်းမောင်းသည်ကိုလည်း မင်းသွေးခံခဲ့ရသည်။ ဆွမ်းပင့်အိမ်များရောက်လျှင်လည်း မင်းသွေး အတော်စိတ်ညစ်ရသည်။ ထိုင်ဆွမ်းပင့်သည့် အိမ်ကများပါ၏။ အောက်သူ၊ အောက်သားများ သဒ္ဒါတရားကောင်းလှ၍ ဆွမ်းခံရ မခက်လှပါ။ ခက်သည်က သူတို့ပြောသည့်စကားကို မင်းသွေးတော်ရုံနှင့် နားမလည်သလို သူတို့ခမျာလည်း မင်းသွေးစကားကို နားမလည်လှ။

"ပအိုဝ်းကိုရင်လေးချစ်စရာကောင်းလိုက်တာ၊ ဒါပေမဲ့ စကားက တယ်ဝဲပဲ"

ထိုစကားကို တွင်တွင်ပြောရင်း မင်းသွေးကို စကြ၊ နောက်ကြသည်။ ထိုင်ဆွမ်းပင့်လျှင် ဆရာတော်ထံမှာ မင်းသွေးကိုသာ လျှောက်ထား တောင်းဆိုကြသည်။

"တပည့်တော်တို့အိမ်ကို ပအိုဝ်းကိုရင်လေးပို့ပေးပါ။ ထိုင်ဆွမ်း လောင်းချင်လို့ပါဘုရား။ အခြားကိုရင်ထက် ကိုရင်ပအိုဝ်ကို ပို့ပါဘုရား"

ပအိုဝ်းချင်းတူသည့်တိုင် မင်းသွေးကို ပိုလို့ချစ်ခင်ကြသည်။ ဆွမ်း ကွမ်း ကိစ္စသာမက ငွေရေး၊ကြေးရေးပါ အလိုက်တသိ ပေးလှူကြ သည်လည်း ရှိသည်။

"ကိုရင်လေးတွေ သနားပါတယ်၊ ဟိုးအဝေးကြီးကူ စာလာ သင်ရတာ"

ထိုစကားမျိုးဖြင့်မကြာခဏ ဝေယျာဝစ္စအတွက် ငွေကြေးလှူဒါန်း ကြသည်။ မကြောင့်မကြ အပူပင်မဲ့နေခဲ့ရသော ဘဝမှာပျော်ပိုက် လှသော်လည်း မကြာမီက လူကြုံနှင့် အခေါ်လွှတ်၍ မင်းသွေး ပြန်လိုက်ခဲ့ရသည်။ ဒီရောက်တော့ ကိုရင်ပဏ္ဍိဘဝမှ ခွန်မင်းသွေး ဘဝရောက်ရသည်။ ဆွမ်းခံသားဘဝနှင့် အေးအေးသက်သာ နေလာခဲ့ရသော်လည်း ကိုယ့်အရပ်ဒေသအရောက်မှာ အလုပ် တွေနှင့် လုံးထွေးလာရသည်။

"အလုပ်မလုပ်ရင် ထမင်းဘယ်လိုစားမလဲ"

တစ်နေ့၊ တစ်နေ့ အလုပ်လုပ်ဖို့နှင့် ထမင်းစားဖို့လောက်သာ သတိပေးတတ်သော အစ်ကိုဖြစ်သူကိုလည်း မင်းသွေးစိတ်ခိုးလေ့ ရှိသည်။ သို့သော်လည်း ကိုယ်တစ်ယောက်တည်းမဟုတ်။ ပအိုဝ်း ရွာမှာရှိသည့် မင်းသွေးတို့ ဆွေမျိုးများအားလုံး၊ အလုပ်လုပ်၊ ထမင်းစား၊ ဘာသာတရားလိုက်စား၊ သမားရိုးကျ အိမ်ထောင်သား မွေးလုပ်သည်မှလွဲပြီး အခြားအကြောင်းအရာ ခေါင်းထဲမှာမရှိ။ ငွေကြေးပြည့်စုံ၍ အောင်ပန်းလိုမြို့ကြီးများမှာ ကျောင်းသွားတက်၍ ခေတ်ပညာသင်ကြားခဲ့ကြသော်လည်း အချိန်တန်လျှင် ယောက်ျား၊ မိန်းမ တောင်ယာမှာသာ ပျော်မွေ့ကြသည်။ တောင်ကြားရွာလေး မှာပင် ရိုးမြေကျ နေထိုင်သွားကြသည်။ ရွာသူ ရွာသားအချင်းချင်း အိမ်ထောင်ပြုကြပြီး တောင်ယာတစ်ကွက်၊ နှစ်ကွက်ဖြင့် ဘဝ တစ်သက်လုံး အေးချမ်းစွာ နေသွားကြသည်။ အပူသောကမရှိ၍ ကြီးကြီးမားမားမရှိလောက်အောင် အလိုလောဘနည်းစွာ နေထိုင် ခဲ့ကြသည်။ ရွာလူကြီး၏ ဦးဆောင်မှုဖြင့် အခြားရွာများနည်းတူ လုပ်စရာရှိသည့်အလုပ်များကို တိုင်ပင်နှီးနှော၍ လုပ်ကိုင်ကြ သည်မှလွဲပြီး အခြားစီးပွားရေးလောဘမရှိ။ လူမှုရေးသောက မရှိ။ အခုနောက်ပိုင်း မင်းသွေးတို့ တောင်ကြားရွာတွေ တိုးတက်လာကြ သည်။ ကိုယ်ထူကိုယ်ထ လျှပ်စစ်မီး၊ တယ်လီဖုန်း ဆေးပေးခန်း စသည်တို့ကို သိန်းပေါင်းထောင်ချီပြီး လုပ်နိုင်လာကြ၍ အနေအထိုင်က အတော်ကြီးခေတ်မီတိုးတက် လာသည်ကို ကိုရင်ဘဝနှင့် ပြန်လာသော မင်းသွေးက တအံ့တဩ ဖြစ်ခဲ့ရသည်။

တောင်ယာထဲမှာ ပေါက်တူးကိုင်၊ ထော်လာဂျီတစ်စီးဖြင့် အလုပ်လုပ်ကြသော်လည်း လယ်ထဲသွားလျှင် ဆိုင်ကယ်ကို ယိုးဒယားဖြစ် သုံးသည်။ အိပ်ရောက်လျှင် စကိုင်းနက်ကြည့်သည်။ လျှပ်စစ်မီးဖြင့် ထမင်းချက်စားကြသည်။ မင်းသွေးနေခဲ့သည့် ဆရာတော်ကျောင်းမှာပင် တစ်ခါတစ်ရံ မီးပျက်လေ့ရှိသော်လည်း ဒီမှာက အမြဲအဆင်သင့်ရှိနေ၍ မင်းသွေးကိုယ်တိုင်လည်း ရွာကလေးကို သဘောကျသွားခဲ့ရသည်။

"ဟိုမှာ ဆရာမလေးပြန်လာပြီ"

"ဟုတ်လား၊ ဟာ၊ ဟ၊ ဟ ဘယ်လိုဖြစ်တာလဲ"

ခွန်လှအောင် စကားသံတိုးတိုးအဆုံး မင်းသွေးတွေးနေရာမှာ ရုတ်တရက် ထအရပ်ခြေတစ်ဖက်က ပေါက်တူးသွားပေါ် နင်းမိလျက်သားဖြစ်သွားခဲ့သည်။

"တဲ့၊ ထိသွားပြီမဟုတ်လား။ ဒီလောက်ငမ်းရလားများ"

ပထမတော့ သွေးမထွက်သေး။ သွေးစို့ရုံလေးဖြစ်၍ ဆရာမလေး ဖြတ်အလာကို မင်းသွေးကြည့်လိုက်သေးသည်။ ဆရာမလေးက စောင်းငဲ့အကြည့် အစ်ကိုဖြစ်သူကို ရယ်ပြလိုက်သေးသည်။ တွေ့တယ်မဟုတ်လားဆိုသည့်အကြည့်မျိုးပါ။

"ဟူးဝေ၊ မင်းခြေထောက်မှာ သွေးတွေအများကြီး ထွက်နေတယ်"

ခွန်လှအောင်၏ အထိတ်တလန့်အော်လိုက်သံက ကျယ်လောင်လွန်းလှ၍ မင်းသွေးကိုယ့်ခြေထောက်ကို ငုံ့ကြည့်လိုက်သည်။ သွေးတွေက အိုင်ထွန်းကျနေ၍ မင်းသွေးတုန်လှုပ်သွားရသည်။

"အေး အဲဒါ မင်းအတွက်ခွင့်ပဲ၊ ဆရာမလေးဆေးခန်း ကိုသွား။ တကယ်သွားမှဖြစ်မှာ ဟော့ကောင်၊ စကားလည်း ပြောလို့ ရတာပေါ့"

အရေးထဲ ခွန်လှအောင်က နှောက်နေသေးသည်။ ခြေထောက် ထော့နင်းဖြင့် ရပ်ကြည့်လိုက်သည်။ မရ။ ခြေထောက်က အခုမှ ထိထိမိမိ နာနေသည်။

"လာ,ဟော့ကောင်, မင်းကို ငါတွဲသွားမယ်"

ညီအစ်ကိုနှစ်ယောက် ပခုံးချင်းယှဉ်လျက် လျှောက်လာကြသည်။ ဆရာမလေးဆေးခန်းက မဝေးလှ၍ ခဏချင်းရောက်လာကြသည်။ အပြင်မှ ပြန်လာပြီး အမောပန်းဖြေနေသော ဆရာမလေးက မင်းသွေးတို့ ညီအစ်ကိုနှစ်ယောက်ကို အံ့အားသင့်သလို ကြည့်နေ သည်။

"ခြေထောက်ထိလာတယ် ဆရာမ"

"ဪ ဟုတ်လား"

ဆရာမလေးက ဖျာဖျာသလဲ ထလာသည်။ ဒဏ်ရာက ခြေဖနောင့် မှာဖြစ်၍ ပြရမှာ အားနာလှသည်။ ရေစိမ်ထား၍ ပြောင်စင်နေ သည့်အတွက်သာ ကြည့်ပျော်ရှုပျော်ဖြစ်နေခဲ့သည်။ ဆရာမလေးက သူ့လက်ဖြူဖြူလေးဖြင့် ဒဏ်ရာကို ကိုင်တွယ်ကြည့်နေသည်။

"ဒီကောင်က မရေရာဘူးဆရာမ၊ ကိုရင်လူထွက်တာ မကြာ သေးတော့ အလုပ်အကိုင် မကျွမ်းဘူး၊ သူက ပဲခူးမှာ ကိုရင် သွားဝတ်နေတာ အခုမှ ရွာပြန်ရောက်တာ မကြာသေးဘူး"

လာပြန်ပြီ၊ ဒီကိုရင်လူထွက်စကားဟု မင်းသွေးစိတ်တိုစွာ တွေးဖြစ်လိုက်သည်။ ဆရာမလေးက ခေါင်းလေးတညိတ်ညိတ်ဖြင့် နားထောင်ရင်း မင်းသွေးမျက်နှာကို တစိမ့်စိမ့်ကြည့်သည်။ မင်းသွေးရှက်သလိုကြီးဖြစ်လျက် နားရွက်တွေပင် ထူပူလာရသည်။ ခဏအကြာ ဆရာမလေးမျက်နှာ ပြုံးရွှင်လာသည်။

"ဒါ ဒါကိုရင်လေးပဏ္ဍိတလား"

"ဟင် ဆရာမလေးက သိတယ်လား"

"သိတယ်လေ၊ ပဲခူး ပုဏ္ဏားစုက အဘိုးဦးချစ်ဖေတို့အိမ်မှာ ဆွမ်းခံကြွတဲ့ကိုရင်လေး ပဏ္ဍိတလေ"

"ဟာ"

ဒကာကြီး ဦးချစ်ဖေတဲ့၊ တကယ့်ကို ကိုရင်လေး ပဏ္ဍိတ၏ ဆရာအရင်း ဒကာအရင်းတွေပါ။ ကိုရင်လေးကို မိဝေး၊ဖဝေးဟူ၍ သနားပိုပြီး ငွေကြေးစရိတ်စက အကုန်ထောက်ပံ့ခဲ့သည်။ ကိုယ်တိုင်က ပြည့်ပြည့်စုံစုံကြီး မဟုတ်လှသော်လည်း သားသမီးချင်းစာနာစိတ်၊ ဘာသာသာသနာကို အလေးထားစိတ်ဖြင့် အစစအရာရာ ပံ့ပိုးပေးခဲ့သည်။

"ဆရာမက ဒကာကြီးဦးချစ်ဖေအိမ်မှာ နေတာလား" မင်းသွေး အံ့သြစွာမေးဖြစ်သည်။

"ဟုတ်တယ်လေ၊ ဦးချစ်ဖေရဲ့မြေးအရင်းပါ၊ ကိုရင်လေးကို ချစ်စရာကောင်းလို့ဆိုပြီး မှတ်မိနေတာ၊ ကိုရင်လေးပါးက အမှတ်လေးကိုမြင်ကတည်း ကြည့်နေတာ"

မင်းသွေး စိတ်မကောင်းဖြစ်ရသည်။ ဆရာမလေးက မှတ်မိနေသော်လည်း မင်းသွေးက မမှတ်မိသည့်အဖြစ်။ ဘယ်မှတ်မိပါ့မလဲ။ ဆွမ်းခံသွား၍ မိန်းကလေးများ သက်တူ၊ ရွယ်တူတွေ့လျှင် ခေါင်းကြီးတွင်တွင်ငုံ့ပြီး နေတတ်သည့် ကိုရင်လေးပဏ္ဍိတ၊ စကားပြောရဲဖို့နေနေသာသာ စေ့စေ့ပင်မကြည့်ရဲ၍ ဆရာမလေးကို သိမနေခြင်းဖြစ်သည်။ ဒကာကြီး ဦးချစ်ဖေ၏ မြေးအရင်း၊ တကယ့်ဆွမ်းဒကာ၊ ကျေးဇူးရှင်၏မြေးကိုမှ ပြစ်မှားမိနေသည့်အဖြစ်။

"ပင်လောင်းမြို့နယ်ထဲက ပအိုဝ်းရွာမှာ တာဝန်ကျတယ်ဆိုတော့ ဘဘက စိတ်ချ လက်ချ လွှတ်လိုက်တာ၊ သူတောင်ကျန်းမာရေးမကောင်းလို့ လိုက်မလာတာ"

တော်ပါသေးရဲ့ဟုသာ မင်းသွေး တွေးလိုက်မိသည်။ သူတို့အရပ်မှာနေစဉ်က ကိုယ့်ကို ဝိုင်းဝန်းစောင့်ရှောက်ခဲ့ကြသလောက် ကိုယ့်အရပ်ရောက်ပါမှ ကျေးဇူးရှင်၏မြေးကို ကြိတ်ပိုးနေသည့်အဖြစ်။

"ပင်ပန်းလိုက်တာ ကိုရင်လေးရယ်၊ ဘာဖြစ်လို့များ လူထွက်လာရတာလဲ၊ ဟိုမှာဆို ကိုရင်လေး အေးအေးဆေးဆေး ဆွမ်းခံစားရုံပဲ၊ ဒကာ၊ ဒကာမတွေကလည်း ကိုရင်လေးကို ချစ်လိုက်တာ၊ ကိုရင်လေးပြန်ဝတ်ပါနော်၊ ကိုရင်ဒကာကြီး သိရင် စိတ်ကောင်းမှာ မဟုတ်ဘူး၊ တပည့်တော်ပြန်ရင် ပြောလိုက်မယ်နော်၊ တပည့်တော်တို့ မိသားစုက ကိုရင်လေးကို ပဉ္စင်းဒကာလုပ်ချင်နေတာ၊ ကိုရင်လေးနေပုံထိုင်ပုံက ဆရာတော်ကြီးတွေနဲ့တူလို့လေ"

ဒဏ်ရာက မနာတော့ဘဲ ရင်တစ်နေရာက နာကျင်လောက်အောင် ရှက်သွားရသည့်အဖြစ်။ ဆရာမလေးမျက်နှာကို ရဲရဲမကြည့်ရဲ၍ ခေါင်းကို တွင်တွင်ကြီးငုံ့ထားမိသည်။ ထိုခဏ မင်းသွေးခြေဖမိုးပေါ် မျက်ရည်တစ်ပေါက် တောက်ခနဲကျသည်။ ထိုမျက်ရည် က. . . ။

* * * * *

## "ညှိသည်"

ခြင်းလုံးက မြေပေါ်မကျဘဲ လှလှပပလေး ပျံဝဲနေသည်။ တစ်ဖက်နှင့် တစ်ဖက်ခြေစွမ်းညီ၍ ခြင်းခတ်ရသည်က အရသာ တွေ့လှသည်။

"ခတ်ထား။ ဒီည နိုင်ပွဲက သစ်ပင်မဲမှာနွဲရမှာ"

ခွန်ထူးအောင်ညာသံပေး၍ ခွန်မောင်းက အသားကုန်ခတ်တင် လိုက်သည့်ခဏ ခြင်းလုံးက ပိုက်နှင့် အလွတ်ကြီးလွတ်ပြီး မလှမ်း မကမ်းမှာရှိသည့် အာလူးခင်းထဲ ဖုတ်ခနဲကျသည်။

"တွေ့လား၊ သစ်ပင်မဲဆိုတာနဲ့ ခွန်မောင်းတို့ အားတွေ ဝင်လာတာ သွားရောပဲ"

ဟဟီးဟီးရယ်ရင်း ခွန်မောင်းခြင်းကောက်သွားသည်။ ခွန်သစ္စာက ကျောက်ဆောင်စွန်းပေါ် ခြေပစ်၊ လက်ပစ်ထိုင်ချလိုက်သည်။ ဘီလူးချောင်းရေမှာ အရိပ်ထင်နေသော နီရောင်ဖွေးဖွေးကြောင့် နေဝင်တော့မည်မှန်း သိလိုက်သည်။

"တော်ပြီဟေ့၊ ရေချိုးတော့မယ်"

"သစ္စာ ပွဲဖျက်ပြီကွ"

အရှိန်မသတ်ချင်သေးသော ခွန်မောင်းတို့ အုပ်စုက လှမ်းအော်သည်။

"မင်းတို့ အလှူသွားမှာဆို"

"သွားတော့သွားမယ်၊ ဒါပေမဲ့ စောသေးတယ်ကွ"

ယခင်က နေလုံးပျောက်သည်အထိ ခတ်နေကျဖြစ်၍ ခွန်မောင်းအားရပာန်မတူ။ တစ်နေ့တာ အလုပ်လုပ်၍ ဘယ်လောက်ပဲ ပင်ပန်းပါစေ၊ ယခုလို ကစားဝိုင်းလေးဖြင့် အပန်းဖြေခွင့်ရလိုက်လျှင် ခွန်သစ္စာတို့အမောအပန်းပြေပျောက်သွားမြဲ။ ရွာထဲမှာရှိသည့် လူငယ်အားလုံးလည်း နေညိုလျှင် ခြင်းဝိုင်းလေးဆီရောက်လာတတ်မြဲ။ တစ်နာရီကျော် ခြင်းခတ်ပြီးလျှင် တစ်နေ့တာအတွက် လန်းဆန်းအားပြည့်သွားသလိုထင်ရသည်။ ဘီးလူးချောင်းအတွင်း ခုန်ဆင်း၍ ရေတဝုန်းဝုန်းကူးခပ်လိုက်လျှင် ဘီလူးချောင်းရေက ခွန်သစ္စာတို့အတွက် အားဆေးတစ်ခွက်ဖြစ်သည်။

"သစ္စာ၊ မင်းဒီည မလိုက်ဘူးလား"

ခွန်ထူးအောင်က အနားမှာ လာထိုင်ရင်းမေး၍ ခွန်သစ္စာခေါင်းခါပြလိုက်သည်။

"ငါ့အစ်ကို သွားတယ်ဟ၊ ငါ့အဖေလည်း သွားမယ်ပြောတယ်"

"သွားတာတော့ မင်းပြောမှလား၊ ငါ့အိမ်လည်း သွားကြတာပဲ၊ ဒါပေမဲ့ ဒီညက သိတဲ့အတိုင်းပဲ"

အလှူညကပွဲကို ရည်ရွယ်ပြောမှန်း ခွန်သစ္စာသိသည်။မဏ္ဍပ်မှာ နိုးရာကပွဲ၊ သီဆိုပွဲများနှင့် ပျော်စရာကောင်းမှန်း ခွန်သစ္စာမသိဘဲ

နေပါ့မလား။ မကြာခဏ ကြုံတွေ့ရသည့်အတွေ့အကြုံများ ဖြစ်သော်လည်း ဒီပွဲမျိုးက ခွန်သစ္စာတို့အဖို့ မိုးသွားသည်မရှိခဲ့။ တစ်နယ်လုံးမှာ တစ်ရွာမဟုတ်၊ တစ်ရွာ စုပေါင်းရှင်ပြုပွဲတွေရှိသည်။ အနည်းဆုံး ရှင်အပါးတစ်ရာ၊ နှစ်ရာ စုပေါင်းရှင်ပြုကြခြင်းဖြစ်သည်။ အလှူပွဲက ရှင်လောင်းစု၊ အဝတ်လဲ ညှော်ခံ၊ တရားနာ၊ အောင်ပွဲဟူ၍ ရက်ရှည်ကြီး ကျင်းပလေ့ရှိရာ တစ်ရွာမှာ စုပေါင်းရှင်ပြုပွဲရှိလျှင် အနီးဝန်းကျင်ရွာများမှ ဝိုင်းဝန်းကူညီကြရသည်။

ယခုတစ်ကြိမ်က သစ်ပင်မဲရွာ စုပေါင်းအလှူဖြစ်သည်။ ခွန်သစ္စာတို့ အနီးပတ်ဝန်းကျင်ရွာများမှ တစ်အိမ်တစ်ယောက် မဖြစ်မနေသွားကြရသည်။ ဘုရားဖြူ၊ ထီးခွဲ၊ တပိုင်မို့၊ ပရှာမီး၊ ညောင်ကိုင်း၊ ညောင်စဉ်၊ ထောင်ဖားစသော ရွာငယ်များမှအစ နောင်တရား၊ ပင်လောင်း၊ အောင်ပန်းလို မြို့များအထိ ညှော်ပရိသတ်များ ဆင်းလာကြသည်။ ပြောရလျှင် နောင်တရားနှင့် ပင်လောင်းမြို့နယ်အတွင်းရှိ ရွာများအားလုံးမှ မဖြစ်မနေ အရောက်လာကြရသည်။ တစ်ရွာမှ အလှူလုပ်တော့မည်ဟု သတင်းကြားပြီဆိုကတည်းက ကျန်ရွာများက အစည်းအဝေးခေါ်၊ ကော်မတီဖွဲ့၍ တာဝန်များခွဲဝေကြရသည်။ ရွာတွင်းရှိ အသက်ဆယ့်ရှစ်နှစ်နှင့် ငါးဆယ်အတွင်း ယောကျ်ားမှန်သမျှ အကုန်လာကြရသည်က လေ့တစ်ခုလို ဖြစ်နေသည်။

လွန်ခဲ့သည့်သုံးရက်က ခွန်သစ္စာတို့ရွာမှာလည်း ရွာလူကြီးဖားကျော်ကိုယ်တိုင် အစည်းအဝေးခေါ်ပြီး တာဝန်ခွဲဝေပေးခဲ့

သည်။ အလှူရက်များအတွင်း တစ်အိမ်တစ်ယောက်ကျ နေ့စဉ်သွားကြရသည်။ ကျရာတာဝန်ကို ကျေပွန်အောင် ကူညီကြရသည်။ သိန်းသုံးလေးရာ အကုန်ခံပြီး အလှူပေးသည့်ပွဲကြီးဖြစ်၍ ဟာကွက်မရှိအောင် ဝိုင်းဝန်းကြရသည်။ စည်ကားသိုက်မြိုက်သည် ကလည်း ပြောဖွယ်ရာမရှိ။ ဘယ်လောက်ပဲစည်းကားပါစေ၊ ပွဲလန့်သည်၊ ပွဲဆူသည်မရှိ။ ကိုယ့်ရပ်ရွာလူကြီး၏ အဆုံးအမအောက်မှာ အေးချမ်းစွာ နေတတ်ကြသည်။

"သစ္စာ မင်းတကယ်မလိုက်ဘူးလား"

ကျောက်ဆောင်ပေါ်မှ ရင်ညွန့်သာသာရှိသော ချောင်းရေထဲသို့ ခြေတွဲလွဲချထိုင်နေသော ခွန်သစ္စာကို ခွန်ထူးအောင်မေးသည်။

"လိုက်ဖြစ်မယ်မထင်ဘူးကွ၊ နံနက်မှ သွားမယ်စိတ်ကူးထားတယ်၊ မင်းကရော"

"ငါက မဖြစ်မနေသွားမှာ၊ နောက်မှ မင်းနောင်တရမယ်နော်"

ခွန်ထူးအောင် စကားအဓိပ္ပာယ်ကို ခွန်သစ္စာသိသည်။ သိလျက်နှင့် တမင်မသွားဘဲနေရသည့် အကြောင်းရင်းကိုတော့ ရှင်းမပြဖြစ်၊ ပြောချင်စိတ်လည်းမရှိ စိတ်ထဲက နာကျင်မှုကို ကိုယ့်တစ်ယောက်တည်းသာ ကြိတ်မှိတ်ခံစားချင်သည်။

"ဒီည နန်းကြာညိုတို့ကမှာနော်"

စိတ်ထဲတင်းခနဲဖြစ်သွားရသည်။ နန်းကြာညိုလာတော့ရော ဘာဖြစ်လဲဟု ပြောလိုက်ချင်သော်လည်း အမေးအမြန်းထူလာမှာစိုး၍ မျိုသိပ်ထားလိုက်သည်။ သူငယ်ချင်းအရင်းကြီးဖြစ်သော်လည်း ပြောပြရမှာ ခွန်သစ္စာ ရှက်သည်။

"သွားပါကွာ၊ ဒီည အိမ်စောင့်ပေးလိုက်ဦးမယ်၊ ဒီညက ငါတို့ တစ်အိမ်လုံး သွားကြမှာ"

"ငါတို့ကလည်း သူငယ်ချင်းတွေအားလုံးစုသွားမှာမို့ မင်းကို အပါခေါ်တာနော်၊ သိပ်ပြီး ဈေးမကိုင်နဲ့"

ခွန်သစ္စာမျက်နှာကို ရေဖြင့်ပက်ပြီး ခွန်ထူးအောင် မကျေမနပ် ပြောသည်။ မတတ်နိုင်။ ကိုယ့်ရင်အနာကို ကိုယ်သာသိသည်။ ဘာမှမဖြစ်သလို မျက်နှာလေးနှင့် စင်ပေါ်ကပြနေမည့် နန်းကြာ မျက်နှာကို သူမကြည့်ချင်။ ဒီညက ပရိသတ်အစည်ကားဆုံးည။ ပျော်စရာလည်း ကောင်းလှသည်။ ရွာပေါင်းစုံမှ အလှူပွဲလာသူ ပရိသတ်များကြောင့် ပွဲဈေးတန်းကြီးက မျက်စိတစ်ဆုံး ကျယ်ပြော နေဦးမည်။ ဈေးဆိုင်တန်းတွေကလည်း များလွန်းလှသည်။ အောင်ပန်း၊ တောင်ကြီးလိုနေရာမှပင် ဈေးသည်တွေ ဆင်းလာကြ သည်။ ကိုယ့်နှစ်သက်ရာ ဝယ်ရင်း၊ မဏ္ဍပ်များမှ ရွာစဉ်အလိုက် ဖြေဖျော်မှုများကိုကြည့်ရင်း၊ ညှော်ခံကျွေးမွေးသမျှ စားသောက်ရင်း အလှူပွဲညကို နွှဲလိုက်ချင်သည်။ ကြာညိုမ၊ သင်းကြောင့် ပျော်ပွဲ တစ်ခုလက်လွတ်ရပြီး သူငယ်ချင်းများနှင့် တပျော်တပါး သွားရမည့်ကိစ္စမှာ မသွားချင်ဘဲရှိပါ့မလား၊ သို့သော်လည်း မကြာသေးမီက အဖြစ်အပျက်တစ်ခုက ခွန်သစ္စာစိတ်ထဲ လိပ်ခဲ တည်းလည်း ဖြစ်နေသည်။

* * * * *

နောင်တရားဈေးနေ့မှာဖြစ်သည်။

ထိုနေ့က နန်းကြာညိုနှင့် ဆုံမည်ပြောထား၍ ခွန်သစ္စာ စောစော ထွက်လာသည်။ ဈေးအရောက် နန်းရွှေဥဆိုင်မှာ ရှမ်းပျော့ စားရင်း စောင့်နေဖြစ်သည်။ လူချင်းလွဲမှာစိုး၍ ဒိပ်ကမှာလိုက်သည့် တောက်တိုမည်ရပစ္စည်းများပင် မဝယ်ဖြစ်သေးဘဲ အချိန်အတော် ကြာအောင် စောင့်သည်။ တစ်နာရီနီးပါး ကြာသွားသည်။ အရိပ် အယောင်ပင်မမြင်ရသေး၊ ဈေးသည်အချို့ပင် အရောင်းအဝယ် ပါးလုပြီ။ ဈေးနေ့ဖြစ်၍ ယခင်ထက်ပိုပြီး စည်ကားနေသော ဆိုင်ကြီး များအထိ ခွန်သစ္စာ လိုက်ကြည့်သည်။ အရိပ်ရောအကောင်ရော မမြင်ရသေး၍ ခွန်သစ္စာ စိတ်တိုချင်လာသည်။ နန်းရွှေဥဆိုင်ကို တစ်ကျော့ပြန်ရောက်လာသည်။ လုံးဝမရှိသေးသော်လည်း နန်းကြာညို သူငယ်ချင်း နန်းချစ်မေကိုတွေ့၍ ခွန်သစ္စာ အားရှိသွား သည်။

"ဟဲ့ သစ္စာဈေးဝယ်လာလား၊ ဘာရောင်းဖို့ရောပါလဲ"

ဈေးနေ့မှာ အနီးအပါးရွာများမှ သူ့ပစ္စည်း၊ ကိုယ့်ပစ္စည်း အရောင်း အဝယ်လုပ်လေ့ရှိ၍ နန်းချစ်မေ မေးလိုက်ခြင်းဖြစ်သည်။ ခွန်သစ္စာ ခေါင်းခါပြလိုက်သည်။

"ရောင်းဖို့တော့ မပါသေးဘူး၊ ဝယ်ရုံသက်သက်ရယ်၊ ဒါနဲ့ နင် ကြာညို့ကို မတွေ့မိဘူးလား"

နန်းချစ်မေ မျက်နှာက အံ့ဩသလိုရှိသည်။

"ကြာညိုက ဒီနံနက် ပင်လောင်းတက်သွားတယ်လေ၊ ဆောင်းသီးလည်းဝင်မယ်ပြောတယ်၊ နင်မသိဘူးလား"

ဒုတိယအကြိမ် ခေါင်းယမ်းလိုက်သည်။ နန်းချစ်မေက ဆက်ပြော
သည်။

"အေး၊ ညွှသည်တစ်ယောက်ကို သွားပို့မလို့တဲ့၊ တောင်ကြီးက ညွှသည်ပြောတယ်၊ ယောကျ်ားတစ်ယောက်ပဲ၊ ဆိုင်ကယ် တစ်စီးနဲ့ နှစ်ယောက်သွားကြလေရဲ့"

နှလုံးခုန်သံက ရုတ်တရက် ကျယ်လောင်သွားသလို ထင်ရသည်။ လူကိုအရှုံလုပ်တယ်ဟူသော အတွေးက တစ်ကိုယ်လုံးမှာရှိသော သွေးတို့ကို ပူနွေးဆူပွက်စေသည်။

"နင်နဲ့ချိန်းထားလို့လား"

"မဟုတ်ပါဘူး"

အရှက်ပြေ ပြောလိုက်ရသော်လည်း ဒေါသစိတ်ကြောင့် မျက်နှာ တစ်ပြင်လုံး နီမြန်းနေမည်ထင်သည်။

"ရှမ်းပျော့စားလေ ချစ်မေ၊ ငါကျွေးမှာပါ"

"တော်ပါဟာ၊ ဒေါသဖြစ်နေတဲ့ နင့်မျက်နှာနီနီကြီးကိုလည်း ပြင်ပါဦး"

နန်းချစ်မေက အကင်းပါး၍ ဟန်ဆောင်နေဖို့ မဖြစ်မှန်းသိလိုက် သည်။

"အေးဟာ၊ သူငါ့ကို ဒီနေ့ဆုံမယ်ပြောထားပြီးတော့"

နန်းချစ်မေ မျက်လုံးပြူးပြီး အံ့ဩသလိုကြည့်သည်။

"ဟုတ်လား၊ ကြာညိုက ဒီလိုလုပ်တယ်လား၊ ဒါပေမဲ့ အရေးကြီးတဲ့ အကြောင်းရှိလို့များလား၊ တစ်ယာက်ယောက်ကို မှာခဲ့ရင်လည်း ဖြစ်မှာပေါ့"

နန်းချစ်မေက သူငယ်ချင်းဘက်ကို ဖေးဖေးမမပြောသည်။ ခွန်သစ္စာ ဒေါသမသိမ်းနိုင်သေး။

"ဒါဆို၊ ငါသွားမယ်ဟာ၊ ဈေးဝယ်ရဦးမယ်"

"အေး၊ အေး"

နန်းချစ်မေကို နှုတ်ဆက်ပြီးသည်နှင့် ဆိုင်ကယ်ကို တရကြမ်း မောင်းထွက်လာခဲ့သည်။ ဈေးဝယ်ရန်လည်း စိတ်မကူးတော့၊ ဒေါသစိတ်က တလိပ်လိပ်တက်နေသည်။ သေချာပြောထားပါလျက် တမင်သက်သက်လုပ်ရက်သည်။ ပြီးတော့ ယောကျ်ား ညည်သည် တဲ့။ ဘယ်လိုလူလဲဟု ခွန်သစ္စာသိချင်လှသည်။ နောင်တရား အတွက် ကားလမ်းဘေးမှ စိန်ပန်းပြာပင်ကြီးတွေကို တွေ့ခိုက်မှာ ရင်အပူက ပိုပြီး နင့်သီးလာသည်။

"ငါ့ကို စိတ်မချဘူးလို့ မပြောပါနဲ့သစ္စာရယ်၊ စိန်ပန်းပြာပင် အောက်က ကျောက်တုံးကြီးမှာ နင်နဲ့ငါ ကလေးဘဝက ဆုံဖြစ်ခဲ့တာ ငါဘယ်တော့မှ မေ့နိုင်မှာ မဟုတ်ပါဘူး"

နန်းကြာညိုတောင်ကြီး တက္ကသိုလ်တက်စဉ်က ထိုစကားတစ်ခွန်း ကို သူ့အတွက်ထားခဲ့သည်။ ထိုအချိန်က သူ ဆယ်တန်းမအောင် ခဲ့။ ပဲခူးတိုင်း၊ ဒိုက်ဦးမြို့မှာရှိသည့် ရွာဝိုင်းကြီး ဘုန်းတော်ကြီး ကျောင်းမှာ နေ၍ ဒိုက်ဦးအထက်တန်းကျောင်းမှာ ကျောင်းတက်ခဲ့ သော်လည်း သူဆယ်တန်းအောင် အောင်မမြင်နိုင်ခဲ့။ ကိုယ့်အရပ် ကိုယ့်ဒေသကို လွမ်းဆွတ်သည့်စိတ်နှင့် စာလည်းကျက်မရခဲ့။ စာကျက်ဖို့ထက် အိမ်ပြန်ဖို့သာ အမြဲလိုလိုစိတ်ကူးနေခဲ့သည်။ နောင်တရား အထ[illegible]းကျောင်းမှာ ကျောင်းတက်နေခဲ့သော

ကြာညို့ကို လွမ်းစိတ်လည်းပါသည်။ ကြာညိုက ပိန်းကလေးဖြစ်၍ လား၊ ကိုယ့်အရပ်ဒေသမှာပင် ပညာသင်ခွင့်ရ၍လားမသိ၊ တစ်နှစ်တည်းဖြင့် ဆယ်တန်းအောင်ပြီး တောင်ကြီးတက္ကသိုလ် တက်ခွင့်ရခဲ့သည်။

ခွန်သစ္စာက ဒုတိယအကြိမ် ဖြေဆိုခွင့်ပင် မလုပ်တော့ဘဲ အဖေနှင့်အမေကို ဖွတ်ပူဆာ၍ တောင်ပေါ်ပြန်တက်လာခဲ့သည်။ ရှာပိုင်း ဆရာတော်က ယခုအချိန်ထိ စိတ်ဆိုးကောင်းဆဲဖြစ်သည်။ ရွာပြန်လာသော်လည်း ကြာညိုမရှိတော့၍ အားငယ်စိတ်ဝင်မိသော် လည်း ကြာညို့အားပေးစကားများကြောင့် သူနေသာခဲ့သည်။ ညနေတစ်ခုမှာ သူတို့နှစ်ယောက် စတင်ဆုံတွေ့ရသောအဖြစ် အပျက်ကို ကြာညိုက မမေ့နိုင်ဟုဆိုသည်။ ခွန်သစ္စာလည်း ဘယ်တော့မျှ မေ့နိုင်မည်မထင်ခဲ့။

ထိုစဉ်က နှစ်ယောက်လုံးအလယ်တန်းကျောင်းသား၊ ကျောင်းသူအရွယ်သာရှိကြသေးသည်။ နောင်တရားသို့ ဈေးဝယ် လာသော ခွန်သစ္စာနှင့် သစ်တော်ခင်းမှ ပြန်လာသော နန်းကြာညို တို့ စိန်ပန်းပြာပင်အောက်မှာ ဆုံဖြစ်ကြသည်။ ထိုနေ့က မိုးသည်းထန် လွန်းသည်။ လေရောမိုးပါ ရုတ်တရက်ကြီး ရွာချလာ၍ စက်ဘီး စီးမရဘဲ စိန်ပန်းပင်အောက်သို့ မိုးခိုရန် ဝင်လိုက်သည့်ခဏ သစ်တော်သီးခြင်းကို ရင်ဘတ်ထဲမှာ တင်းတင်းပွေ့ရင်း အခါမဲ့ မိုးကို အလိုမကျသည့်ပုံနှင့် စူရူပုပ်ပုပ်မျက်နှာလေးတစ်ခုကို တွေ့လိုက် ရသည်။ သူ့ခေါင်းမှ ဦးထုပ်လေးက တစ်ချက်၊ တစ်ချက်မှာ အနား

လန်တက်သွားပြီး မိုးရေစက်များက မျက်နှာပေါ် ပက်ဖျန်းထား၍ စိုစိုစွတ်စွတ် မျက်နှာလေးကို သူ့လက်ဖြင့် မကြာခဏ သပ်ချ နေ၍လည်း ခွန်သစ္စာရယ်ချင်သွားသည်။ ခွန်သစ္စာက ကျောက်တုံး ကြီးပေါ် ထိုင်ချလိုက်ရင်း လေဒဏ်ကို အကာအကွယ်ယူလိုက် သည်။

ကောင်မလေးက ခပ်တည်တည်ရပ်နေဆဲ။ တစ်ချက်လေ အဝှေ့မှာ သူ့ကိုယ်လုံးပါးပါးလေးက အနောက်ဘက်သို့ အနည်းငယ် ယိမ်းယိုင်သွားသည်။ သစ်တော်သီးအရှိန်ကြောင့်လည်း ပါမည် ထင်သည်။ ကြာတော့ ခွန်သစ္စာမနေနိုင်။ ကောင်မလေးကို လှမ်း ခေါ်ဖြစ်သည်။

"ဟေ့ ဒီမှာလာထိုင်လေ"

ချက်ချင်းဆိုသလို ခွန်သစ္စာအနီးသို့ သူရွေ့လာသည်။ မိုးအေးရှိန်ကို သူလည်းကြောက်ပုံရသည်။

"ရော့၊ ဒီအကျႌလေးခြုံထား"

စက်ဘီးခြင်းထဲမှ အကျႌကို ထုတ်ပေးပြီး လောကွတ်ပြုစဉ် ကောင်မလေး မတုန်မလှုပ်ရှိနေသည်။ အကျႌကို လှမ်းမယူဘဲ တွေတွေကြီး စိုက်ကြည့်နေ၍ ခွန်သစ္စာရှက်သွားသည်။ မထူးသည့် အဆုံး ကိုယ့်အကျႌကို ကိုယ်တိုင် ခြုံထားလိုက်သည်။ အနည်းငယ် နွေးသွား၍ နေသာထိုင်သာရှိသွားသော်လည်း ကောင်မလေးက ငြိမ်ငြိမ်လေးထိုင်နေဆဲ။ ကောင်မလေးကို အားနာ၍ ခွန်သစ္စာ မကြာခဏ စောင်းငဲ့ကြည့်ဖြစ်သည်။ ကောင်မလေးက နှုတ်ခမ်း

ရှုပြီး တစ်စုံတစ်ရာပြန်ပြောနေသော်လည်း မိုးသံကြောင့် သဲသဲကွဲကွဲမကြားရ။ မိုးရေစိုရွှဲ၍ ကောင့်မလေးချမ်းနေသည်ကိုတော့ ခွန်သစ္စာသိသည်။ ရုတ်တရက် မိုးက ပါးပါးဖွဲဖွဲဖြစ်သွားသည်။ သွားတော့မည်ဟု စိတ်ကူးပြီး အင်္ကျီကို စက်ဘီးခြင်းထဲထည့်လိုက်သည်။ စက်ဘီးကို ဒေါက်ဖြုတ်စဉ် ကောင်မလေး အသံထွက်လာသည်။

"ငါ့ကို စက်ဘီးနဲ့လိုက်ပို့ပေးပါ၊ ငါကြောက်လို့"

ကောင်မလေးအသံက အနည်းငယ် တုန်ယင်နေ၍ ခွန်သစ္စာ အသနားပိုခဲ့ရသည်။ စက်ဘီးကို ဦးပြန်လှည့်ပြီး ကောင်မလေးကိုတင်၍ နောင်တရားဘက်ဆီ ထွက်ခဲ့ရသည်။ ချမ်းလွန်း၍ ထင်သည်။ ခွန်သစ္စာကျောကို မှီလျက် ထိုင်လာသော ကောင်မလေး၏ အေးစက်စက်ကိုယ်လုံးလေးကို အချိန်အတော်ကြာအောင် ခွန်သစ္စာတင်နင်းခဲ့ရသည်။ နောင်တရား ဆေးရုံရှေ့ရောက်မှ စက်ဘီးရပ်နိုင်းသည်။

"ငါ့နာမည်ကြာညို၊ ခြောက်တန်းကျောင်းတက်တယ်၊

နင်လိုက်ပို့တော့ ခြေထောက်ညောင်းသက်သာတယ်"

မထီတရီ မျက်နှာလေးဖြင့်ပြောပြီး ကုန်းမြင့်ပေါ် ပြေးတက်သွား၍ ကောင်မလေးကျောကို ပြေးထုချင်စိတ်ပေါက်လာခဲ့ရသည်။ ကိုယ့်မှာတော့ အချိန်ကုန်ခံပြီး သူ့ကို ပြန်ပို့ရသည်။ ပြောသွားပုံက မခံချင်စရာ။ ထိုအချိန်မှစ၍ နောင်တရားသို့ ဈေးဝယ်ရောက်တိုင်း ဆေးရုံရှိရာ ကုန်းမြင့်လေးပေါ် မကြာခဏ ခွန်သစ္စာ မော့ကြည့်

ဖြစ်သည်။ ရေစက်ဆိုသည်ကိုတော့ ခွန်သစ္စာယုံကြည်သည်။ နောင်တရား ဈေးနေ့မှာ ကောင်မလေးနှင့် ဒုတိယအကြိမ် ဆုံမိချိန်မှာတော့ နှစ်ယောက်သား စကားတပြောပြောနှင့် သူငယ်ချင်းဖြစ်သွားကြသည်။ များမကြာမီခွန်သစ္စာတို့ ချစ်သူဖြစ်သွားကြသည်။ မှတ်မှတ်ရရ နှစ်ယောက်လုံး အထက်တန်း စတက်ရမည့်နှစ်မှာဖြစ်သည်။ သဘောကောင်းပြီး၊ ပွင့်လင်းသော၊ အစအနောက်လည်းသန်သော ကြာညို့ကို ခွန်သစ္စာ အလွန်အမင်း တန်ဖိုးထားမြတ်နိုးခဲ့ရသည်။ နန်းကြာညိုကျောင်းတက်၍ တောင်ကြီးတက္ကသိုလ်မှာ နှစ်နှစ်ကြာခဲ့သော်လည်း အခြေအနေက ပြောင်းလဲမှုမရှိခဲ့။ တစ်ယောက်အပေါ် တစ်ယောက် သစ္စာရှိကြမြဲ။ ကြာညိုပြန်ရောက်သည်နှင့် ခွန်သစ္စာထံ သတင်းပို့သလို ခွန်သစ္စာကလည်း နားစွင့်နေမြဲဖြစ်သည်။ အခြေအနေကွာခြားနေသော်လည်း ကလေးဘဝကတည်းက နိုင်မြဲခဲ့သော သံယောဇဉ်ကြိုးကို ပြတ်တောက်ဖို့ရာ ခက်ခဲခဲ့သည်။

ယခုအချိန်မှ ကြာညိုပြောင်းလဲချင်ပြီထင်သည်။ ပြောင်းလဲတော့ရော ခွန်သစ္စာ ဘာများတတ်နိုင်ပါမည်နည်း။ သူနှင့်ကိုယ့်ကြားမှာ အခြေအနေတစ်ခုက စည်းခြားထားပြီဖြစ်၍ သူနှင့်ဂုဏ်ရည်တူကို ရွေးချယ်မည်ဆိုလျှင်တောင် သူကျေနပ်ရမည့်အဖြစ်။ ကြာညို့အပေါ် လည်း အပြစ်မတင်သင့်။ တစိမ့်စိမ့်ပြန်တွေးကြည့်ရင်း ရင်ထဲ နွမ်းလျသွားသလို ဆိုင်ကယ်အရှိန်လည်း အလိုလို လျော့ကျသွားသည်။ ကြာညို့အပေါ် ဒေါသထွက်မည့်

အစား ခွင့်လွှတ်နားလည်ပေးခြင်းက ပိုပြီးအဆင်ပြေမည်ဟု သူယူဆလိုက်သည်။ ပင်လောင်းအထိ လိုက်မည်စိတ်ကူးက အလိုလို ပြောင်းလဲသွားပြီး ညံပင်လမ်းခွဲမှပင် ရွာဘက်သို့ မောင်းလာခဲ့သည်။ ကြာညိုနှင့်လည်း မတွေ့ဖြစ်ရန် အတတ်နိုင်ဆုံး ရှောင်ကြဉ်ဖို့ သူဆုံးဖြတ်ခဲ့သည်။

* * * * *

မဏ္ဍာပ်တွေက များလွန်းလှသည်။ နောင်တရားအတွက် သစ်ပင်မဲ မရောက်မီကတည်းကပင် မဏ္ဍာပ်တွေတန်းစီနေသည်။ လူတန်းကြီးကလည်း ညို့နေသည်။ ကားလမ်းဘေးဝဲယာမှာလည်း ဆိုင်ခန်းတွေ မကြုံစဖူးများလွန်းလှသည်။ ဒီနှစ်အလှူပွဲက ပိုပြီး စည်းကားနေသလို ထင်ရသည်။

"ဒီအလှူပွဲက ပိုပြီးစည်နေသလိုပဲ"

"အဲ့ဒါကြောင့် မင်းကိုညက လိုက်ခဲ့ဖို့ခေါ်တာပေါ့ကွ၊ ညက ပိုတောင် စည်သေးတယ်"

ညက ခွန်သစ္စာမလိုက်ဖြစ်၍ ခွန်ထူးအောင် မကျေမနပ် ပြောနေသည်။ ယခုနံနက်တောင် အစ်ကိုမလာဖြစ်၍ ခွန်သစ္စာ ထွက်လာခြင်းဖြစ်သည်။ တကယ်တော့လာချင်စိတ်မရှိလှ။

"ခုတောင် မင်းကို သနားလို့ ငါလိုက်လာတာ ကိုယ့်လူ"

ခွန်သစ္စာ ဆိုင်ကယ်နောက်မှာ ထိုင်လိုက်လာသည့် ခွန်ထူးအောင်က ကျောကုန်းကို အုန်းခနဲထုသည်။

"ကြီးကျယ်တယ်ကွာ"

"တကယ်ပြောတာ၊ အခု ငါပြောတာ မင်းမယုံရင် ငါ့ဆိုင်ကယ် ပြန်လှည့်မယ်"

ခွန်သစ္စာနောက်လိုက်၍ ခွန်ထူးအောင်ရယ်သည်။

"မင်းကြာညိုတောင် ငါ့ကို မေးနေသေးတယ်"

ခွန်သစ္စာငြိမ်နေလိုက်သည်။ လူကငြိမ်သော်လည်း နှလုံးသားက မငြိမ်။ နန်းကြာညိုနှင့်တွေ့လျှင် ခုန်နေကျရင်က တဆတ်ဆတ် ခုန်လာသည်။ တွေ့ရမှာလည်း ဝန်လေးသည်။

"ဖားထု မဏ္ဍာပ်ကိုသွားကြမယ်ကွ"

ခွန်သစ္စာစကားစဖြတ်လိုက်ပြီး ပြန်နှုတ်ကျဲနေသော လူအုပ်ကြီးကြားမှာ ဆိုင်ကယ်ကို သတိနှင့်မောင်းလာခဲ့သည်။ ရိုးရာဝတ်စုံကိုယ်စီနှင့် ဖြစ်၍ အနက်ရောင်လှိုင်းတန်းကြီးကို မျက်စိတစ်ဆုံးမြင်နေရသည်။ အချို့အမျိုးသမီးကြီးများ မဏ္ဍာပ်တွင်းမှာ ဝိုင်းဖွဲ့စကားပြောနေကြ၍ အနက်ရောင်စက်ဝိုင်းကြီးဖြစ်နေသည်။ ကြီးကြီးငယ်ငယ် အရွယ်စုံမှန်သမျှ ရိုးရာဝတ်စုံချည်းသာဖြစ်၍ အထူးအဆန်းတော့ မဟုတ်ပြန်၊ ခွန်သစ္စာတို့ ယောကျ်ားလေးများလည်း ရိုးရာပွဲဆိုလျှင် ရိုးရာဝတ်စုံသာ ဝတ်လေ့ရှိကြသည်။ ဖားထုမဏ္ဍာပ်ရှေ့အရောက် ခွန်သစ္စာ ပိုလို့အံ့ဩသွားသည်။ မဏ္ဍာပ်အတွင်း ထမင်းဝိုင်းများဖြင့် ပြည့်ကျပ်နေသလို စားနေသည့် ပရိသတ်ကလည်း နည်းနည်းနောနော မဟုတ်။

"တို့လည်း ဝမ်းအရင်ဖြည့်ထားရင် ကောင်းမယ်ကွ"

မဏ္ဍပ်ဘေး အိမ်တစ်အိမ်မှာ ဆိုင်ကယ်ထိုးရပ်လိုက်ပြီး နှစ်ယောက်သား မဏ္ဍပ်တွင်းဝင်လိုက်ကြသည်။ လွတ်နေသည့် စားပွဲမှာ ဝင်ထိုင်ရင်း မဏ္ဍပ်တစ်ခုလုံး မြုံကြည့်လိုက်သည်။

"ပေါ့အင်ကလူတွေ အကျွေးအမွေးတာဝန်ယူထားတယ်နဲ့ တူတယ်ကွ"

ခွန်ထူးအောင်က တီးတိုးကပ်ပြောသည်။ သူ့မျက်လုံးတွေက တစ်စုံတစ်ယောက်ကို ရှာနေသလို ကိုးကန်းတောင်းမှောက်ဖြစ်နေသည်။

"အခုမှ လာသလားကွ"

ပေါ့အင်ရွာသား ခွန်မြင့်အောင်က ခရီးဦးကြိုပြုသည်။

"ဒီကောင် သစ္စာကွ၊ ကြာနေတာနဲ့ ဝက်သားတောင် အမှိုးကျန်ရဲ့လား မသိဘူး"

"ကျန်ပါတယ်ကွာ၊ ဝက်သားက အရိုးလွတ်ကွ၊ ပြောရင်းဆိုရင်း ဟိုမှာလာပြီ"

ခွန်သစ္စာတို့နှစ်ယောက်အတွက် ထမင်းပန်းကန်နှစ်ချပ်ယူလာ၍ စားရန် အဆင်သင့်ဖြစ်သွားခဲ့သည်။ ဟင်းရန်က ပဲဟင်းချိုနှင့် ဆားတစ်ပန်းကန်၊ ငရုတ်သီးတောင့်အစိမ်းလေးတွေကို ပန်းကန်သေးသေးလေးနှင့် ထည့်ပေးထားသည်။

"ဝက်သားကို အားရပါးရ တွယ်စမ်းပါကွာ၊ ပိသာချိန်နည်းတာ မဟုတ်ဘူး။ နှစ်ခါပြန်စားလို့ရတယ်၊ ဟိုမှာတစ်ဖွဲ့ လာပြန်ပြီ"

ခွန်မြင့်အောင်နှင့် ခွန်သိန်းထွန်းတို့ မဏ္ဍပ်တွင်းဝင်လာသမျှကို ဆီးကြိုဧည့်ခံနေကြသည်။ ခွန်သစ္စာတို့နှစ်ယောက်က

ခေါင်းမဖော်ဘဲ လွေးနေကြပြီ။ ဆာနေ၍လားမသိ၊ စားကောင်းသည်က ထမင်းတစ်ပန်းကန် ပြုက်ခနဲကုန်သည်။

"အသားသိပ် မနူးဘူး"

"အသားသာ မနူးတာ တစ်တုံးပြီးတစ်တုံး ခပ်ချနေတာ"

ခွန်သစ္စာပြောဘော့ ခွန်ထူးအောင် တဟီးဟီးရယ်ရင်း ဝက်သားတုံးတစ်တုံးကို ထပ်ခပ်လိုက်သည်။

"နူးများနူးရင်း ငုတ်ရိုက်သွင်းမှာနော်"

နှစ်ယောက်သား ကြိတ်ရယ်ကြသည်။ ပဲဟင်းချိုနွေးနွေးလေးကို တစ်ဇွန်းခပ်သောက်လိုက်၊ ငရုတ်သီးတောင့်လေးကိုက်လိုက်နှင့် ထမင်းဘယ်နှပန်းကန်မြောက်မှန်းပင် မသိတော့။

"ဟေ့ကောင်၊ ဟိုမှာကြည့်စမ်း"

ခွန်ထူးအောင် အလန့်တကြားပြော၍ သူညွှန်ပြရာ ကြည့်လိုက်မိသည်။ ခွန်သစ္စာရင်ထဲ ဒိန်းခနဲမြည်သွားသည်။ မဏ္ဍပ်နောက်ဘက် ထမင်းပွဲများပြင်ရာနေရာဆီ အကြည့်ရောက်ခိုက် ခွန်သစ္စာ မျက်လုံးတွေ ရွှေ့မရတော့။ အနက်ရောင်ထက်အောက်ဆင်တူ၊ ခေါင်းပေါင်းအပြာရောင်ဆင်တူဖြင့် အရုပ်လေးသုံးရုပ်ချထားသလို လှပတင့်တယ်လွန်းသော မျက်နှာလေးသုံးခု။ အလယ်မှ မျက်နှာလေးက လတစ်စင်းလို ဝင်းဝင်းပပရှိလှသည်။ တကယ့်ကို ထူးခြားသည့် နန်းကြာညိုရယ်ပါ။ မဏ္ဍပ်တွင်းမှာရှိသည့် မိန်းကလေးတိုင်းလိုလို ရိုးရာဝတ်စုံ အနက်ရောင်၊ ခေါင်းပေါင်းကိုယ်စီနှင့်ဖြစ်သော်လည်း နန်းကြာညိုလောက် လင်းလင်းပပမရှိကြ။ ဝင်းမွတ်မှုံ့အိ

သော အသားရောင်က အနက်ရောင်ကို ဘောင်ကွပ်ထားသလိုရှိပြီး နဖူးဝင်းဝင်းလေးပေါ်မှ ပြာပြာလွင်သော ခေါင်းပေါင်းလေးကလည်း မျက်နှာဝင်းဝင်းလေးကို ပိုပြီးတင့်တယ်စေသည်။ အထူးသဖြင့် ကြယ်ပွင့်နီနီလေးများ အစီအရီတပ်ထား၍ တလက်လက်တောက်ပနေသော ခေါင်းပေါင်းအနားသပ်ကြောင့် ကြာညို့မျက်နှာလေးက ပိုပြီးလင်းလက်နေသလို ထင်ရသည်။

"လှလိုက်တာကြာညိုရယ်၊ အားလုံးက နိုးရာဝတ်စုံနဲ့ဆိုပေမယ့် နင့်ကျမှ ဘာဖြစ်လို့ ဒီလောက်လှနေရတာလဲ"

ထိုစကားကို ရင်ထဲမှာသာပြောဖြစ်ရင်း ကြာညို့မျက်နှာလေးကို သတိလက်လွတ်ငေးစိုက်ကြည့်နေမိသည်။

"သစ္စာ သတိထားဦး၊ မျက်လုံးကြီး ကျွတ်ထွက်သွားဦးမယ်"

ခွန်ထူးအောင် သတိပေး၍ မျက်လုံးတွေကို လွှဲဖယ်လိုက်ရသော်လည်း စွဲထင်သွားသောပုံရိပ်ကို ဖျောက်ဖျက်မရခဲ့။ ရင်ထဲမှာတော့ တမြည့်မြည့် နာကျင်သည်။ ဒီအလှနှင့် ဒီဘဝဝေးခဲ့ပြီထင်သည်။

"မင်းကိုသာပြရတယ်၊ ပိုးမဏ္ဍာပ်အပြင်က မျက်လုံးတွေကို ကြည့်ဦး၊ အားလုံးက သူတို့သုံးယောက်ကိုပဲ ကြည့်နေတာ"

မဏ္ဍာပ်အပြင်မှာ စုရုံးရပ်နေသော ကာလသားအများစု၏ မျက်လုံးများက သူတို့သုံးယောက်ထံမှာရှိနေ၍ ခွန်ထူးအောင်ပြောသည်။

"အားလုံးက သူ့လွတ်လပ်ခွင့်နဲ့သူပဲကွာ၊ စိတ်ချမ်းသာသလို နေကြပါစေ"

ကိုယ့်အတွေးနှင့်ကိုယ် ထိုစကားကိုပြောပြီး ခွန်သစ္စာငြိမ်နေလိုက်သည်။ ခွန်ထူးအောင်က အခြေအနေကို ရိပ်မိပုံမရ။

"ဟား . . ဒီပွဲကမှ တကယ့်ပွဲကြမ်းကွ၊ ဟိုမှာ ကပ်ဆွဲနေပြီ" ခွန်ထူးအောင်အပြောကြောင့် သစ္စာလှည့်ကြည့်လိုက်သည်။ လူတစ်ယောက် ကင်မရာတစ်လုံးနှင့် နန်းကြာညိုတို့သုံးယောက်ကို အနီးကပ် ဓာတ်ပုံရိုက်နေသည်။

"ဘယ်သူဖြစ်နိုင်မလဲ"

"ဘယ်သူလဲတော့ မသိဘူး၊ ကြာညိုနဲ့တော့ ရင်းနှီးပုံပဲ"

နန်းချစ်မေပြောသည့် ဧည့်သည်ဆိုတာများလားဟု တွေးလိုက်မိသည်။ ဓာတ်ပုံက မျက်နှာ၊ တစ်ကိုယ်လုံး၊ ဘေးတိုက် စသည်ဖြင့် တစ်ကွက်ပြီးတစ်ကွက် ရိုက်နေ၍ မပြီးနိုင်အောင်ဖြစ်နေသည်။ မြင်ကွင်းကို ဆက်မကြည့်လို၍ ခွန်သစ္စာထွက်သွားမည်ပြင်လိုက်သည်။ ခွန်ထူးအောင် နားလည်သဘောပေါက်ပြီး ထလိုက်ရန်ပြင်သည်။

"ထူးအောင်နဲ့သစ္စာ, မင်းတို့နှစ်ယောက်ကို ကြာညိုက ခဏလောက်လာပါတဲ့၊ ဧည့်သည်နဲ့ မိတ်ဆက်ပေးချင်လို့တဲ့"

ခွန်သိန်းထွန်း ရုတ်တရက်ရောက်လာပြီးပြော၍ နှစ်ယောက်သားတစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။

"သွားစမ်းကွာ၊ ဟိုမှာ ကြာညိုစောင့်နေတယ်၊ ဧည့်သည်ကို အားနာစရာ"

ယဉ်ကျေးမှုအရ မသွားလို့မဖြစ်။ ကိုယ်က အိမ်ရှင်၊ သူက ဧည့်သည်ဖြစ်၍ ဧည့်ခံရမည်က ကိုယ့်ဝတ္တရားဖြစ်သည်။ လေးပင်သောခြေလှမ်းများဖြင့် ခွန်သစ္စာ လှမ်းထွက်လာခဲ့သည်။ ခွန်ထူးအောင်က နောက်မှ ကပ်လိုက်လာသည်။ အနားအရောက် ပြုံးရွှင်သော

မျက်နှာလေးဖြင့် ကြာညိုဆီးကြိုသည်။ ဟန်ဆောင်ပြုံးလားတော့ မသိ။

"ဒီမှာလေ တောင်ကြီးက ခတ်ပုံဆရာ ကိုသူရတဲ့၊ တောင်ကြီးမှာကတည်းက ကြာညိုနဲ့ခင်တာ၊ သူက မြန်မာပြည်အနှံ့သွားပြီး ခတ်ပုံတွေလျှောက်ရိုက်နေတာ၊ ကြာညိုတို့ ပအိုဝ်းစုပေါင်းအလှူကို အခုမှ ကြုံဖူးလို့တဲ့၊ သဘောကျနေတာ၊ ကိုသူရ ဒါ ကြာညို ပြောပြောနေတဲ့ သစ္စာလေ၊ သူက ထူးအောင်တဲ့"

ကြာညိုမိတ်ဆက်ပေး၍ အလိုက်သင့်ပြုံးပြလိုက်ရသည်။

"တကယ်ချီးကျူးတယ်ဗျာ၊ ဒီလောက်လူတွေ ထောင်သောင်းချီနေတာ အားလုံးက ရိုးရာဝတ်စုံတွေနဲ့ပဲ၊ ရိုးရာဓလေ့ကို တော်တော်တန်ဖိုးထားကြတယ်"

ကိုသူရက နှုတ်မှ ထုတ်ဖော်ချီးကျူးနေ၍ မနေတတ်၊ မထိုင်တတ်ဖြစ်သွားရသည်။ ခွန်သစ္စာတို့ ယောကျ်ားလေးများအားလုံးလည်း ပြင်ပမှာ ဘယ်လောက်ပဲခေတ်မီနေပါစေ၊ ပွဲလမ်းသဘင်ရှိလျှင် ရိုးရာဝတ်စုံသာ ဝတ်ကြရသည်။ မိန်းကလေးများလည်း ထို့နည်းအတူဖြစ်သည်။

"ဒါက ကြာညိုတို့ရဲ့ ရိုးရာပဲ ကိုသူရရဲ့၊ တန်ဖိုးထားရမှာပေါ့၊ အိမ်ထောင်ရှင်ဖြစ်သွားရင် အမြဲတမ်း ရိုးရာဝတ်စုံပဲလေ"

ကြာညိုပြောပြ၍ ကိုသူရက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသည်။

“ကဲဗျာ၊ အားလုံးအမှတ်တရဖြစ်သွားအောင် ကျွန်တော် ဓာတ်ပုံရိုက်ယူသွားမယ်၊ ခင်ဗျားတို့ ကျွန်တော့်ကို ကြည့်ပြီး စုံတွဲလေးတွေနေပေးပါ”

ကိုသူရစကားအဆုံး ကြာညိုက ခွန်သစ္စာလက်ကလေးကို ဖွဖွလာကိုင်သည်။ တကယ့်ကို ဖွဖွနွေးနွေးလေးပါ။ ပြီးတော့ တိုးတိုးလေး ပြောသည်။

“သူက ညှိသည်ဆိုတော့ ကြည့်ရမှာနော်၊ သစ္စာကတော့ ကြာညိုရဲ့ အမြဲတမ်းအိမ်ရှင်ပေါ့” . . . တဲ့။

* * * * *

## ဆောင်းပေါင်မိုး

လေကတချက်ကြမ်းတိုးဝင်လာသည်။ တပေါင်း၊ တန်ခူး လေရှူး သုန်သုန်ဟူသောစကားက တောင်ပေါ်ဒေသအတွက်လည်း မမှား ပေ။ ကောင်းကင်ကညိုသည်ဆိုရုံလေးသာ ရှိသေးသည်။

"တီလေး၊ ကောင်းကောင်းကိုင်ထားနော်"

အဖော်ဖြစ်သူက သတိပေးရင်း ဆိုင်ကယ်အရှိန်ကိုမြှင့်တင်လိုက် သည်။ အကွေ့အဝိုက်၊ အတက်အဆင်းများသော လမ်းဖြစ်၍ သတိနှင့် မောင်းနေရသည်။ အမြင့်က ပေငါးထောင်နီးပါး။

"သတိထားမောင်းနော်"

ခင်လေး သတိပေးလိုက်သော်လည်း အရှိန်ကမလျှော့။

"မိုးရွာတော့မယ် တီလေးရဲ့၊ တောင်ပေါ်မိုးက လွယ်တာ မဟုတ်ဘူး"

ကိုယ့်ထက်ငယ်ရွယ်သော်လည်း အတွေ့အကြုံ ဗဟုသုတများသူ လေးဖြစ်၍ တစ်စုံတစ်ရာကို ကြိုတင်တွက်ဆမိပုံရသည်။ ခင်လေး ကတော့ ဘာရယ်မဟုတ်။ တရိပ်ရိပ်ပြေးနေသော ဆိုင်ကယ်အရှိန် ကြောင့် မျက်နှာကို တိုးဝင်လာသော အေးမြူးရှုသည့် လေအရသာကို နှစ်ခြိုက်စွာခံစားရင်း ပတ်ဝန်းကျင်ရှုခင်းများကို မက်မက်မောမော

ကြည့်ရင်း လိုက်ပါခဲ့သည်။ တစ်ခါတလေတော့လည်း သဘာဝ ရှုခင်းများက ခင်လေးရင်ကို ထိထိမိမိ ကြည်နူးချမ်းမြေ့စေသည်။ သာယာလှပသော မြင်ကွင်းတစ်ခုကို ခံစားခွင့်ရ၍ ကြည်နူးချမ်းမြေ့ခြင်းထက် ကိုယ့်မြေ၊ ကိုယ့်ရေမှာ ဒီမျှလှပသော ရေ၊ မြေ၊ တောတောင်တို့ရှိနေ၍ ဂုဏ်ယူပီတိဖြစ်မိခြင်းပါ။ မြင်းမထိရွာ အထွက်မှာ ပြေပြစ်သောလမ်းက တစ်စတစ်စ မြင့်တက်လာသည်။ လမ်းဘေးဝဲယာ ဂေါ်ဖီထုပ်စိုက်ခင်းများကို တွေ့ရသည်။ ခင်လေးတို့ တည်းခိုသည့်အရပ်မှာလို အာလူးခင်းများမရှိသည်ကို သတိပြုမိသည်။

"ဒီဘက်မှာက ဂေါ်ဖီစိုက်တာများတယ်နော်"

ဒေသချင်းမဝေးလှသော်လည်း စိမ်းမြသည့် အာလူးခင်းများမရှိဘဲ မြေပြင်မှာ ခပ်ဝပ်ဝပ်နှင့် အကွာအဝေးညီစီနေသော ဂေါ်ဖီခင်းများကိုသာ တွေ့ရ၍ မေးလိုက်မိသည်။

"အာလူးက ထီရွေးတစ်ဝိုက်မှာပဲရတာ"

နှစ်လိုက်တာဟု စိတ်ထဲက ချီးကျူးမိသည်။ သူလေးကို အဖော်အဖြစ် ခေါ်လာခဲ့မိသည့် ကိုယ့်ကိုယ်ကိုယ်လည်း ကျေနပ်လိုက်မိသည်။ ခရီးထွက်ဖို့ရန် စိတ်ကူးမိစဉ်ကပင် ရှမ်းပြည်သွားပါလားတီလေးဟု သူအကြံပေးခဲ့ခြင်းဖြစ်သည်။ သူပြောတာလည်း မှန်သည်။ ထီရွေး၊ ထီရိုင်တစ်ဝိုက်မှာ မကြာခဏ တွေ့ရသည့် သစ်တော်စိုက်ခင်းများလည်း ဒီဘက်မှာ မတွေ့ရ၍ ရေကြော၊ မြေကြောမတူသည်ကို သတိထားမိသည်။

"အပြန်သစ်ပင်ကြီးတွေအောက်မှာ ဝင်နားမယ် အစီအစဉ်လည်း မဖြစ်တော့ဘူး တီလေးရေ"

အလာခရီးမှာ သစ်ပင်ကြီးတွေ စုရုံးပေါက်နေသော ကားလမ်းဘေးတစ်နေရာကို သဘောကျ၍ ဝင်နားမည်ဟု ပြောခဲ့ဖူးသည်ကို သတိရသွားဟန်တူသည်။ လုံးပတ်ကြီးမားပြီး အကိုင်းအခက်လည်း ဝေဆာလှ၍ နေပြောက်မထိုးနိုင်အောင် အုပ်မိုးပေးထားသည်က ခရီးသွားများကို နားနေရန် ဖိတ်ခေါ်သလိုရှိသည်။ ခင်လေးတို့ ဖြတ်လာစဉ်က ခရီးသွားအချို့ အရိပ်ခိုနေသည်ကို တွေ့ခဲ့ရသည်။ ခင်လေးတို့ပင် ခရီးစဉ်တစ်လျှောက်လုံး တောင်ပေါ်နေခြည်နွေးကို ပူရှိန်းရှိန်းခံစားခဲ့ရာမှ သစ်ပင်ကြီးများအောက်အရောက်မှာ အေးစိမ့်သည့်အရသာကို ရုတ်ခြည်းခံစားလိုက်ရသည်။ ထိုအရသာကို ကြာရှည်ခံစားချင်သည်လည်းပါသည်။ သက်တမ်းရင့် သစ်ပင်ကြီးများကို လေ့လာချင်သည်လည်းပါ၍ အပြန်မှာ ဝင်နားမည်ဟု ပြောခဲ့ခြင်းဖြစ်သည်။ ကဖျက်ယဖျက်မိုးကြောင့် အစီအစဉ်ဖျက်ရတော့မည်ထင်သည်။ နံနက်ခင်းပိုင်းထွက်လာစဉ်က မိုးရိပ်မိုးခြည်လုံးဝမရှိခဲ့။ မြူလိုလို၊ နှင်းလိုလို ပါးလွှာဖြူဆွတ်သော အရာအချို့သာ တောင်ခြေတစ်ဝိုက်မှာတွေ့ရ၍ ရာသီဥတု သာယာသည်ဟုပင် သူပြောခဲ့မိသေးသည်။

"တီလေးရေ တကယ်ရွာပြီ"

ပြောပြောဆိုဆို မိုးစက်အချို့သူ့လက်ခုံပေါ် ကျလာမှ မိုးရွာ ပြီမှန်း ခင်လေးသိလိုက်သည်။ ကိုယ့်အရပ်မှာလို ညို့ညို့မှိုင်းမှိုင်း မိုးရိပ်ဆင်ခြင်းမရှိ၍ တကယ်ရွာမည်ဟု ခင်လေးမထင်ခဲ့။

"ဖွဲဖွဲ ရွာမယ်ထင်ရဲ့၊ မိုးတိမ်တွေ များများစားစားမှ မရှိတာ" အထင်နှင့်ပင် ခင်လေးစိတ်ထဲ ထူးထူးခြားခြား မခံစားမိ။ မိုးရွာတော့လည်း မိုးရေထဲ ဆိုင်ကယ်စီးရသည့်အရသာကို ခံစားဖူးတာပေါ့ဟုပင် တွေးဖြစ်လိုက်သည်။ ဆိုင်ကယ်က အရှိန်ကောင်းနေဆဲ။ လမ်းဘေးမြင်ကွင်းအချို့ပင် တရိပ်ရိပ်ကျန်ရစ်သည်။

"သိပ်အမြန်ကြီးမမောင်းနဲ့ ဖြူဖြူရေ၊ မိုးရွာတော့လည်း တစ်နေရာမှာ ဝင်နားကြတာပေါ့"

သတိပေးလိုက်သော်လည်း ဆိုင်ကယ်အရှိန်ကို ရုတ်တရက် မလျှော့။ အောက်ပြည်မှာကတည်းက သူဆိုင်ကယ်စီး ကျွမ်းကျင်သည်ကိုသိသော်လည်း ကိုယ့်အရပ်ဒေသလို ညီညာပြေပြစ်သောလမ်းမဟုတ်၍ ခင်လေး မကြာခဏ သတိပေးနေရသည်။ အချို့နေရာများမှာ တောင်ကမ်းပါးယံကို ပတ်ဖောက်ထားသည့်အပြင် အကွေ့အဝိုက်ကလည်း များလွန်းလှသည်။ ဆိုင်ကယ်မဆိုထားနှင့် ကားလိုအရာမျိုးပင် အရှိန်မထိန်းနိုင်၍ ကတ္တရာလမ်းကိုကျော်လွန်ပြီး မြေသားထဲရောက်သွားသည်အထိ ကွေ့ဝိုက်မောင်းနေရသည်။ အချို့နေရာဖာတော်များများမှာ အင်္ဂလိပ်အက္ခရာ ဗွီပုံသဏ္ဍာန်ဖောက်ထားသည်ကိုလည်း သတိထားမိသည်။ ကားလမ်းက အောက်ဘက်မှ အရှိန်ဖြင့်တက်လာပြီး အပေါ်မှာ တောင်မတ်မတ်ကြီးက ထီးထီးမားမား ဆီးကြိုနေသည့်နေရာမျိုးလည်းရှိသည်။

လမ်းများအားလုံး ချိုင့်ကျင်းဟူ၍ မရှိဘဲ ညက်ညောနေသည်ကိုတော့ ခင်လေးသဘောကျမိသည်။ မိုးက တစ်စတစ်စ များလာ

သည်။ တောရိပ်တောင်ရိပ်များကြောင့် မှောင်လာသလိုလည်း ထင်ရသည်။ မိုးစက်ကြီးများ ကြီးလွန်း၍ မိုးသီးကြွေတာများလားဟု ထင်မှတ်ရင်း မကြာခဏ လက်ဖဝါးဖြင့် ခံယူကြည့်မိသည်။ လေအဝှေ့မှာ ပက်ဖျန်းလာသော မိုးစက်များကြောင့် ပါးပြင်တစ်ခုလုံး ကျိန်းစက်လုအောင် ခံစားရသည်။

"မိုးစက်ကြီးတွေ ကြီးလိုက်တာ"

ရှေ့မှ မောင်းနေသူလည်း သတိထားမိပုံရသည်။

"ဒီအရပ်မှာက မိုးရွာတာလည်း မြန်တယ်၊ အရှိန်လည်း ပြင်းတယ်"

"ဒါကြောင့် တီလေးကို မိုးလွတ်အောင်သွားကြမယ် ပြောတာပေါ့၊ အခုတော့ မရတော့ဘူး"

ပြောပြောဆိုဆို မိုးက သည်းသထက်သည်းလာ၍ ဆိုင်ကယ် အရှိန်လည်း လျော့သွားသည်။ ရှေ့မှ မောင်းသူမဆိုထားနှင့် နောက်မှ ထိုင်လိုက်သူပင် အေးစိမ့်နေသည့် မိုးအရသာကို အသားများ ထုံကျင်နေသည်အထိ ခံစားရသည်။ ပတ်ဝန်းကျင်ကိုလည်း သဲသဲကွဲကွဲ မမြင်ရ။

"ဘယ်နေရာရောက်ပြီလဲ၊ ခဏနားလိုက်ရင်ကောင်းမယ်ထင်တယ်"

ခင်လေးအကြံပေး၍ သူခေါင်းညိတ်သည်။ သူလည်း ခံနိုင်ရည်မရှိတော့ဟန်တူသည်။ နားခိုရာကို နှစ်ယောက်သား မျက်စိကစားရင်း ရှာဖွေကြည့်ကြသည်။ ရွာဆက်ဝေးနေ၍လားမသိ၊

အဆောက်အအုံမဆိုထားနှင့် သစ်ပင်ကြီးကြီးမားမားပင် မတွေ့ပြန်၍ ရှေ့ဆက်မောင်းလာရသည်။ ဘယ်နေရာဟူ၍လည်း ကွဲကွဲပြားပြားမသိတော့ပြီ။

"ရှေ့နားလောက်မှာတော့ ရွာရှိမယ်ထင်တယ် တီလေး၊ နည်းနည်းလေး သည်းခံလိုက်",

သူကပင် တစ်ပြန်အားပေးနေ၍ ငယ်ရွယ်သူဖြစ်သော်လည်း ခံနိုင်ရည်ရှိသော စိတ်ကလေးကို ခင်လေး ချီးကျူးမိသည်။ အမှန်လည်း ဒီခရီးစဉ်ကို သူဦးဆောင်ပြီးခေါ်လာခြင်းဖြစ်သည်။ သူက ပထမအကြိမ်ရောက်ဖူးပြီးပြီဖြစ်၍ ခင်လေးအတွက် အချိန်ပေးလိုက်လာခြင်းဖြစ်သည်။ အစစအရာရာလည်း အားကိုးရသည်။ ငယ်ရွယ်သူပီပီ သွက်လက်ဖျတ်လတ်၍ အမြဲတမ်း တက်ကြွပျော်ရွှင်နေတတ်သူလေးဖြစ်သည်။ ခင်လေးက သူ့လိုမဟုတ်။ ခရီးထွက်ချင်လွန်း၍သာ ထွက်လာရသည်။ ပင်ပန်းသည်ကိုလည်း သည်းခံနိုင်သူမဟုတ်၊ လှည့်ပတ်သွားလာရသည်ကိုလည်း ဖျင်းလိုက်သေးသည်။ တည်းခိုသည့်ရွာလေးမှာပင် ပတ်ဝန်းကျင်ရှုခင်းများနှင့် လူနေမှုစရိုက်ကို တအံ့တဩဖြစ်ရင်း သဘောကျနေတတ်သူ။ နံနက်လင်း၍ အိပ်ရာထသည်နှင့် ပထမဦးဆုံး မြင်ကွင်းထဲဝင်လာသည့် တောင်ကြီးတွေကို ငေးမောကြည့်၊ လှလိုက်တာဟု တဖွဖွ ညည်း။ ပြီးလျှင် အာလူးခင်းညိုညိုစိုစိုများကို ဖြတ်သန်း၍ ပေငါးဆယ်ခန့်အကွာမှ ရေချိုးခန်းနှင့် အိမ်သာဆီသွား၍ ကိုယ်လက်သန့်စင်သည်။

ခင်လေးတို့အရပ်မှာ နွေလယ်ခေါင်ကြီးဖြစ်၍ ချွေးဒီးဒီးကျ၊ ပူပြင်းလှသော်လည်း ဒီအရပ်မှာ ခြေအိတ်၊ လက်အိတ်တွေ စွပ်ထားရလောက်အောင် အအေးဓာတ်ကပြင်းထန်လှသည်။ ညအိပ်ရာဝင်လျှင် ဘယ်သောအခါ စောင်ခေါင်းမြီးခြုံလေ့မရှိသော ခင်လေးက လူတစ်ယောက်မ၍ပင် မလုံသော စောင်ကြီးကို ခေါင်းမြီးခြုံပြီး အိပ်ရသည်။ နှအေးလွန်း၍ ပေါ်နေသည့် အသားလေးတွေ ပုံကြွေသွားမလားထင်မှားရသည်။ အေးတာလည်း မပြောနှင့်၊ အမြင့်ပေ လေးထောင်ခုနစ်ရာရှိသောအရပ်၊ တောင်တွေကလည်း အထပ်ထပ်ကာရံထားသေးသည်။ ညလယ်က ဘယ်လောက်ပဲအေးပါစေ။ နံနက်လင်းလျှင် ခင်လေးမထဘဲ မနေနိုင်၊ တောင်အထပ်ထပ်ကြားမှ အရှိန်ယူနိုးထလာရသော နေလုံးကြီးကိုလည်း ကြည့်ချင်သည်။

ဆေးခန်းရှေ့မှ အဆုပ်လိုက်၊ အခိုင်လိုက် ပွင့်နေသော ပန်းဆီရင့်ရင့် နှင်းဆီပန်းများကို အားပါးတရ ခူးရင်း ဘုရားကပ်လှူချင်သည်။ ပျားတဝီဝီကြားမှ အရွက်မမြင်ရလောက်အောင် ခဲခဲလှုပ်ပွင့်သော နှင်းဆီပန်းများကို ကတ်ကြေးတစ်လက်ဖြင့် ကိုက်ဖြတ်ယူရသည့် အရသာက စိတ်လှုပ်ရှားလှသည်။ ယင် ပျားများဖြစ်၍ ကိုက်လျှင်တောင် အဆိပ်မပြင်းမှန်းသိနေ၍ နှင်းဆီပန်းကို နံနက်တိုင်း ခင်လေး ခူးဖြစ်သည်။ ဘုရားကပ်လှူပြီး ကိုယ့်ခေါင်းလည်း ပန်၍ ဒေသခံများ အထူးအဆန်းဖြစ်နေကြသည်။ သူတို့အားလုံး ခေါင်းပေါင်းကိုယ်စီပေါင်းထား၍ ပန်းဆိုသည်က သူတို့အတွက်

ဘုရားလှူရန်အတွက်သာ အသုံးဝင်သည်။ ဘုရားဝတ်ပြုပြီးမှ ဘီလူးချောင်းကမ်းပါးဆီ ခင်လေး ထွက်လာသည်။ ကိုယ့်ထက် ဦးသူတွေက ဘီလူးချောင်းထဲမှာ ရှိနေခဲ့ပြီ။ ချောင်းရေကို အာလူး ခင်းထဲသို့ မောင်းယူနေသူများ၊ ဘီလူးချောင်းကမ်းပါးမှာရှိသော ကြက်သွန်ဖြူစိုက်ခင်းများမှ အပင်များကို နုတ်ယူနေသူများ၊ အချို့က အဝတ်ပုံကြီးများကို ကျောက်တုံးပေါ်တင်လျက် ဒိုက်ကီ ဆပ်ပြာမှုန့်ကြီး တစ်ထုပ်နှင့် အဝတ်ထိုင်လျှော်နေသည့် အပေါ် အောက်၊ အနက်ရောင် ခေါင်းပေါင်းအဝါနှင့် ပအိုဝ်းအမျိုးသမီးကြီး များကိုလည်း တွေ့ရသည်။

ခင်လေးနှင့်ဆုံလျှင် သူတို့ပြုံးပြနှုတ်ဆက်ကြသည်။ တောင်ပေါ်မှ ရေကို ရေသန့်စက်ဖြင့် သန့်စင်၍ ရေလှောင်ကန်ကြီး အတွင်းမှ အိမ်တိုင်းလိုလို သယ်ယူသုံးစွဲကြသော်လည်း ဘီလူး ချောင်းကိုတော့ အားထားကြပုံရသည်။ ကလေး၊ လူကြီး ဘီလူး ချောင်းအတွင်းမှာ ရေဆင်းချိုးကြသည်။ ထိုအထဲမှာ ခင်လေး လည်းပါသည်။ နံနက်ကိုးနာရီခန့်ဆိုလျှင် ဘီလူးချောင်းထဲ ခင်လေး ရောက်သွားပြီ။ အောက်ခြေရှိ ကျောက်စရစ်မှုန်လေးများ၊ ခရု ပေါက်စလေးများနှင့် ငါးပေါက်ကလေးများအထိပါ မြင်နေရသော ချောင်းရေကြည်ကြည်ထဲ ဆင်းစိမ်ရသည့်အရသာကို ခင်လေး သဘောကျသည်။ ပအိုဝ်းကျောင်းသူလေးများဖြစ်သော နန်းခင်ထွေးမွန်တို့အဖွဲ့၏ ရေငုပ်ပြီး ကျောက်စရစ်ခဲဖမ်းသည့် ကစားနည်းကိုလည်း တမေ့တမောထိုင်ကြည့်သည်။ တစ်ယောက် ယောက်က ကျောက်ခဲကို အပေါ်ပစ်တင်လိုက်ပြီး ရေထဲသို့ ပြန်ကျ

လာသည့်အခါ ရေငုပ်ပြီး ဖမ်းယူရခြင်းဖြစ်၍ သူတို့အားလုံး ရေနက်ရာ ကျောက်ဆောင်ကြီးဘေးမှာ ကစားကြသည်။ ခင်လေးက ဒူးဆစ်သာသာ ရေထဲမှာစိမ်ရင်း သူတို့ကို အားပေးသည်။

"သမီးနာမည် ဘယ်လိုခေါ်လဲ"

"နန်းခင်ထွေးမွှန်ပါရှင့်"

"သားနာမည်ကရော"

"ခွန်ဇော်ထူးပါခင်ဗျ"

အဖျားသတ်စကားလုံးတိုင်းမှာ လိမ္မာယဉ်ကျေးသော အသုံးအနှုန်း လေးများပါနေ၍ သူတို့နှင့် စကားပြောရသည်ကို ခင်လေး ကြည်နူး လှသည်။ ချောင်းရေကလည်း နွေးနွေးလေးနှင့် စိမ်လို့ကောင်းလှ သည်။ ထူးခြားသည်က နံနက်စောစော အေးသည့်အချိန်တွင် ချောင်းရေက နွေးနေပြီး နေ့လယ်နေ့ခင်းတွင် ချောင်းရေက အေး စိမ့်နေခြင်းဖြစ်သည်။ ချောင်းထဲမှတက်လာလျှင် နံနက်စာကို ကိုယ့် စိတ်ကြိုက် ပြင်ဆင်စားနိုင်သည်။ မီးပြတ်သည်ဟုမရှိဘဲ အမြဲလိုလို လာနေသော လျှပ်စစ်မီးကြောင့် တစ်ရွာလုံး ထင်းမသုံးသည်ကို လည်း ခင်လေး သတိထားမိသည်။ ဧည့်သည်ဖြစ်သော ခင်လေး ကိုယ်တိုင်လည်း ထမင်းဟင်းချက်ရသည်ကို အပန်းတကြီးမရှိလှ၍ ကိုယ်စားချင်ရာကို စားခါနီးမှ ထချက်စားလိုက်သည်။

ပြီးလျှင် စကိုင်းနက်ကြည့် စာဖတ်လုပ်လေ့ရှိ၍ အဖော်ဖြစ်သူ က အားမလိုအားမရဖြစ်နေသည်။ ဒီနေ့ နံနက်စောစော အိပ်ရာ ထချိန်မှာတော့ ခင်လေးထက် ဦးအောင် သူနိုးနေပြီး အစ်ကိုဖြစ်သူ ၏ ဆိုင်ကယ်ကို တသသလုပ်နေသည်။

"တီလေးကို ဒီနံနက် မြင်းမထိလိုက်ပို့မယ်"

"အဝေးကြီးလား"

အပို့ခံရမည့်သူက မေးဆစ်လိုက်သေးသည်။

"မဝေးဘူး၊ နီးနီးလေးရယ်"

ရောက်တုန်းရောက်ခိုက်ဖြစ်၍ မငြင်းဆန်လိုဘဲ ခင်လေး ခေါင်းညိတ်လိုက်ပြီး နှစ်ယောက်သား ထွက်လာခြင်းဖြစ်သည်။ သမိုင်းမှာ အထင်ကရသိထားခဲ့သော မြင်းမထိဖြစ်၍ စိတ်ဝင်စားသည်လည်း ပါသည်။ အလာခရီးမှာကတည်းက ခင်လေးတို့ တည်းခိုသော အရပ်နှင့် အတော်အသင့်ဝေးကွာသည်ကို သတိထားမိလိုက်သည်။ ထူးဆန်းအံ့ဖွယ်ရာ ကျောက်ဂူကြီး၏ အတွင်းပိုင်းကိုဝင်ပြီးချိန်မှစပြီး လာခဲ့ရသည့်ခရီးစဉ်ကို တန်ဖိုးထားလိုက်မိသည်။ ဂူအတွင်းမှ ထူးဆန်းသော ကျောက်စက်ပန်းဆွဲပုံသဏ္ဌာန်များကို တံတားလေးများ ရေးကပ်ထားရာ အမှန်တကယ်တူနေ၍ တအံ့တဩဖြစ်ရသည်။ ကျောက်စက်ပန်းဆွဲများမှ တစိမ့်စိမ့်ကျနေသည့် ရေကြောင့် ချွဲကျိစေးထန်းသော ဂူအတွင်းပိုင်း ကျောက်လမ်းကလေးကို သတိထားလျှောက်ရင်း၊ ဦးခေါင်းနှင့် အလွတ်ကြီးဖြစ်ပါလျက် မလွတ်တလွတ်ဟုထင်ပြီး သတိထားလျှောက်ရသည့် စိုးတထိတ်ထိတ် အရသာကို ခံစားရင်း ခင်လေးတို့ ပြန်ထွက်ခဲ့ကြသည်။ မြန်မြန်ဆန်ဆန် ပြန်ထွက်လာသည်ကိုပင် ကျေးဇူးတင်ရမလို ဖြစ်နေသည်။

"ရှေ့မှာ ရွာတွေပြီ တီလေး"

လမ်းဘေးမှာရှိသည့် အဆောက်အအုံအချို့ကိုတွေ့ပြီး မကြာမီ သစ်ပင်များအုံ့ဆိုင်းနေသော ရွာကြီးတစ်ရွာကို တွေ့လိုက်ရ၍ စိတ်ထဲပျော်သွားရသည်။ ရွာက လမ်းဘေးကပ်လျက်ဖြစ်၍ ဈေးဆိုင်အချို့လည်း လမ်းဘေးမှာရှိနေသည်။ ဆိုင်ကယ်ကို ဈေးဆိုင်ရှိရာ မောင်းဝင်လိုက်သည်။ ကံကောင်းသည်ဟု ပြောရမည်။ စတိုးဆိုင်သဘောမျိုးဖြစ်ပြီး လက်ဖက်ရည်သောက်နေသူ အချို့လည်းရှိ၍ ရုတ်တရက် ဝမ်းသာလိုက်မိသည်။ ယခုလို ချမ်းအေးနေသည့်အချိန်မျိုးမှာ လက်ဖက်ရည်တစ်ခွက်လောက် သောက်လိုက်ရမှ နေသာထိုင်သာရှိမည်။ ဝင်ဝင်ချင်းမှာ ဆိုင်ရှင်က ဆီးကြိုနေရာပေးသည်။

"လက်ဖက်ရည်သောက်မယ် တီလေး"

စိတ်ကူးချင်းတူနေ၍ ခေါင်းညိတ်လိုက်ပြီး ပါးစုံထိုးထားသော အမျိုးသမီးထံ လက်ဖက်ရည်နှစ်ခွက် လှမ်းမှာလိုက်သည်။ အမျိုးသမီးက ဆိုင်ရှင်ဖြစ်ပုံရသည်။ ခင်လေးတို့နားလျှောက်လာပြီး ပြုံးပြုံးလေး ရပ်နေသည်။ လက်ဖက်ရည်ထပ်မှာလိုက်သော်လည်း ရပ်နေမြဲဖြစ်၍ ဗမာစကား နားမလည်မှန်း ခင်လေးသိလိုက်သည်။

"ဗမာစကားကို ရေလည်အောင် နားမလည်ဘူး၊
လက်ဖက်ရည် ရောင်းတာလည်း မဟုတ်ဘူး။ ကျွန်တော်တို့
တောင် မိုးခိုရင်းနဲ့ ကော်ဖီမစ်တွေ့လို့မှာသောက်တာ"

ခင်လေးတို့လို မိုးခိုနေသည့် ဗမာလူမျိုးလည်းဖြစ်ပုံရသော အမျိုးသားတစ်ဦးက ပြောလိုက်မှ ခင်လေးတို့ရော ထိုအမျိုးသမီးပါ သဘော

ပေါက်ပြီး ကော်ဖီထုပ်နှစ်ထုပ်နှင့် ရေနွေးဓာတ်ဘူးကို အဆင်သင့် ချပေးလာသည်။ ပြုံးချိုသောမျက်နှာလေးဖြင့် မပီမသစကား တစ်ခွန်းကို ပြောသော်လည်း နားမလည်လိုက်၍ ကျေးဇူးတင်ပါ တယ်ဟုသာ ပြောလိုက်ရသည်။ ကော်ဖီပူပူလေးသောက်လိုက်ရ၍ အနည်းငယ် နွေးနွေးထွေးထွေးဖြစ်သွားသည်။ ဒါဘာရွာလဲဟု အနားမှာထိုင်နေသူတစ်ဦးကို မေးလိုက်ရာ လွှင်ရွာဟု ဖြေသည်။

"အချိန်ဖြုန်းလို့မရဘူး တီလေးရဲ့၊ လွှင်ရွာဆိုတော့ အတော်လေး မောင်းရဦးမှာ၊ အချိန်ကိုလည်း ကြည့်ဦး"

လက်မှနာရီကိုကြည့်မိစဉ် လေးနာရီရှိပြီဖြစ်၍ အချိန်မသေးလှ ကြောင်းသိလိုက်ပြီး နှစ်ယောက်သား ကသုတ်ကရက်ထလိုက်ကြ သည်။ ဆိုင်ရှင်ကို ငွေရှင်းပြီးထွက်လာစဉ် မိုးဖွဲဖွဲရွာနေသေးသည်။ တီကျစ်မရောက်မီ အခြေအနေက အေးချမ်းနေသော်လည်း နာရီ ဝက်ခန့်အကြာမှာ လေရော၊ မိုးပါ တစ်ကျော့ပြန်လာသည်။ အောက် အရပ်မှာလို နွေမိုး ရွာပုံမျိုးမဟုတ်ဘဲ သည်းသည်းထန်ထန်ရွာ၍ စိတ်တထင့်ထင့်ဖြစ်ရသည်။ အချိန်ကလည်း လင့်လှပြီ၊ ဆိုင်ကယ် ကလည်း မိုးရောလေကြောင့် တုံ့ဆိုင်းဆိုင်းဖြစ်နေရသည်။ လမ်းမပေါ်ကြည့်လိုက်စဉ် မိုးရေထဲမှာ ဆိုင်ကယ်တစ်စီးနှင့် မိန်းကလေးနှစ်ယောက်တည်းဖြစ်နေ၍ အားငယ်စိတ်ပင် ဝင်လာရ သည်။ ခရီးသွား၊ ခရီးလာဆို၍ ကိုယ့်နှစ်ယောက်တည်းသာရှိ သည်။ တစ်ခါတစ်ရံ ရှေ့တူရူမှလာသော ဆယ်ဘီးကားကြီးများကို အနီးကပ်မှ ဘွားခနဲတွေ့လိုက်ရသည်။ ခင်လေးက အလန့်

တကြားနှင့် လမ်းဘေးဆင်းရှောင်ဖို့ တိုက်တွန်းသော်လည်း သူက လက်မခံ။

"ရပ်ပေးထားတာ အန္တရာယ်ကင်းတယ်တီလေး၊ တော်ကြာ လမ်းဘေးမြေသားက ပျော့နေတော့ ဆိုင်ကယ်က အရှိန်နဲ့ ဆင်းလိုက်ရင် ကျွမ်းပစ်ကျသွားမှာပေါ့"

ဆိုက်ကယ်စီးနေကျဖြစ်သော သူ့စကားကို ခင်လေး နားထောင်ရသည်။ အလကာခရီးမှာ သာယာလှပလွန်း၍ တဖွဲ့တသြငေးမော ကြည့်ခဲ့ရသော သဘာဝရှုခင်းများလည်း မိုးရေအောက်မှာ လုံးလုံး ထွေးထွေးဖြစ်ကုန်သည်။ တစ်ပင်လုံး အရွက်မမြင်ရအောင် ပန်းရောင် ပွင့်ဖတ်များသာ ဖုံးလွှမ်းထားသော ချယ်ရီပင်ကြီးလည်း မိုးရေ အောက်မှာ ပွင့်ဖတ်များကြွေချရင်း မိုးဒဏ်ကို အလူးအလဲခံနေရ သည်။ ရေစီးကြောင်းမှာ မျောပါနေသော ပွင့်ကြွေများကို ဆိုင်ကယ်ဖြင့် ဖြတ်နင်းစဉ် နှမြောသလိုဖြစ်လိုက်မိသည်။ မိုးက နည်းနည်းလေးမှ ရပ်သွားသည်မရှိ။ လေရော မိုးပါအပြင် တစ်ခါ တစ်ရံ လျှပ်ထောင်ကြီးတွေလက်ပြီး မိုးချုန်းသံ ခြိမ့်ခြိမ့်အုန်းအုန်းကို နားစိမ့်အောင် ကြားရသေးသည်။ လျှပ်အလက်မှာ တောင်ညို့ညို့ ကြီးများ အနီးကပ်တွေ့ရ၍ စိတ်ထဲချောက်ချားသလိုဖြစ်မိသည်။

မိုးကြောင့် ရွှဲစိုနေသော ခန္ဓာကိုယ်က ခပ်ကြမ်းကြမ်း လေ အဝှေ့မှာ ခိုက်ခိုက်တုန်မျှ အေးစိမ့်သွားရသည်။ ရှေ့မှ ဆိုင်ကယ် မောင်းသူမပြောနှင့်၊ သူ့ခါးကို သိုင်းဖက်ထားသော ခင်လေး လက်တစ်ဖက်ပင် အေးစက်ထုံကျင်လာသည်။ ဆိုင်ကယ်ရပ်ဖို့

လည်း စိတ်မကူးရဲ။ အချိန်က အတော်လေးလင့်လာသည်။ ရှေ့မှာ လှမ်းမြင်နေရသည့် နောင်တရားမြို့ဟူသော ဆိုင်းဘုတ်ကြီးကို တွေ့လိုက်မှ စိတ်သက်သာရာရသွားသည်။ နောင်တရားရောက် တော့လည်း ခရီးမဆုံးသေး၊ ရှေ့မှာ ညံပင်၊ ဆောင်းပေါင်၊ တောင် ရွာပြီးမှ ထီးရွှေ၊ ထီးရိုင်ဖြစ်၍ အပြင်းမောင်းမှ နေမဝင်မီရောက်နိုင် မည်။ တဖူးထင်းကျောက်ပင်လုံအနီးတစ်ဝိုက်မှ ကျောက်တောင် ကြီးများနှင့် လျှိုများ၊ တောအုပ်များကို သတိရခိုက် ကျောထဲစိမ့် လာခဲ့သည်။

"လူကတော့ တဖြည်းဖြည်းနဲ့ ရေခဲတုံးဖြစ်တော့မယ်နဲ့ တူတယ်၊ ရေခဲသေတ္တာထဲဝင်နေရသလိုပဲ"

"သိပ်ချမ်းနေလား၊ ရှေ့မှာ နားဦးမလား"

"မဖြစ်တော့ဘူး၊ အချိန်လင့်နေပြီ တီလေးရဲ့"

သူ့အသံက မေးရိုက်သံပါနေ၍ ခင်လေး စိတ်မကောင်းဖြစ်မိသည်။ ကိုယ့်ကိုရောက်စေချင်၍ သူ့ခမျာ ဒုက္ခခံပြီး လိုက်ပို့ရသည်။ ခင်လေးမလိုက်မှာစိုး၍ နီးနီးလေးဟုပင် ပြောလိုက်သေးသည်။ တစ်ကြိမ်ရောက်ဖူးပြီးဖြစ်၍ လမ်းခရီးအခြေအနေကို သူသိထား သော်လည်း ဒုက္ခခံပြီး လိုက်ပို့ပေးခဲ့သည်။

"တီလေးရေ ရှေ့မှာ လူတစ်ယောက် ဆိုင်ကယ်ကိုတားနေ တယ်"

ဒိန်းခနဲမြည်သော ရင်ခုန်သံနှင့်အတူ ရှေ့ကိုကျော်ကြည့်ခိုက် လူတစ်ယောက် ဆိုင်ကယ်ကို လက်ပြတားနေသည်။ ကိုယ့်အရပ်

ဒေသမဟုတ်၍ အသိအကျွမ်းလည်း မဖြစ်တန်ရာ။ ဘာလုပ်ရမလဲ ဟု အပြေးအလွှားစဉ်းစားလိုက်သည်။

"ရပ်ပေးလိုက်မယ်တီလေး၊ ဒီဘက်မှာက အေးချမ်းပါတယ်၊ အကြောင်းတစ်ခုခုရှိလို့နေမှာပေါ့"

ကိုယ့်ထက်စာလျှင် ဗဟုသုတရော၊ အတွေ့အကြုံပါရှိနေသူဖြစ်၍ သူ့စကားကို လက်ခံလိုက်သည်။ ဆိုင်ကယ်အရှိန်သတ်၍ ကြည့်လိုက်သည့်ခဏ ရိုးသားပုံရသော လူလတ်ပိုင်းမျက်နှာတစ်ခုကို အနီးကပ်တွေ့လိုက်ရသည်။

"ဆိုင်ကယ်ရပ်ပြီး နားပါဦးခင်ဗျ၊ မိုးစဲမှ သွားပါခင်ဗျ၊ ဒီအရပ်က မဟုတ်ဘူးထင်တယ်"

အနီးမှာရှိသော အိမ်တစ်အိမ်ကို လက်ညှိုးညွှန်ပြပြီး ပြောလာ၍ နှစ်ယောက်လုံး အံ့အားသင့်နေကြသည်။

"မနားတော့ပါဘူးရှင့်၊ အချိန်မရှိတော့လို့ပါ၊ ထီရွှေးထိ သွားရမှာပါ"

"မဝေးတော့ပါဘူးခင်ဗျာ၊ တစ်ဖောင့်ပဲသွားရမှာပါ၊ အခါး ရည်သောက်ပြီးမှသွားပါ၊ နွေးနွေးထွေးထွေး နေပါဦးခင်ဗျ"

အိမ်ထဲမှာရှိနေသော လူအချို့ကို သတိထားကြည့်မိခိုက် ယောကျ်ားသားများသာ အများစုဖြစ်၍ ခင်လေး ငြင်းဆန်လိုက်သည်။ သူတို့အားလုံးလည်း ခရီးသွားများဖြစ်ဟန်တူသည်။ ဆိုင်ကယ်အတော်များများလည်း အိမ်ရှေ့မှာရပ်ထား၍ ဝင်နားနေကြမှန်း ခင်လေး နားလည်လိုက်သော်လည်း မိန်းကလေးနှစ်ယောက်တည်းဖြစ်၍ ဇွတ်ငြင်းဆန်ပြီး ထွက်ခဲ့ရသည်။

"မိန်းကလေးမှန်းသိလျက်နဲ့ ဝင်နားဖို့ခေါ် နေကြတယ်၊ ဒွတ်ကြီးပဲ။ ဘယ်လိုလူတွေလည်း မသိဘူး"

အပြစ်တင်စကားကို စိတ်ထဲမှာပြောရင်း ခေါ်ရသည့်အကြောင်းရင်းကို ခင်လေး တွေးနေမိသည်။ ဖြူဖြူကတော့ အငြိမ်ကြီးငြိမ်နေသည်။ ကိုယ့်လိုပင် သူလည်း တွေးနေဟန်တူသည်။

"ဆောင်းပေါင်ရောက်ပြီ တီလေးရေ့ တို့နီးလာပြီ"

စောစောပိုင်းက ငြိမ်နေခဲ့သမျှ သူ့အသံက ပျော်ရွှင်တက်ကြွသလိုဖြစ်နေ၍ ခင်လေးလည်း ပျော်သွားသည်။ မိုးကလည်း သိသိသာသာ နည်းသွားသည်။ ဖွဲဖွဲလေး ရွာချနေသော်လည်း တောင်များအလယ်ရောက်နေ၍လားမသိ၊ နွေးနွေးလေးဖြင့် နေလို့ကောင်းလှသည်။

"ဆောင်းပေါင်မိုးလို နွေးနွေးလေးရွာရင် တော်သေး‌တာပေါ့"

ကဗျာဆန်သော သူ့အပြောကြောင့် ခင်လေး ပြုံးလိုက်မိသည်။ အခုတော့ ပြုံးနိုင်ပြီပေါ့၊ ဆောင်းပေါင်၊ တောင်ရွာ၊ ထီရိုင်၊ ထီဈေးဘာမျှမဝေးတော့ပြီမို့ စိတ်အေးလက်အေးဖြစ်သွားကြသည်။ မကြာမီနေဝင်တော့မည်ဖြစ်၍ ခင်လေးတို့တည်းသည့် ထီဈေးရွာဘက်ဆီမှ မီးပွင့်လက်လက်လေးများကိုပင် လှမ်းမြင်နေရပြီ။ မိနစ်နှစ်ဆယ်ခန့် မောင်းပြီးချိန်မှာ ဆိုင်ကယ်က ဆေးခန်းရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားခဲ့ပြီ။ ယခုမှပင် စိတ်လက်ပေါ့ပါးစွာဖြင့် အသက်ဝဝရှူနိုင်တော့သည်။

"ဆရာမတို့ မိုးမိလာသေးလား"

အိမ်ရှင်က ဆီးကြိုမေး၍ ခင်လေး ခေါင်းညိတ်ပြလိုက်သည်။

"ဒါဆို ဘယ်မှာ မိုးခိုလဲ"

"မခိုဘူး၊ ဒီအတိုင်းပဲ မောင်းခဲ့တာ"

"ဗျာ"

အလွန်အမင်းအံ့ဩနေသည့်ပုံစံမျိုးဖြင့် နှစ်ယောက်လုံးကို ခြေဆုံးခေါင်းဆုံး ကြည့်နေ၍ မလုံမလဲဖြစ်ရသည်။

"ကျွန်တော်တို့တောင်ပေါ်မှာ မိုးရွာရင် ဘယ်သူမှ မိုးရေထဲ ဆိုင်ကယ်မစီးကြဘူး၊ သွေးခဲတတ်လို့လေ၊ နီးစပ်ရာမှာ ဝင်နားပြီး မိုးစဲမှ ကိုယ်သွားလိုရာကို သွားကြတာ"

နှစ်ယောက်သားတစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။ လမ်းမှာဝင်နားဖို့ခေါ်သည်ကိုပင် မိန်းကလေးတွေဖြစ်၍ မခန့်လေးစားလုပ်သည်ဟုပင် ထင်လိုက်မိသေးသည်။ လမ်းမှာ အိမ်တစ်အိမ်မှ အမျိုးသားတစ်ဦး ထွက်ခေါ်သည့်အကြောင်းကို ပြောမိရာ-

"ဟုတ်တယ်၊ ဆရာမတို့ မိုးရွာထဲ ဆိုင်ကယ်စီးလာတော့ ဒီအရပ်က မဟုတ်ဘူး ဧည့်သည်တွေဆိုတာသိလို့ အတင်းထွက်ခေါ်တာဖြစ်မှာ၊ ဒုက္ခရောက်မှာစိုးလို့လေ"

စကားအဆုံး အထင်လွဲခဲ့မိသည့်အဖြစ်ကိုတွေးရင်း စိတ်မကောင်းဖြစ်ရသည်။ မျက်နှာစိမ်း၊ မျက်နှာကျက် မရွေးဘဲ ကူညီတတ်သည့် တောင်ပေါ်သားတို့၏ စိတ်စေတနာကို နားလည်မိခိုက် ရင်ထဲ နွေးခနဲခံစားလိုက်ရသည်။

သွေးမခဲသည့်အပြင် လူတစ်ကိုယ်လုံး လန်းဆန်းနွေးထွေးသည့်အဖြစ်ကိုတော့ ခင်လေး နားမလည်နိုင်။ ဆောင်းပေါင်မိုး

ကြောင့်လား၊ စေတနာမိုးကြောင့်လား . . . တစ်ခုခုတော့ဖြစ်မှာ သေချာသည်။

* * * * *

## သမုဒယအလွန်

ယောက်ျားတစ်ယောက်နှင့် မိန်းမတစ်ယောက် လက်ထပ်ခြင်းကို တပ်မက်ခြင်းသမုဒယဟုသာ ခင်လေး မြင်တတ်ခဲ့သည်။ အချိန်တွေကြာမြင့်လျှင် ထိုအရာက . . . . * * * *

ရင်ဘတ်ပေါ် မီးစ တင်ထားသလို ရင်တစ်ခုလုံး ပူလောင်လှသည်။ ခုနေများ ငွမ်းစလေးတင်လိုက်လျှင် လောင်ကျွမ်းပြီး ပြာကျသွားမလားမသိ။ ဒီမျှအထိ ခင်လေးရင်ထဲ ပူလောင်နေသည်။ မပူခံနိုင်ပါ့မလား။ မျက်စိရှေ့မှာ တအင်းအင်းညည်းညူရင်း အိပ်ရာပေါ် ကျောချနိုင်ရေး ကြိုးစားနေရှာသည့်အမေ။

"သမီးလေး၊ အမေ့ကို မကူနိုင်တော့ဘူးလား၊ အမေ ဘယ်လို အိပ်ရမလဲ၊ အမေ့ကို ကယ်ပါဦးသမီးရယ်"

ထိုစကားသံကပင် ခင်လေးရင်ကို မီးစနှင့်ထိုးသလိုရှိသည်။ မကြာသေးမီကမှ အကောင်းပကတိရှိနေသည့် အမေ။ အသက်ကိုးဆယ်နီးပြီဖြစ်၍ အကြားအာရုံနည်းပြီး သတိမေ့တတ်သည်မှလွဲပြီး အမေက အခြားအဘွားအိုများထက် သန်မာနေခဲ့သည်။ ဒီလို သန်မာ၍လည်း ဒီအခြေအနေရောက်ရခြင်းပါ။ အရိုးအဆစ်ကျစ်လျစ်သန်မာပြီး ပေါ့ပါးဖျတ်လတ်သည့်အမေက ခင်လေး

အတွက်တော့ အားကိုးရာပါ။ အိမ်မှုကိစ္စတွေ ကူမလုပ်နိုင်သည့်တိုင် ခင်လေးဘေးမှာ အားပေးဖော်၊ အမေ့ဘေးမှာ လက်တွဲဖော်အဖြစ် ရှိနေပေးခဲ့သည်။ တကယ်ဆို အဖေက ကျန်းမာရေးကောင်းသူ မဟုတ်။ လွန်ခဲ့သည့် ငါးနှစ်ခန့်ကတည်းက အိပ်ရာပေါ်မှာ အဖေ ထ,တစ်ဝက်၊ ထိုင်တစ်ဝက်နေခဲ့ရသည်။ အဆုတ်ရောဂါဝေဒနာရှင် အဖေ့ကို ပြုစုစောင့်ရှောက်ရင်း အမေ့ကျန်းမာရေးက ခေါင်ခေါင် မြည်နေခဲ့သည်။ ခင်လေး မအားလပ်သည့်အခါတိုင်း အဖေ့ကို ဆေးပေးပီးယူရှိခဲ့သူက အမေသာဖြစ်သည်။ ဒီလိုအမေက ယခု အချိန်မှာတော့ အဆိုးဆုံးအခြေအနေကို ရောက်ရှိနေခဲ့ပြီ။

အမေက ခင်လေးအတွက် မွေးချင်းမောင်နှမ ခုနစ်ယောက် မွေးပေးခဲ့သော်လည်း ယခုအချိန်မှာ အိမ်ထောင်အသီးသီးကျ၍ အဝေးမှာရောက်နေပြီး အငယ်ဆုံးသမီး ခင်လေးတစ်ယောက်သာ အဖေ၊ အမေနားမှာ လက်ကတုံးတောင်ဝှေးအဖြစ် ရှိနေခဲ့သည်။ ခင်လေးလည်း အတတ်နိုင်ဆုံး အဖေနှင့်အမေကို စောင့်ရှောက် ပါသည်။ အသက်အရွယ်ရလာပြီဖြစ်၍ ကျန်းမာရေးကောင်းလှ သည်ဆိုသော်လည်း အသက်ကိုးဆယ် အိုနာအရွယ်တွေဖြစ်၍ တစ်လှည့်စီနေမကောင်းဖြစ်ကြသည်က အစဉ်အလာတစ်ခုလို ဖြစ်နေခဲ့သည်။

အမေက ခဏတစ်ဖြုတ် ဗိုက်နာ ခေါင်းကိုက်ဖြစ်လေ့ရှိသော် လည်း အဖေ့ဝေဒနာကကြီးသည်။ အရပ်အခေါ် အဆုတ်ပေါက် သည်ဟု ပြောကြသော်လည်း ခင်လေးက အင်္ဂလိပ်ရောဂါ အခေါ်

အဝေါ်ကို နားလည်လှသည်မဟုတ်။ အဖေ့အသက်ငါးဆယ်ခန့်မှာ တီဘီရောဂါဖြစ်ဖူးခဲ့သည်ကိုတော့ ခင်လေးသိသည်။ သုံးနှစ်သုံးမိုး ဆေးထိုးဆေးတိုက်လုပ်ခဲ့သော်လည်း ထိုရောဂါအမြစ်မပြတ်သည်လား မပြောတတ်။ အရေးဆို အဖေကိုယ်ပူပြီး ဖျားလေ့ရှိသည်။ ချောင်းဆိုးသည်။ ရောဂါစစ်ကြည့်တော့လည်း တီဘီပိုးမရှိတော့ဟု ဆရာဝန်ကဆိုသည်။ ဓာတ်မှန်ရိုက်ကြည့်စဉ်မှာတော့ အဖေ့အဆုတ်မှာ အနာရွတ်တွေအများကြီးဟု ဆရာဝန်ကပြောဖူးသည်။ ဒီအခြေအနေကြောင့်ထင်သည်။

ခင်လေး မောင်ကြီးဗဟိုဝန်ထမ်းတက္ကသိုလ်တက်သည့်နှစ်မှာ မြေးမလေးနှင့် သုံးဦးသားနေခဲ့သည်။ အဖေနှင့်အမေက ခင်လေး ရောက်ပြီးတစ်ပတ်မပြည့်မီ အခြေအနေပြောင်းလဲသွားခဲ့သည်။ ခင်လေးမရှိနိုက် စိတ်လိုလက်ရ ခြံထဲဆင်းပြီး အမှိုက်ရှင်းသည့် အဖေက ဖုန်မှုန့်တွေရှူရှိုက်မိ၍ထင်သည်။ နေရာမှာပင် သတိလစ်ပြီး အိမ်ပေါ်သို့ ပွေ့တင်ခဲ့ရသည်။ ဆရာဝန်ရောက်လာချိန်မှာ အသက်ရှူကျပ်လွန်း၍ အောက်ဆီဂျင်ပေးရသည်။ အဖေ့အခြေအနေကြောင့် အဝေးရောက်သားသမီးများ အလျှိုလျှိုရောက်လာကြသော်လည်း အတူနေ ခင်လေးက အနားမှာ ရှိမနေခဲ့။ ခင်လေးမရှိ၍ သူတို့လည်း အဖေ့ကို တွေတွေထူးထူးမလုပ်ရဲ။ မြို့မှာရှိသည့် ဆရာဝန်နှင့်ပင်ကုသပြီး အောက်ဆီဂျင်ပေးထားခဲ့ကြသည်။ ခင်လေး ခရီးသွားတိုင်း မြေဖြူခဲလေးတစ်ချောင်း အဆင်သင့်ယူထားပြီး ခင်လေးသွား၍ တစ်ရက်ကုန်ဆုံးလျှင် နံရံမှာ

တစ်ရက်ခြစ်ထားတတ်သောအဖေက အောက်ဆီဂျင်ပိုက်တန်းလန်းနှင့်ပင် နံရံမှာ မပီမကမ်းခြစ်ထားသေးသည်တဲ့။ ခင်လေး ပြန်လာလိမ့်နိုးဖြင့် ညနေတိုင်းလည်း မျှော်နေတတ်ပါသည်တဲ့။

စိတ်ပင်ပန်းမှုကို မခံနိုင်သောအစ်ကို၊ အစ်မများက မခံစားနိုင်သည့်အဆုံး ခင်လေးကို လိုက်ခေါ် ရန်ဆုံးဖြတ်ကြပြီး သင်တန်းရှိရာ ဖောင်ကြီးသို့ လိုက်လာခဲ့ကြသည်။ ထိုစဉ်ကအဖြစ်ကို ခင်လေး ဘယ်သောအခါမှ မမေ့နိုင်မည်မဟုတ်။ သံယောဇဉ်၏ ဆက်နွယ်မှုကိုလည်း ခင်လေး အံ့ဩရသည်။ ခင်လေးထံ လိုက်ခေါ်သူများ ရောက်မလာမီ တစ်ညက သင်တန်းတို့၏ထုံးစံအတိုင်း ခင်လေးတို့ တည်းခိုရသည့် သဖင်ဆောင်မှာ ခင်လေးကင်းကျသည်။ သင်တန်းက နှစ်ယောက်တစ်တွဲဖြင့် နှစ်ပွဲစောင့်ရပြီး သံပန်းတံခါး၏အတွင်းပိုင်းမှာ မျက်နှာချင်းဆိုင်ထိုင်စောင့်ရသည်။ မီးများလည်းထိန်နေပြီး သံပန်းတံခါး၏အတွင်းမှာထိုင်စောင့်ရခြင်းဖြစ်၍ ခင်လေးတို့ ကြောက်လန့်မှုမရှိဘဲ ပျော်ပျော်ပါးပါး ကင်းစောင့်ကြသည်။

ခင်လေးတို့တာဝန်ယူရသည့်အချိန်က ညဆယ်နာရီမှ ဆယ့်နှစ်နာရီကြားဖြစ်သည်။ ထိုအချိန်အတောအတွင်းမှာ စကားပြောနေရင်းမှ ခင်လေး ခဏငိုက်မြည်းသွားဟန်တူသည်။ မျက်လုံးပြန်အဖွင့်မှာ ပေါ်တီကို အောက်သံပန်းတံခါးရှေ့မှာ လူတစ်ယောက်ရပ်နေသည်ကို တွေ့လိုက်ရသည်။ အင်္ကျီအဖြူလက်တို၊ ပုဆိုးအညိုရောင်ခပ်မှိုင်းမှိုင်းနှင့် မီးရောင်အောက်မှာ ရပ်ပြီး ခင်လေးတို့ကို ကြည့်နေသည်။ ကင်းစစ်တာဝန်ရှိသူတစ်ဦး

ဦးဖြစ်လိမ့်မလားဟူသောအတွေးဖြင့် စကားဝှက်မေးရန် ခင်လေး မတ်တတ်ထရပ်လိုက်သည်။ အားလုံးကလည်း ထိုသူကို ကြည့်နေကြသည်။ ထိုခဏ မြင်ကွင်းမှ အလိုလိုပျောက်ကွယ်သွား၍ ဖဲ့အား သင့်သွားကြသည်။ မကျေမနပ်ဖြင့် နေရာထ၍ သံပန်းတံခါး အပြင်ဘက်၊ စစ်ရေးပြကွင်းအထိ လှမ်းမျှော်ကြည့်ကြသည်။ အမိုဝ် အယောင်ဖေးလေးမျှ မမြင်ရတော့၍ ထူးဆန်းသည်ဟုတွေးကာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း အဖြေရှာခဲ့ကြသည်။ သို့လော၊ သို့လောဖြင့်သာ ပြီးဆုံးသွားခဲ့ရသည်။ အဖြေရှာမရ။ နောက်ပိုင်းမှ ထိုအချိန်သည် အဖေသတိလစ်နေချိန်ဖြစ်မှန်း သိရသည်။

နောက်တစ်နေ့ သင်တန်းမတက်ရ၍ ညဦးကပြသာနာကို စဉ်းစားနေခဲ့ ရှစ်နာရီခန့်မှာ အိမ်ကလိုက်လာသည်။ အကျိုး အကြောင်းပြောပြ၍ ခင်လေး မျက်ရည်ကျရသည်။ ခွင့်ပျက်၍ မရသော သင်တန်းဖြစ်၍ သင်တန်းမှူးထံ မျက်ရည်ခံထိုး အကျိုး အကြောင်းပြောပြပြီး ပြန်ခဲ့ရသည်။ ခင်လေးပြန်ရောက်မှ အဖေ့ မျက်နှာလေး လန်းဆန်းသွားခဲ့သည်။ ဒီလောက်အထိ သံယောဇဉ် ခိုင်ကျည်လှသည့် မိဘနှစ်ပါးကို ခင်လေး ပြုစုခွင့်ရ၍ ကြည်နူး ပီတိဖြစ်ရသည်။ သို့သော်လည်း ယခုလို အခြေအနေမျိုးမှာတော့ ခံစားရသည့် အပူသောကကို ခင်လေးကြောက်သည်။ ညနေက အမေနှင့် ခင်လေးတို့ အေးအေးလူလူ စကားပြောခဲ့ကြသေးသည်။ နေညိုလျှင် တံခါးပိတ်ပြီး အိမ်ထဲမှာသာ အေးအေးဆေးဆေး

နေချင်သော အမေ့ကို တံခါးဆီ စိတ်မရောက်အောင် ခင်လေး စကားမရှိ စကားရှာပြောနေခဲ့သည်။ မဟုတ်လျှင် တံခါးပေါက် ပေါင်းများစွာကို စိုးရိမ်ကြောင့်ကြစွာ အမေလိုက်ပိတ်ရင်း လက် ညပ်သွားသည့်အခါလည်းရှိသည်။ အမောလွန်ပြီး ချွေးထွက်သည့် အခါလည်းရှိသည်။ ဒီအတွက် အမေ့ကို ခင်လေး အလုပ်မလုပ် စေချင်ခဲ့။ အမေ့ကိုပြောလျှင် အမေက လက်မခံချင်။ ကိုယ့်သမီး လေးတစ်ယောက်တည်း လုပ်ရမှာစိုးလို့ပါအေဟူသောစကားကို တွင်တွင်ပြောသည်။ ယခုနောက်ပိုင်း အဖေနှင့်အမေကို စိတ်မချ၍ ခင်လေးအထက် အစ်မလတ်က သူ့သားငယ်နှင့်အတူ လာနေပေး သည်။ ထိုမြေးကိုလည်း အမေအလွန်ချစ်သည်။ ညနေစောင်း၍ မြေးရောက်မလာလျှင် မျက်နှာလေးညှိုးပြီး အမေ နေမထိ၊ ထိုင် မသာဖြစ်လေ့ရှိသည်။ ပြဿနာက ထိုအကြောင်းအရေးမှစသည်။

ခင်လေးနှင့် စကားပြောနေသော အမေက ဧည့်ခန်းရှိရာ ခဏဝင်သွားပြီး မကြာမီ ပြန်ထွက်လာသည်။

"သမီးရေ မြေးပြန်မရောက်သေးဘူးလား"

ထိုစကားကို အမေမေး၍ ခင်လေး မရောက်သေးကြောင်း ပြော လိုက်သည့်ခဏ အမေပြန်လှည့်ထွက်သွားသည်။ ဒါက ခင်လေး စိတ်ထင်ပါ။ အမေပြန်လှည့်သွားပြီအထင်နှင့် ခင်လေး ထိုင်နေဆဲ ဝုန်းခနဲအသံတစ်ခုကို ကြားလိုက်ရ၍ ရုတ်တရက်လှည့်ကြည့်လိုက် သည်။

"အမလေးတော်၊ သေပါပြီ"

အသံနှင့်အတူ မတ်တတ်ရပ်လျက်အနေအထားမှ တမံသလင်းပေါ် ပစ်ကျသွားသည့်အမေ။ လက်တစ်ဖက်က ဖမ်းထောက်လိုက်၍ ဦးခေါင်းပိုင်းက အကျသက်သာသော်လည်း အမေ့တစ်ကိုယ်လုံး တမံသလင်းပေါ်မှာ ပုံလျက်သားလေးရှိနေသည်။ ရုတ်တရက် အမေ့အနားကို ပြေးသွားခဲ့သော်လည်း ခင်လေးအမေ့ကို မကြည့်ရက်၍ ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။

"သမီးရယ်၊ အမေ့ အောက်ပိုင်းတွေ လှုပ်လို့မရတော့ဘူး"

ခင်လေးနှင့် အစ်မလတ်က အမေ့ကို ကြိုးစားမွေ့ထူသော်လည်း အမေ လုံးဝမလှုပ်နိုင်တော့။ အိမ်နီးချင်းများရောက်လာသော်လည်း အမေက အထိမခံ၍ ဘာလုပ်ရမှန်းမသိဖြစ်နေကြသည်။ နောက်ဆုံးတိုနေရာမှာပင် အမေ့ကို အိပ်ရာပြင်ပေးပြီး ဆရာဝန်ကို ပြေးပင့်ရသည်။ ထိုအခြေအနေအထိ အဖေ မသိသေး။ အဖေ့အိပ်ရာနှင့် အမေဖြစ်နေသည့်နေရာက မဝေးလှသော်လည်း နေဝင်မိုးရိုဖြစ်၍ အဖေ တရားမှတ်နေသည်လား၊ အိပ်ပျော်နေသည်လား မပြောတတ်။ ငြိမ်ချက်သားကောင်းနေသည်။ ခင်လေးကလည်း မသိစေချင်ပါ။ ကျန်းမာရေးမကောင်း၍ သူ့ရောဂါနှင့်သူ ရှိနေသော အဖေ့ကို အပူမပေးချင်ပါ။ အဖေက သံယောဇဉ်ကြီးတတ်သူ၊ နံနက်အိပ်ရာထ၍ အမေ့ကို မတွေ့လျှင် သမီး အမေရောဟု မေးလေ့ရှိသူဖြစ်၍ ယခုလို အမေ့အဖြစ်ကိုတွေ့လျှင် အဖေ စိတ်ဆင်းရဲမှာ သေချာသည်။

"ခြေထောက်က ကျိုးသွားတာ သေချာတာ၊ ပေါင်လယ်

လောက်က ဖြစ်နိုင်တယ်၊ တင်ပဆုံရိုးမှာလည်း တစ်ချက်ထိ သွားပုံရတယ်"

ညာဘက်ပေါင်နှင့် တင်ပဆုံရိုးက ချက်ချင်းဆိုသလို ရောင်ကိုင်းလာ၍ ဆရာဝန်က ကောက်ချက်ချသည်။ သူ့ခမျာလည်း မျက်မှန်နှင့် ပြောနေရခြင်းဖြစ်သည်။ အစ်ကိုဝမ်းကွဲက ဆေးပညာနှင့် ပတ်သက်၍ အတွေ့အကြုံ ပေါသူတာများသူဖြစ်၍ အခြေအနေကို ရှိပ်စားမိသည်။

"ဒီပုံအတိုင်းဆို ကျိုးသွားတာတော့ သေချာတယ်၊ ဒီညကြီးမှာတော့ ဘာမှလုပ်လို့မရတော့ဘူး။ အနာသက်သာတော့မှ မီးစင် ကြည့်ကကြတာပေါ့"

ဆရာဝန်က အနာသက်သာဆေးထိုးပေးသွား၍ အမေသက်သာမည်ထင်ခဲ့သည်။ သို့သော်လည်း အမေ့ခမျာ နည်းနည်းလေးမှ သက်သာသွားသည်မရှိ၊ တစ်စတစ်စ ရောင်ကိုင်းလာသော ခြေထောက်ကြောင့် လှုပ်ကမလှုပ်နိုင်တော့ဘဲ အိပ်ရာပေါ်မှာ ကျောချ မှိုပင် ခက်ခဲနေခဲ့သည်။ အမေ့ညည်းညူသံကိုကြားရတိုင်း ခင်လေး မျက်ရည်ကျရသည်။ အမေ့ကို ပွေ့ချီပြီး လှဲသိပ်ပေးရန် ကြိုးစားသော်လည်း နာကျင်လွန်းသောဝေဒနာကို ကြောက်နေသော အမေက လက်မခံ၍ ခင်လေး လက်ပိုက်ကြည့်နေရသည်။ အနည်းငယ်ဝသည်ဟုပြောနိုင်သော အမေ့ကိုယ်ကို တော်ရုံလည်း မလှိုမဖြစ်။ အမေက ငွေရှိသည်ဟုတော့ ပြောနိုင်သည်။ သက်သက်သာသာနှင့် အိပ်ရာထက်မှာ အိပ်နိုင်မည့်အရေးကို သူ့ကိုယ်တိုင်

ကြိုးစားကြည့်ရသည်။ နောက်ဆုံး အမေ အိပ်ရာပေါ် လှဲချနိုင်သော်လည်း ခင်လေး စိတ်မအေးနိုင်သေး။ ဝေဒနာကြောင့် ညည်းညူနေသည့် အမေ့ကိုကြည့်ရင်း နံနက်မိုးလင်းလျှင် ရင်ဆိုင်ရမည့် အခြေအနေကိုတွေးရင်း ရင်လေးနေမိသည်။

"အသက်ကိုးဆယ်ဆိုတော့ အလွယ်တကူ ပြန်ဆက်ဖို့တော့ မလွယ်လှဘူး၊ ဆေးရုံပေါ် မှာ ခွဲစိတ်လိုက်ရင်တော့ အဆင်ပြေမယ်၊ ခွဲစိတ်တာကို ခံနိုင်ရည် ရှိ မရှိဘဲ မသိနိုင်တာ"

ဆရာဝန်၏ ပြောစကားကို ပြန်လည်ကြားယောင်ခိုက် ခင်လေး စိတ်တွေချောက်ချားနေခဲ့သည်။ ခွဲစိတ်သည့်ဒဏ်ကို ခံနိုင်ရည် ရှိ မရှိ မသိရသော်လည်း အဖေ့ကို ထားခဲ့ရမည့်အခြေအနေက ဘယ်လိုမှ မဖြစ်နိုင်၊ အမေရော၊ ခင်လေးပါ မရှိသောအိမ်မှာ အဖေ့ကို စိတ်ချ လက်ချထားခဲ့ဖို့ခက်မည်။ အမေကလည်း ဆေးရုံပေါ် မှာ ကြာရှည်နေဖို့လွယ်လှမည်မဟုတ်၊ ဘာမဆို သူ့စိတ်သဘောအတိုင်း လွတ်လွတ်လပ်လပ်ကြီး နေတတ်သောအမေက တစ်ခါတစ်ရံ သူလုပ်ချင်ရာကို ခွတ်လုပ်တတ်သေးသည်။ ခွဲစိတ်ခံရမည့်ဝေဒနာကလည်း အသက်ကိုးဆယ်အရွယ် အမေ့အတွက် ဝန်လေးလွန်းလှသည်။ ယခုအချိန်မှာ ဒေါင်ဒေါင်မြည် ကျန်းမာရေးကောင်းသည်ဆိုသော်လည်း အမေက နှလုံးရောဂါအခံရှိဖူးသည်။ အကယ်၍ ခွဲစိတ်မခံပြန်လျှင်လည်း အမေ ဒုက္ခိတဖြစ်ရတော့မည်။ စဉ်းစားရလွန်း၍ ခင်လေး ခေါင်းတွေပွင့်ထွက်လုမတတ် ကိုက်ခဲနေခဲ့သည်။ စိတ်ထားကောင်းမွန်ပြီး ဘဝတစ်လျှောက်လုံး

ခွန်းကြီးခွန်းငယ်ပင် ဘယ်သူနှင့်မျှ စကားများလေ့မရှိသော အမေ့လို အမယ်တို့ကိုမှ ဒီအဖြစ်မျိုးနှင့်ကြုံဆုံရသည်။ ကံကြမ္မာကိုလည်း ခင်လေးမုန်းသည်။ မိုးလင်းမှာကိုလည်း ခင်လေး ကြောက်သည်။

ဒီလိုနှင့် မိုးလင်းသွားခဲ့ပြီ။ ခင်လေးအကြောက်ဆုံးအချိန်က ရောက်လာခဲ့ပြီ။ အိပ်ရာမှ မထနိုင်သော အမေ့ကို မတွေ့၍ အဖေ့မျက်လုံးများက ရှာဖွေနေခဲ့သည်။ ဆွေမျိုးများလည်း ရောက်လာပြီဖြစ်၍ အမေ့နားမှာ ဝိုင်းအုံနေကြသဲ့ အဖေက တစ်စုံတစ်ရာ မမေးဘဲ မျက်လုံးဝိုင်းကြီးများဖြင့်သာ ကြည့်နေခဲ့သည်။ နောက်ဆုံးမှာ အဖေရိပ်မိသွားပုံရသည်။

"သမီး အမေ ဘာဖြစ်လဲ"

ခင်လေး အဖေ့ကို မလိမ်ရက်ပါ။ အမှန်အတိုင်းပြောရန်လည်း ဝန်လေးလှသည်။ အဖေ့မျက်နှာကို ငေးကြည့်နေသော ခင်လေးမျက်ဝန်းထဲမှ အရိပ်တွေကို အဖေ နားလည်သွားပုံရသည်။

"သမီး အမေနေမကောင်းဖြစ်တာလား"

ခင်လေး ခေါင်းမညိတ်ရက်၊ အဖေ့ရှေ့မှာ မျက်ရည်မကျမိအောင် ထိန်းရင်း ခေါင်းခါပြမိသည်။ အဖေက အကင်းပါးလှသည်။ ဝိုင်းအုံနေသော သားသမီးများအလယ်မှ အမေ့ကို အဖေလာကြည့်သည်။ အမေ့ အခြေအနေကို အဖေ သဘောပေါက်သွားပုံရသည်။ အမေ့အနီးမှာရှိသည့် ဗီရိုလေးပေါ် ခေါင်းမှီတင်လျက် အမေ့မျက်နှာကို အချိန်အတော်ကြာအောင်ကြည့်သည်။ လေးလေးပင်ပင်ကြီး ပြော

လိုက်သော အဖေ့စကားတစ်ခွန်းက ခင်လေး နှလုံးသားကို ဖျစ်ညှစ်လိုက်သလိုရှိသည်။

"ငါ့တစ်ယောက်တည်းသာ ခုခံလိုက်ချင်ပါတယ် အမေကြီး ရယ်၊ နင်ဖြစ်မဲ့အတူတူ ငါပဲဖြစ်လိုက်ပါတော့"

ထိုစကားကိုပြောပြီး အဖေ လှည့်ထွက်သွားသည်။ လေးကန်သော ခြေလှမ်းများဖြင့် ခုတင်ပေါ် တရွေ့ရွေ့တက်သွား၍ ခင်လေး ကြည့်နေဆဲ အခြေအနေက ပြောင်းလဲသွားခဲ့ပြီ။ အိပ်ရာထက် မရောက်မီ ခွေလဲကျသွားသော အဖေ့ပုံစံကြောင့် အထိတ်အလန့် ဖြစ်သွားကြသည်။ အဖေ သတိလစ်သွားခဲ့ပြီ။

"ဖေကြီး၊ ဖေကြီး၊ ဖေကြီး"

ခေါ်သံတွေ ဆူညံသွားပြီး အမေ့နားမှလူတွေအားလုံး အဖေ့အနီး ရောက်ကြပြန်သည်။ ဆရာဝန်ပြေးခေါ်သူ၊ ဝိုင်းဝန်းပြုစုသူနှင့် ရှုပ်ထွေးသော လူတွေကြားမှာ နားလေးတစ္စင့်စွင့်ဖြင့် လှမ်းကြည့် နေရှာသည့် အမေ။ ညည်းညူနေသည့်ကြားက အဖေ့အခြေအနေ ကြောင့် အမေ သူ့ဝေဒနာကို မေ့သွားပုံရသည်။ မတန်မဆ ရောင်ရမ်းနေသော ခြေတစ်ဖက်ကို အသာဖိရင်း အိပ်ရာထက်မှ ကြိုးစားထရှာသည်။

"မေကြီး၊ မထနဲ့လေ"

ခင်လေး အော်လျက်က အဖေနဲ့ အမေကြားမှာ ဗျာများနေရသည်။

"သမီး အဖေ ကောင်းရဲ့လား။ ဂရုစိုက်ပါ သမီးရယ်၊ အမေက ကိစ္စမရှိပါဘူး။ သမီးအဖေကို လုပ်ပေးနော်"

စိုးရိမ်ပူပန်သည့်မျက်ဝန်းများဖြင့် အဖေ့ကိုသာ ငေးကြည့်နေရှာသည့်အမေ။ အစားအသောက်လေးစားသည်မှအစ ခင်ပွန်းသည်ကိုသာ ဦးစားပေးလေ့ရှိသည့် အမေ။ ခင်လေး အပြင်မှပြန်လာ၍ အမေ့အတွက် သရေစာတစ်မျိုးမျိုးဝယ်လာလျှင် ဘယ်သောအခါမှ အရမ်းကာရော စားလေ့မရှိ။ သမီး ဖေကြီးစားပြီးပြီလားဟူသော မေးခွန်းကိုမေးပြီးမှသာ စားလေ့ရှိသည်။

"သမီး အဖေကိုသာ ဂရုစိုက်ကုပါသမီးရယ်၊ အမေက နေသာပါတယ်"

ထိုစကားကို သားသမီးတစ်ဦးချင်းစီလိုက်ပြောရင်း အဖေသတိမရမချင်း ဝေဒနာကို ကြိတ်မှိတ်ခံစားနေသည့်အမေ။ ကံကောင်းထောက်မစွာဖြင့် အသက်ကယ်ဆေးထိုးပြီးချိန်မှာ အဖေ သတိရလာခဲ့သည်။ သတိရချင်းမှာ အဖေပြောလာသည့်စကားက ခင်လေးတို့ မောင်နှမတွေအားလုံးကို မျက်ရည်လည်စေခဲ့သည်။

"အဖေက ဝေဒနာတွေနဲ့ နေလာတာကြာပါပြီ၊ သမီးတို့ အမေကိုသာ ကြိုးစားကုကြပါ"

အနှစ် ခုနစ်ဆယ်နီးပါး လက်တွဲလာသည့် ရဲဘော်ရဲဘက်များဖြစ်၍ တစ်ယောက်အပေါ် တစ်ယောက် ငဲ့ညှာထောက်ထားမှုကို ဘယ်လိုအရာကမှ တားဆီးနိုင်ခြင်းမရှိခဲ့။ ငယ်စဉ်က ချစ်ခင်စုံမက်၍ လက်ထပ်ပေါင်းသင်းခဲ့ကြသော်လည်း အသက်အရွယ်တိုမင်းလာသည့်ချိန်မှာ ဖြူစင်သော မေတ္တာတရားဖြင့် ဖွဲ့နှောင်ထားသော သံယောဇဉ်ကြိုးက ပိုလို့ခိုင်မြဲခဲ့သည်။

"ကျွန်မ, မရတော့ဘူးနဲ့တူပါတယ် အဖေကြီးရယ်"

ခြေထောက်ဝေဒနာ ပြင်းထန်လာသည့်အချိန်မှာ တမ်းတတိုင်တည် လိုက်သည့် အမေ့စကား။ သမီးအမေကောင်းအောင် အဖေတို့ ဘာလုပ်ကြမလဲဆိုသည့် အဖေ့စကား။ ထိုနှစ်ယောက်ကြားမှ ခင်လေး။

"ဟင်းကောင်း ကျွေးကောင်းလေးတွေ ချက်ကျွေးရင် သမီး အဖေ အားရှိမှာပါ၊ ချက်ကျွေးလိုက်ပါနော်"

တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးလွန်မြောက်လာသည့်အခါတိုင်း တစ်ရစ်ပြီးတစ်ရစ် နှောင်ဖွဲ့လာသည့် မေတ္တာတရားကို ခင်လေး လေးစားလွန်း၍ အဖေရော၊ အမေ့ကိုပါ ကြိုးစားပြုစုခဲ့သည်။ ထိုမေတ္တာတရားကို တိုင်တည်ရင်း ခင်လေး သစ္စာဆိုချင်ပါသည်။ သံသရာဆုံးတိုင် ခိုင်မြဲနိုင်ပါစေဟုသာ။ တကယ်တမ်း ခင်လေး ထင်ခဲ့သည်က . . .။

* * * * *

## မွှန်သွားသော တံခါးတစ်ချပ်

နွေနှောင်းရာသီဖြစ်၍ထင်သည်။ သစ်ရွက်ကျဲပါးသော သစ်ပင်ကြီးတွေက နေရာတိုင်းမှာ အုပ်မိုးထားသည်။ အနက်ရောင် ကျောက်သားဖြင့် ဖွဲ့တည်ထားသော ကျောက်ဂူကြီးပေါ်မှာ အမြစ် တွယ်ပေါက်နေသော အပင်ကြီးအချို့က ရုတ်တရက်ကြည့်လျှင် ပြိုလဲကျမလားထင်မှားရသည်။ ဆူညံလွန်းသော ပုစဉ်းရင်ကွဲ အော်သံများကလည်း ထိုအပင်ကြီးများပေါ်မှ ပေါ်ထွက်နေဟန် တူသည်။

"ပုစဉ်းရင်ကွဲဆိုတာ အော်ရင်းနဲ့သေတာဆို၊ ဟုတ်မယ် နန်းထွေးရဲ့၊ ဒီလောက်ကြီးအော်နေတာ သူမှ ရင်မကွဲရင် ဘယ်သူရင်ကွဲမလဲ"

နန်းမြာပြောတော့ နန်းထွေးမရယ်ချင်ဘဲ ရယ်လိုက်မိသည်။ ပြော လည်း ပြောချင်စရာပါ။ ကျောက်ဂူအတွင်းပိုင်းမှ ထွက်လာပြီးမှ နန်းထွေးစိတ်တွေ ပေါ့ပါးသွားပြီ ထင်ခဲ့မိသည်။ ဂူရှေ့အုတ်ခုံလေး မှာ ထိုင်ရင်း၊ ပါလာသည့် ကိုလာဘူးကို ဖောက်သောက်ရင်း ဂူအတွင်းပိုင်းမှာ မွန်းကျပ်လာခဲ့သမျှ ပြေပျောက်မည်ဟု စိတ်ကူး လိုက်သည်။ ကိုလာ၏ အေးစိမ့်သည့်အရသာပင် မပေါ် လောက်

အောင် ပတ်ဝန်းကျင်က ဆူညံလွန်းနေခဲ့သည်။ ထိုင်ခုံကျောက်သား၏ အေးစိမ့်မှုနှင့် သစ်ပင်ကြီးအချို့၏ အရိပ်ကြောင့်သာ နန်းထွေးတို့ ဆက်လက်ထိုင်နေဖြစ်သည်။

"အပင်တစ်ပင်ဖြစ်လာဖို့ ရေသောက်မြစ်က အဓိကပဲဆိုတာ နန်းထွေးမြင်တယ်မဟုတ်လား"

နန်းမြာက အဓိပ္ပာယ်တစ်ခုကို ဖော်ဆောင်သောစကားကို ပြောလာ၍ နန်းထွေးသစ်ပင်ကြီးတွေကို မော့ကြည့်လိုက်သည်။ ရာသီဥတုဒဏ်ကြောင့် အက်ကွဲနေသော ကျောက်သားကြားမှာ တွယ်ကပ်ပေါက်နေသည့် အပင်ကြီးတွေဖြစ်၍ ရေသောက်မြစ်မှလွဲပြီး ကျန်အမြစ်မွှာများက ကျောက်သားအပေါ်ယံမှာ ပြန့်ကျဲလျက်ရှိသည်။

"ရေသောက်မြစ်ခမျာ သူ့တစ်ခုတည်းနဲ့ တစ်ပင်လုံးကို ထိန်းထားရတာ၊ ဒါပေမဲ့ သူ့ကိုယ်သူ ပင်ပန်းတယ်လို့ ထင်မှာ မဟုတ်ဘူး၊ သူ့ကြောင့် တစ်ပင်လုံး အသီး၊ အပွင့်၊ အရွက်တွေ ဝေနေရင် သူကျေနပ်မှာပဲ"

"တော်ပါတော့ နန်းမြာရယ်၊ နင်ဘယ်တုန်းက စကားကို ကွေ့ဝိုက်ပြောဖူးလို့လဲ၊ ငါ့ကို အတည့်အတိုင်းပြောစမ်းပါ၊ ငါ့ မောင်တွေ၊ ညီမတွေအတွက် ငါက ရေသောက်မြစ်လို့ သဘောထားရမယ်ပေါ့၊ နင်ပြောချင်တာ ဒါပဲ မဟုတ်လား"

စကားကို ကွေ့ပတ်ပြောနေသော နန်းမြာကို စိတ်မရှည်လွန်းစွာ နန်းထွေးအော်လိုက်မိသည်။ နန်းမြာက အပြုံးနှင့် ခေါင်းညိတ်သည်။

"အတည့်အတိုင်းပြောရင် နင်ငြိုငြင်မှာစိုးလို့ပါ နန်းထွေးရယ်၊ ပြီးတော့ နင်ပဲ ပြောခဲ့တယ်လေ၊ ဒီအကြောင်းတွေ ငါထပ်ပြီး

မကြားချင်တော့ဘူးလို့ နောက်ပြီး နှင်တစ်ယောက်တည်း
ကြိတ်မှိတ်ခံစားနေဦးမယ်ဆိုတာ ငါသိတယ်"

နန်းထွေးစိတ်ရင်းကို နားလည်နေသော နန်းမြာက လေသံအေးအေးဖြင့် ရှင်းပြလာသည်။ ယခု အချိန်မှာတော့ နန်းထွေးစိတ်ကို နားလည်နိုင်သူဆို၍ နန်းမြာတစ်ယောက်တည်းသာရှိသည်။ တောင်ကြီးဆေးရုံမှာ သူနာပြုဆရာမလေးများအဖြစ် နှစ်ယောက်သား ဆုံစည်းခဲ့စဉ်က တွယ်တာခဲ့သော သံယောဇဉ်က ယခုအချိန်ထိလည်း တည်မြဲနေခဲ့သည်။ ထိုစဉ်က နန်းမြာက ကျိုင်းတုံသူ၊ နန်းထွေးက ပင်လောင်းသူ၊ ရှမ်းပြည်၏ တောင်နှင့်မြောက်မှ ရှမ်းမလေးနှစ်ဦး ရေစက်ဆုံကာ တောင်ကြီးဆေးရုံမှာ အတူတကွ တာဝန်ကျခဲ့သည်။ အလုပ်တူ၊ ရုပ်တူဟုပင် ပြောရလောက်အောင် ရုပ်ရည်ချင်းကလည်း ဆင်ဆင်တူနေခဲ့သည်။ အပြုံးချိုပြီး အနေအေးသော နန်းမြာက ပိုပြီးချောမောလှပသည်ကိုတော့ နန်းထွေးကိုယ်တိုင်လည်းသိသည်။

ရုပ်ရည်လေးလှပသလောက် စိတ်ကောင်းရှိသော နန်းမြာက လူချစ်၊ လူခင်များပြီး ဘဝအကျိုးပေးလည်းကောင်းသူဖြစ်သည်။ မောင်နှမသုံးယောက်မှာ အငယ်ဆုံးသမီးလည်းဖြစ်၊ ပြည့်စုံသော မိဘနှစ်ပါးက မွေးဖွားလာသူလည်းဖြစ်၍ အပူသောကဟူသည် မြူတစ်စပင်ရှိမနေခဲ့။ နန်းထွေးမှာသာ မောင်နှမသုံးယောက်ချင်းတူပါလျက် အကြီးဆုံးလည်းဖြစ်၊ ယာခင်းလေးတစ်ကွက်သာ အားကိုးအားထားရှိသော မိဘနှစ်ပါး၏ အားထားရာလည်းဖြစ်သည်။ ထိုအခြေအနေမှပင် သူနာပြုဆရာမလေးဖြစ်အောင်

နန်းထွေး အသေအလဲ ကြိုးစားခဲ့ရသည်။ သူနာပြုဆရာမဖြစ်၍ မိဘနှစ်ပါးကို လုပ်ကျွေးလို့မှ မဝမီ ရှေ့ဆင့်၊ နောက်ဆင့် ကွယ်လွန်သွားသော မိဘနှစ်ပါးကြောင့် မောင်နှင့် ညီမတာဝန်က နန်းထွေးအပေါ် လုံးလုံးလျားလျား ကျရောက်ခဲ့သည်။

ဉာဏ်ရည်ထက်မြက်သော မောင်နှင့်ညီမကို ပညာဆုံးခန်းတိုင်အောင် သင်ကြားစေလိုသော သူ့စေတနာကြောင့် အရွယ်နှင့်မမျှအောင် သူပင်ပန်းခဲ့ရသည်။ နေ့ညမရွေး အလုပ်တာဝန်များနှင့် ထွေးလုံးရစ်ပတ်ရင်း တစ်လတာအသုံးစရိတ်ကို သူပံ့ပိုးပေးခဲ့သည်။ စေတနာအကျိုးပေးကြောင့်ထင်သည်။ မောင်ရော၊ ညီမပါ ပညာဆုံးခန်းတိုင်ပြီး ရန်ကုန်မြို့ကြီးမှာ အလုပ်အကိုင်ကိုယ်စီဖြင့် နေခွင့်ရခဲ့ကြသည်။ နောက်ပိုင်းမှာ အိမ်ထောင်အသီးသီးကျပြီး တင့်တင့်တယ်တယ် မိသားစုဘဝကို ပိုင်ဆိုင်ခဲ့ကြသည်။ အရွယ်ရောက်ချိန်မှ လုပ်ငန်းခွင်ထဲ ရောက်သည်အထိ ဆန္ဒဟူသမျှ ချိုးနှိမ်ရင်း နေဖြစ်ခဲ့သော နန်းထွေးတစ်ယောက်သာ ဒီနေ့အထိ တစ်ယောက်တည်း ဖြစ်နေခဲ့သည်။ သူနာပြုဆရာမလေး "နန်းထွေးယဉ်မေ" ဘဝမှ အသက်လေးဆယ်ကျော် သူနာပြုဆရာမကြီး နန်းထွေးယဉ်ဘဝ ရောက်လာချိန်မှာ သူ့ကျန်းမာရေးက မသိမသာ ချို့ယွင်းလာသည်။ ငယ်စဉ်က အစားပျက်၊ အအိပ်ပျက် အပင်ပန်းခံလွန်းသည့် ဒဏ်တွေကြောင့်လည်းပါမည်။

"နေမကောင်းရင် ရန်ကုန်လိုက်ခဲ့ပါလား၊ ခဏခဏ လာကြည့်ဖို့ဆိုတော့ အလုပ်တွေတစ်ဖက်နဲ့ မဖြစ်နိုင်ဘူး"

နန်းထွေးနေမကောင်းဖြစ်စဉ် မောင်ရော၊ ညီမပါ ထိုစကားကို တွင်တွင်ပြောပြီး ဖုန်းဆက်လာ၍ နန်းထွေး စိတ်မကောင်းဖြစ်ရသည်။ နန်းမြာစကားနှင့်ပြောလျှင် သူတို့အတွက် ရေသောက်မြစ်ဖြစ်ခဲ့သော အစ်မအတွက်ပင် ဒီမျှလောက် အချိန်မပေးနိုင်လျှင် ပေးဆပ်ခဲ့ရသည့် မေတ္တာ၊ စေတနာတွေ ရောင်ပြန်မဟပ်တော့ဘူးလားဟု တွေးဖြစ်လိုက်သည်။ စိတ်နာနာဖြင့် တစ်ယောက်တည်း မိဘချန်ထားရစ်သည့် ဇာတိမြေအိမ်ကလေးမှာ ကြိတ်မှိတ်နေဖြစ်ခဲ့သည်။

တစ်ကြိမ်မှာ အဖျားကြီးပြီး နှလုံးအားနည်းသည့်အရှိန်ဖြင့် တစ်ယောက်တည်း သတိလစ်နေခဲ့သည်။ ဟင်းလာပို့သော အိမ်နီးချင်းတစ်ဦး မြင်မှသာ ပင်လောင်းဆေးရုံကြီးသို့ အချိန်မီရောက်ခဲ့ရသည်။ ထိုအခြေအနေမှာတော့ အငယ်နှစ်ယောက်လုံး ရောက်လာကြသည်။ အပူသောကဖြင့် ရောက်လာကြသော မောင်နှင့် ညီမ၏ မျက်နှာနွမ်းနွမ်းလေးများကိုကြည့်ရင်း နန်းထွေးစိတ်တွေ ပြေပျောက်သွားခဲ့ရသည်။ ဆေးရုံပေါ်မှာနေ၍ အနည်းငယ်သက်သာသည်နှင့် မောင်ဖြစ်သူက ရန်ကုန်လိုက်ခဲ့ရန် စီစဉ်သည်။

"မငြိမ်းနဲ့တော့ဗျာ၊ ဒီမှာနေလို့ ရောဂါအခြေအနေကို တိတိကျကျ သိရမှာမဟုတ်ဘူး။ ရန်ကုန်သာ တစ်ခါတည်းလိုက်ခဲ့"

စကားနည်းပြီး ဖွတ်တရွတ်နိုင်သော မောင်အငယ်ကြောင့် နန်းထွေးမငြင်းသာဘဲ ရန်ကုန်လိုက်သွားခဲ့ရသည်။ အထူးကုဆေးခန်းကြီးပေါင်းမှာ ခေတ်မီစက်ကိရိယာများဖြင့် စမ်းသပ်မှုခံယူပြီး ဆရာဝန်

၏ ညွှန်ကြားမှုဖြင့် ဆေးသောက်ရသည်၊ အနားယူရသည်။ ကိုယ်တိုင်က သူနာပြုတစ်ယောက်ဖြစ်၍ သူတစ်ပါးပြုစုမှုကို ခံယူပြီး ငြိမ်ငြိမ်လေးနေရသည့်အဖြစ်ကို နန်းထွေးနည်းနည်းလေးမှ စိတ်မချမ်းသာခဲ့။ ရန်ကုန်မြို့ လူနေမှုပုံစံကလည်း နန်းထွေးနှင့် နည်းနည်းလေးမှ အဆင်မပြေခဲ့။ ထိုက်သင့်သလောက် ကျယ်ဝန်းသော တိုက်ခန်းဖြင့် နေထိုင်ကြသော်လည်း ဇာတိမြေမှ အိမ်ကလေးလို လွတ်လပ်မှုမရှိ လတ်ဆတ်သော တောင်ပေါ်လေ၏ အငွေ့အသက်ကို ရှူရှိုက်နေကျဖြစ်၍ ပန်ကာလေကိုလည်း နှာခေါင်းဖျားသည်ဟု ထင်မိသည်။ စိမ်းစိုသော တောရိပ်၊ တောင်ရိပ်၊ နူးညံ့သောမြေသား၏ အထိအတွေ့တို့ကို ခံစားခွင့်မရ၍ နန်းထွေးစိတ်တွေ မွန်းကျပ်လွန်းသည်၊ ရေချိုးတော့လည်း ဇာတိမြေအိမ်ကလေး၏ အနောက်ဘက်မှာ ရစ်ခွေစီးဆင်းနေသော စမ်းချောင်းကလေးကို လွမ်းသည်။

အလုံပိတ်အခန်းထဲမှာ တဗွမ်းဗွမ်းကျနေသောရေထက် မတိမ်မနက်စမ်းချောင်းလေးအတွင်းမှ ရေကို တစ်ခွက်ချင်း ခပ်ချိုးရသည့် အရသာကို ပိုပြီးနှစ်သက်မိသည်။ ဘုရားခန်းမှ နှင်းဆီပန်းရနံ့ကို အသက်ရှူကျပ်သလောက် နန်းထွေးခြံထဲမှ ဒေလီယာပန်းများကို လွမ်းတနေမိသည့်အဖြစ်က စိတ္တဇဆန်နေသည်လားပေ ... မပြောတတ်။

"ကိုယ်စားချင်တာလည်း စားလို့ရတယ်၊ သွားချင်သပဆို လည်း နေရာအနှံ့ကား အဆင်သင့်၊ ဒီလောက်ပြည့်စုံတဲ့

နေရာမျိုးမှာမှ မနေချင်ဘူးဆိုတော့လည်း မပြောတတ်တော့ဘူး"

နန်းထွေးစိတ်ကို နားလည်နေသော အငယ်မက ထုတ်ပြောလာသည်။ ဟိုတယ်ကြီးတစ်ခုမှာ ဝန်ထမ်းဖြစ်ပြီး အလုပ်မှပြန်လာတိုင်း အစ်မအတွက် စားစရာတစ်ခုခု ဝယ်လာလေ့ရှိသော်လည်း ဘယ်သောအခါမှ မက်မက်မောမော စားလေ့မရှိ၍ စိတ်ခုသည်လည်း ပါမည်။ နေ့စဉ် ရေခဲသေတ္တာထဲမှ မလတ်ဆတ်သော သီးနှံများ၊ အသားများကို ခုတ်ထစ်လှီးချွတ်ရတိုင်း အေးစက်စက်အထိအတွေ့ကို စိတ်ထဲတစ်မျိုးကြီးဖြစ်လေ့ရှိသော နန်းထွေးက ခြံစည်းရိုးမှ ပဲညွန့်စိမ်းစိမ်းလေးများကို ပဲပုပ်ချက်ဖြင့်တို့မြှုပ်စားချင်နေမိသည်။ အလုပ်နားရက်များမှာ မကြာခဏလာခေါ်လေ့ရှိပြီး ကောင်းမွေ၊ ညွှန့်ပေ့ဆိုသော ဆိုင်များမှာ လိုက်ကျွေးလေ့ရှိသည့် မောင်ငယ်ကို အားနာ၍ စားဖြစ်သော အစားအသောက်များကလည်း နန်းထွေးလျှာကို အာသာမပြေခဲ့။ နောက်ဆုံး ဇာတိမြေပြန်ဖို့သာ နန်းထွေးဆုံးဖြတ်လိုက်သည်။ အငယ်နှစ်ယောက်ထံ ခွင့်တောင်းစဉ် နှစ်ယောက်လုံးက နန်းထွေးစိတ်ကို နားလည်မှုမပေးနိုင်ခဲ့။

"ဒီလောက်ဖြည့်ဆည်းပေးတာမှ မပျော်ပိုက်ဘူးဆိုတော့လည်း ကိုယ့်သဘောနဲ့ကိုယ် နေချင်သလိုသာနေတော့"

ထိုစကားက အကြီးတစ်ယောက်ကို ပြောသင့်သည့်စကား မဟုတ်ဟု နန်းထွေးယူဆသည်။ ဒီလိုနှင့် သုံးယောက်သား ကတောက်ကဆဖြစ်ရင်း ဇာတိမြေ ပြန်လာခဲ့သည်။ အလုပ်မှ အနားယူရင်း အိမ်မှာ

သာနေဖြစ်သော နန်းထွေးက တစ်ယောက်တည်း အထီးကျန် ဝေဒနာကို အဖော်လုပ်နေဖြစ်သည်။ ဒါကို အလိုက်သိနားလည် ပေးသူက နန်းမြာသာဖြစ်သည်။ နန်းထွေးက ကျန်းမာရေးကြောင့် အလုပ်မှ အနားယူခဲ့ခြင်းဖြစ်သော်လည်း နန်းမြာက ဆရာဝန် တစ်ဦးနှင့် အိမ်ထောင်ပြုပြီးချိန်မှစပြီး အလုပ်ကို ကျောခိုင်းခဲ့သည်။ သူ့အမျိုးသားက ပင်လောင်းဇာတိဖြစ်၍ ပင်လောင်းမှာပင် အခြေချခဲ့ကြသည်။ ဒီအတွက်လည်း နှစ်ယောက်သားခင်မင်မှုက ပိုလို့နွေးထွေးခဲ့သည်။ ကိုယ်တိုင်က အသိုက်အဝန်းနှင့်ဖြစ်၍ ပျော်ရွှင်ချမ်းမြေ့သောမိသားစုဘဝကို ပိုင်ဆိုင်ခွင့်ရသော်လည်း သူငယ်ချင်း၏ အထီးကျန်ဘဝကို နန်းမြာ နားလည်စာနာပေးခဲ့ သည်။

တစ်ပတ်တစ်ကြိမ် စားစရာဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ အရောက်လာလေ့ရှိပြီး တစ်ခါတစ်ရံလည်း ပင်လောင်းရှိ သူ့အိမ် သို့ ခေါ်ဆောင်သွားတတ်သည်။ ထိုအခါမျိုးမှာ သူငယ်ချင်း နှစ်ယောက် လွတ်လပ်ပျော်ရွှင်စွာ စကားပြောခွင့်ရ၍ နန်းထွေး ဝေဒနာ သက်သာသည်။ သူငယ်ချင်းဖြစ်သော်လည်း ဆွေမျိုး ရင်းခြာထက်ကောင်းမွန်၍ နန်းမြာကို နန်းထွေးအားကိုးသည်။ ယခု တစ်ပတ်လည်း အိမ်ထဲမှာနေရတာ ငြီးငွေ့သည်ဟုဆိုသူကိုယ်တိုင် ဆိုင်ကယ်မောင်း၍ မြင်းမအထိဘက် ထွက်လာခဲ့သည်။ မိုင်သုံး ဆယ်ကျော်ဝေးသော ခရီးဖြစ်သော်လည်း နန်းထွေးခံနိုင်ရန် ဖြည်းဖြည်းသက်သာမောင်းလာ၍ နေလေးအတော်မြင့်မှ မြင်းမထိ

ရောက်သည်။ ရောက်ရောက်ချင်း ဘုရားဝင်ဖူးကြသေးသည်။ ပြီးမှ မြင်းမထိ ဂူဘက်လှည့်လာကြသည်။ ကိုယ့်အရပ်နှင့် မစိမ်းလှသော်လည်း မရောက်တာကြာပြီဖြစ်၍ အရာရာဆန်းသစ်နေသလို ခံစားရသည်။

"ယူ့လီဟား" "မားမေလိုင်" (နေကောင်းရဲ့လား)

(ဘယ်တုန်းကလာလဲ)

ဂူအတွင်း မဝင်မီ နှုတ်ဆက်သူတစ်ယောက်ကြောင့် နန်းထွေး ဇဝေဇဝါဖြစ်မိသေးသည်။ အမိုက်အတန့်တွင်းမှာ မှတ်မိလာသော အသိစိတ်က တောင်ကြီးဆေးရုံမှာ ဆုံခဲ့ဖူးသည့် လူနာတစ်ယောက်ဖြစ်မှန်းသိလိုက်သည်။ ထိုစဉ်က ကြံ့လို့လွန်းသော ခန္ဓာကိုယ်ကို အနိုင်နိုင်သယ်ရင်း ဆေးရုံပေါ်သို့ တစ်ယောက်တည်း ရောက်လာသူဖြစ်သည်။ တီဘီပိုးရှိသူဖြစ်၍ အနေအထိုင်၊ အစားအသောက်မပြည့်စုံသည့် အခြေအနေမှာ အဖျားဝင်ပြီး ရောဂါဝေဒနာကို အလူးအလိမ့်ခံစားနေရသူဖြစ်သည်။ ဆွေမျိုးသားချင်းလည်း တစ်ဦးတစ်ယောက်မျှ ပါမလာ၍ လူနာမှတ်တမ်းယူချိန်မှာ နန်းထွေး အတော်လေးစိတ်ဒုက္ခရောက်ခဲ့ရသည်။ နောက်ဆုံး သတိကောင်းကောင်းရချိန်မှာ သူ့အကြောင်းကို ပြောပြ၍ နန်းထွေးပါ မျက်ရည်လည်ခဲ့ရသည်။ မိဘနှစ်ပါး ကွယ်လွန်ပြီး ဆွေးမျိုးသားချင်းနည်း၍ တစ်ယောက်တည်း လုပ်ကိုင်စားသောက်ရင်း ရောဂါဝင်လာသည့်အချိန်မှာ ကူရာမဲ့ဖြစ်ခဲ့ရသူ။ နန်းထွေးရော၊ နန်းမြာပါ နှစ်ယောက်လုံး ဂရုစိုက်ပြုစုပေးခဲ့ကြ

သည်။ ဒီအတွက် သူ့ရင်ထဲ စွဲထင်အောင် မှတ်မိနေပုံရသည်။ ထိုစဉ်က သူ့အသက်က နန်းထွေးတို့နှင့် မတိမ်းမယိမ်းဖြစ်သည်။ နန်းထွေးတို့နှစ်ယောက်လုံး သူ့ကို ခင်မင်ခဲ့ကြသည်။

"ရုတ်တရက် မမှတ်မိဘူး"

"ဟုတ်တယ်၊ ကျွန်တော် အရမ်းဝလာတယ်လေ၊ ဒါ ဆရာမတို့ ကျေးဇူးကြောင့်ပါ"

နှုတ်ဆက်စကားတွေ၊ ကျေးဇူးတင်စကားတွေ အပြန်အလှန်ပြော ကြရင်း သူက နန်းထွေးတို့ကို ညေ့ခံချင်ပုံရသည်။ သူ့မှာ ဇနီးနှင့် သားသမီးများပင်ရှိနေ၍ သူတို့မိသားစု အဆင်ပြေကြောင်းအထိ လည်းပြောသည်။ နန်းထွေးရော၊ နန်းမြာပါ သူ့အတွက် ဝမ်းသာမိ ကြသည်။ အေးအေးဆေးဆေး လည်ပတ်ချင်သောစိတ်ကြောင့်သာ သူ့ကို လိပ်စာကိုယ်စီပေးပြီး နှုတ်ဆက်ခဲ့ကြသည်။

"ဟောင်းတေမား၊ ဆူပိုင့်ဝိုက်နော့"

လာခဲ့မယ်၊ စောင့်နေပါဆိုသော စကားကို တွင်တွင်ပြောပြီး ရွှင်လန်းစွာ ထွက်ခွာသွားသူ၏ ကျောပြင်ကိုကြည့်ရင်း နှစ်ယောက် သား ပီတိဖြစ်ရသည်။

"မိသားစုဆိုတာ လူတစ်ယောက်အတွက် တော်တော်အရေး ကြီးတယ်နော်"

နန်းမြာစကားက နန်းထွေးရင်ကို လှုပ်လိုက်သလို ရှိသည်။ ချက်ချင်း ဆိုသလို နန်းမြာ စကားမှားမှန်းသိ၍ မျက်နှာပျက်ပြီး စကားလမ်း ကြောင်းလွှဲသည်။

"သွားကြစို့ဟေ့၊ တို့နှစ်ယောက်စကားကောင်းနေတာနဲ့ အပြန် နေမြင့်ဦးမယ်"

နန်းထွေးမသိဟန်ဆောင်ပြီး နှစ်ယောက်သား ဂူအတွင်းပိုင်း ဝင်ခဲ့ကြသည်။ အေးစိမ့်မှောင်မည်းနေသော ဂူအတွင်းပိုင်းက ဝါကျင့်ကျင့် လျှပ်စစ်မီးသီးလေးများကြောင့် အုတ်လမ်းဖြူဖြူလေး ကို မြင်နေရသည်။ မျက်နှာကြက် ကျောက်စက်ပန်းဆွဲများမှ တစိမ့် စိမ့်ကျနေသော ရေစက်များကြောင့် ထိုလမ်းကလေးက စေးထန် ချွဲကျိနေသည်ကိုလည်း နန်းထွေး သတိထားမိသည်။ ဂူနံရံမှာ ထွက်သော အနံ့အသက်များက စူးဝါးလွန်း၍ တစ်ခါတစ်ရံ အသက်ရှူမဝသလို ဖြစ်ရသည်။ နန်းမြာက စကားတပြောပြောနှင့် ရှေ့မှလျှောက်သွားသည်။ မျက်နှာကြက်မှ အောက်ဘက်သို့ ချွန် ထွက်စိုက်ဆင်းလာသော ကျောက်သားချွန်ချွန်များကို ဦးခေါင်းနှင့် မလွတ်တလွတ်ဟု ထင်မှတ်ရင်း ရှောင်တိမ်းရသည့်အဖြစ်ကိုလည်း နန်းထွေးခေါင်းမူးချင်သည်။ သဘာဝအလျောက် ဖြစ်ပေါ်နေသော ကျောက်သားများကို ပုံသဏ္ဌာန်နှင့် လိုက်လျောညီသည့် စာတန်း များကပ်ထား၍ နန်းမြာက တစ်ခုပြီးတစ်ခု လိုက်ဖတ်နေသည်။

"ဒီမှာကြည့်စမ်း၊ ထွေး၊ ဆင်မိသားစုတဲ့၊ တကယ့်ဆင်မကြီးနဲ့ ဆင်ကလေးပဲနော်၊ ဒီမှာ ဆင်ချည်တိုင်တဲ့၊ နောက်တစ်ကြိမ် တော့ သားကိုခေါ်လာပြီး ပြရဦးမယ်၊ ထွေးရေ့၊ ဟိုမှာ ဘုရားဖူးကြမယ်၊ လာဟေ့"

နန်းမြာက ပါးစပ်မှ တတွတ်တွတ်ပြောရင်း ခြေလှမ်းတွေကလည်း သွက်လက်မြန်ဆန်လှသည်။ သူ့နောက်သို့ နန်းထွေး အမီလိုက်ရ

သည်။ ဂူအတွင်းပိုင်းမှာ တည်ထားသော စေတီတော်တစ်ဆူကို တွေ့၍ အတူဖူးရန် နန်းထွေးကို စောင့်ခေါ်နေခြင်းဖြစ်သည်။

"လာပြီ, လာပြီ"

ဘုရားဖူးလိုစိတ်ဖြင့် ခြေလှမ်းကို သွက်သွက်လှမ်းနေရသော်လည်း ချွဲကျိကျိလမ်းကလေးကို ချော်လဲမှာကြောက်၍ သတိထားလျှောက်နေရသည်။ ဂူအတွင်းပိုင်း အမြင့်တစ်နေရာမှ တည်ထားသော စေတီတော်ရှိရာသို့ လှေကားထစ်များကို နင်းတက်ရသည်။ ထိန်လင်းသော မီးရောင်ကြောင့် စေတီတော်ကို ပြည့်ပြည့်ဝဝ ဖူးတွေ့ရသော်လည်း ကျဉ်းမြောင်းသောဂူအတွင်းပိုင်းဖြစ်၍ စိတ်ကျဉ်းကျပ်သလိုဖြစ်နေမိသည်။ စေတီတော်ကို အမြန်ဦးချပြီး ပြန်အထ ထူးဆန်းသော ရုပ်တုကြီးနှစ်ခုကို တွေ့လိုက်ရ၍ နန်းထွေး အံ့ဩသွားသည်။ သေချာလို၍ အနီးကပ်ရှုစိုက်ကြည့်လိုက်မိသည်။ အမျိုးသမီးကြီးနှစ်ဦးသဏ္ဍာန် ထုလုပ်ထားသော ရုပ်တုကြီးတွေဖြစ်မှန်း သိလိုက်သည်။ မျက်လွှာချပြီး တရားထိုင်နေသည့်သဏ္ဍာန်ဖြစ်၍ တကယ့်ကို အသက်ဝင်လွန်းသည်။ မျက်နှာဝိုင်းဝိုင်း၊ ကိုယ်နေဟန်ထား တောင့်တောင့်တင်းတင်းနှင့် ထိုရုပ်တုကြီးများက ကျောက်သားနံရံနှင့်ကပ်လျက်ဖြစ်၍ ဒီလောက်ကျဉ်းမြောင်းသည့်နေရာမှာ ဒီရုပ်တုကြီးတွေချထားခြင်းကို နန်းထွေး တအံ့တဩဖြစ်နေမိသည်။ တစ်ခုပဲ ကျေးဇူးတင်စရာရှိသည်။ အများသူငါ ဘုရားဝတ်ပြုသည့် ရင်ပြင်တော်ကျဉ်းကျဉ်းလေးကို မထိခိုက်စေဘဲ ဘေးဘက်ကျောက်နံရံနှင့်ကပ်လျက်မှာ ချထားခြင်းဖြစ်၍ တော်သေးသည်ဟု ပြောရမည်။

"လက်ရာမြောက်လိုက်တာနော်"

စိတ်ထဲမထားနိုင်၍ နန်းမြာကို လက်တို့ပြောလိုက်သည်။

"ဘာကိုလဲ နန်းထွေး"

နန်းမြာက နားမလည်သလို ပြန်မေးသည်။

"ဟိုရုပ်တုကြီးတွေကို ပြောတာ၊ တကယ်အသက်ဝင်တယ် နော်၊ တစ်ခုပဲ ပြောစရာရှိတယ်၊ ဘုရားရင်ပြင်မှာ အမျိုးသမီး ရုပ်တုကြီးတွေရှိနေတော့ တစ်မျိုးပဲ"

"ဟောတော့၊ သေချာကြည့်ဦး ထွေးရဲ့ အဲဒါ ရုပ်တုမဟုတ် ဘူး၊ အမျိုးသမီးကြီးတွေ တရားထိုင်နေတာ"

နန်းထွေး မျက်လုံးအစုံပြူးကျယ်သွားသည်။ ဒါဟာ တကယ့် တရား ရှုမှတ်နေတဲ့ သက်ရှိအမျိုးသမီးကြီးတွေတဲ့။ နန်းထွေး တစ်ကြိမ် ပြန်ကြည့်လိုက်သည်။ ပကတိ ကြည်လင်နေသော မျက်နှာ၊ ငြိမ်သက်လွန်းသည့် ကိုယ်နေဟန်ထားက ဘယ်လိုမှ ယုံနိုင်စရာမရှိ ခဲ့။ စူးစူးစိုက်စိုက်ကြည့်ပါမှ ရင်ဘတ်တစ်နေရာမှာ အသက်ရှူ နေဟန် မသိမသာလေး နိမ့်တွန့်၊ မြင့်တွန့်ဖြစ်နေသည်။ နန်းမြာက စကားမပြောရန် လက်တို့အသိပေးသည်။ အနှောင့်အယှက်ဖြစ်မှာ စိုး၍ နှစ်ယောက်သားဘုရားဖူးပြီး တိတ်တဆိတ်ပြန်ထွက်လာခဲ့ ကြသည်။ တကယ့်အံ့ဩစရာ၊ ကျဉ်းမြောင်းပြီး လေဝင်၊ လေထွက် နည်းပါးသော အနံ့အသက်လည်းရှိသော ဒီလိုနေရာမျိုးမှာ ဆိတ်ငြိမ်စွာတရားရှုမှတ်ရသည့်အဖြစ်က မလွယ်ကူဟု နန်းထွေး ထင်သည်။ နာရီပေါင်းများစွာ ရှုမှတ်ရသည် မဆိုထားနှင့်၊ အခိုက်

အတန့်လေးဝင်လာရသည့် နန်းထွေးပင် အသက်ရှူမဝ၍ အမြန်ဆုံး ပြန်ထွက်လာခဲ့ရသည်။ ခံနိုင်ရည်က ဖှဲ့ဩစရာ။

"ဒီတစ်ကြိမ် အစီအစဉ်က နန်းထွေးအတွက် သိပ်အဆင် မပြေဘူး ထင်တယ်နော်"

ကိုလာဘူးကိုကိုင်ရင်း ငိုင်နေသည့်နန်းထွေးက နန်းမြာစကားကြောင့်မှ သတိဝင်လာပြီး ခေါင်းကို အသာယမ်းပြလိုက်သည်။ အဖြစ်မတင် ရက်ပါ။ မွန်းကျပ်သော ဂူအတွင်းပိုင်းမှာ အသက်ရှူမဝ၍ မောဟိုက်သလို ခံစားရသည့်အဖြစ်ကို နန်းမြာသိလျှင် စိတ်ကောင်း ရှာမည်မဟုတ်။ သူမမှာ ကိုယ့်အတွက်နှင့် အချိန်ကုန်ပင်ပန်းခံပြီး လိုက်ပို့ရသည်။ တကယ်ဆို သူက မိသားစုနှင့်ဖြစ်၍ တာဝန်တွေ ကြားမှာ အားလပ်သူမဟုတ်၊ ရောဂါဝေဒနာကို တစ်ယောက်တည်း အထီးကျန်ခံစားနေရသည့် သူငယ်ချင်းဖြစ်သူအတွက် စာနာစိတ် ဖြင့် အလိုက်သိကူညီနေခြင်းဖြစ်သည်။

"သွားကြမယ်၊ ဒီကျောက်ခုံက အေးပေမယ့် ပုစဉ်းရင်ကွဲ အော်သံက နားမခံသာဘူး၊ ရှေ့က ဆိုင်တွေမှာ တို့နှစ်ယောက် တစ်ခုခုစားကြမယ်"

အောက်ဘက်ကဆိုင်တွေကို ညွှန်ပြရင်း နန်းထွေးလက်ကို ဆွဲကိုင် ကာ နှစ်ယောက်သား လျှောက်လာကြသည်။ နေက ပူစပြုပြီ။

* * * * *

"တို့ဟူးကြော်က အရမ်းကောင်းတာပဲ၊ လျှာပေါ်တင်လိုက် တာနဲ့ အရည်ပျော်သွားသလိုပဲ"

ပူပူနွေးနွေးကြော်ထားသော တို့ဟူးကြော်ကို အားရပါးရစားရင်း နန်းမြာပြော၍ ဆိုင်ရှင်မနုအမျိုးသားက ပြုံးနေသည်။ အပေါ်ယံ တင်းတင်းလေးဖြစ်ပြီး အတွင်းပိုင်းအသားက နူးညံ့အိထွေးနေသော တို့ဟူးကြော်က တကယ်လည်း စားကောင်းလှသည်။ ပူဒီနာခံရွက် ကလေးများ ညှပ်ထည့်ထားသော ပဲဟင်းရည်ထဲနှစ်စား၍ အရသာက ပိုပြီးချိုစိမ့်နေသည်။ စကားမပြောနိုင်လောက်အောင် နှစ်ယောက်သား စားနေဆဲ ဆိုင်အတွင်း ဝင်လာသူအချို့ကြောင့် စောင်းငဲ့ကြည့်လိုက်မိသည်။ မနုအမျိုးသားက ဖော်ရွေပျူငှာစွာဖြင့် နေရာထိုင်ခင်းပေးသည်။

"ဟယ်, ဟိုနှစ်ယောက် မဟုတ်လား"

နန်းထွေး သတိထားကြည့်လိုက်မိသည်။ ဂူထဲမှာ တရားကျင့်နေသည့် အမျိုးသမီးကြီးနှစ်ယောက်ဖြစ်၍ လေးစားကြည်ညိုစွာ အရိုအသေပေးလိုက်မိသည်။

"လာပါရှင်၊ ဒီ စားပွဲမှာ ထိုင်ပါရှင့်"

နန်းမြာကပါ ဆီးကြိုဖိတ်ခေါ်လိုက်၍ ငြင်းဆန်ခြင်းမရှိဘဲ နှစ်ယောက်လုံး နန်းထွေးတို့စားပွဲမှာ ဝင်ထိုင်လိုက်ကြသည်။

"အမေတို့ ဘာသုံးဆောင်မလဲရှင့်"

နန်းထွေး အလှူဒါနပြုချင်စိတ်ဖြစ်၍ မေးလိုက်သည့်ခဏ နူးညံ့ အေးဆေးသော လေသံဖြင့် ပြန်ပြောလာသည်။

"အမေတို့စားတာ ဆိုင်ရှင်သိပါတယ်ကွယ်၊ ဒီမှာပဲ စားလာကြတာ နှစ်ပေါင်းကြာပါပြီ"

"အော်၊ ဟုတ်ကဲ့ရှင်"

ဆိုင်ရှင်က အလိုက်သင့်ချပေးလာရင်း ဆိုင်မှာစားတာကြာပြီဖြစ်ကြောင်း၊ သက်သက်လွတ် အရွက်ကြော်တစ်မျိုးမျိုးဆိုလျှင် လုံလောက်ကြောင်း၊ ဘာအရွက်ကြော်ဟု အမည်မတပ်ကြောင်း ရှင်းပြနေ၍ မြိုးမြစ်နိုင်မှုကို အံ့ဩလေးစားမိသည်။ စကားပြောကြည့်စဉ် ပအိုဝ်းအမျိုးသမီးကြီးများဖြစ်ကြောင်း သိရသည်။ မြင်းမထိရွာမှ မဟုတ်ဘဲ အနီးအပါးရွာမှဖြစ်ပြီး နေ့စဉ် တစ်ရက်မပျက်ခြေကျင်လာရောက်ပြီး တရားကျင့်ကြဲကြောင်း သိရ၍ လေးစားကြည်ညိုမိရသည်။ စကားပြောရင်းမှ သိချင်စိတ်ကို မျိုသိပ်မရဘဲ နန်းထွေးမေးလိုက်မိသည်။

"အမေတို့ တရားအားထုတ်ရတာ ဂူထဲမှာဆိုတော့ အသက်ရှူလို့ ကောင်းရဲ့လားရှင်"

"ဟုတ်တယ်၊ ကျောက်သားနံရံနဲ့လည်း ကပ်နေတော့ သမီးတို့က ရုပ်တုကြီးတွေ ချထားတယ်တောင်မှတ်နေခဲ့တာ"

နန်းမြာကပါ ဝင်ပြောလာ၍ နှစ်ယောက်လုံး ပြုံးသည်ဆိုရုံလေးပြုံးသည်။ ဝဖိုင့်သော ခန္ဓာကိုယ်အနေအထားရှိသော်လည်း အစားအသောက်လည်း နည်းပါးလှသည်။ တော်သင့်ရုံ ဝတ်ကျေတန်းကျေသဘောမျိုး စားသောက်ပြီးမှ ရေနွေးခါးသောက်ရင်း စကားပြောသည်။

"ဂူဆိုတော့ ပြင်ပအသံဗလံတွေ နည်းတယ်ဆိုပြီး လုပ်ခဲ့တာပါ၊ ဂူထဲလာပြီး ဘုရားဝတ်ပြုတဲ့သူတွေလည်း လွတ်လွတ်

ကင်းကင်း ကြည်ညိုလို့ရအောင်ဆိုပြီး ရင်ပြင်မှာမထိုင်ဘဲ လွတ်နေတဲ့နံရံဘေးမှာ ကပ်ထိုင်ဖြစ်တာပါ"

အသံက အေးဆေးနူးညံ့သည်ကို သတိထားမိသည်။

"သမီးလဲ အမေတို့လို ထိုင်ချင်ပါတယ်၊ ဒါပေမဲ့ ဂူထဲမှာ ကြာကြာနေလို့ မရဘူး၊ စိတ်တွေမွန်းကျပ်ပြီး အသက်ရှူမဝလို့ အမေရယ်"

နန်းထွေး စိတ်ထဲရှိသမျှ ပြောလိုက်မိ၍ နန်းမြှာက မျက်လုံးဝိုင်းကြီး ဖြင့် ကြည့်လာသည်။ မတတ်နိုင်တော့။

"သမီးတို့ရယ်၊ တရားထိုင်တယ်၊ တရားအားထုတ်တယ် ဆိုတာ ကိုယ့်စိတ်ကို သတိလေးနဲ့ စောင့်ကြည့်တာပါပဲ၊ ဒီလို စောင့်ကြည့်နေတဲ့နောက် ဘယ်လိုဝေဒနာကများ ကြာရှည် ရှိနိုင်မှာတဲ့လဲ၊ ဘယ်နေရာမှာပဲနေနေ ရှည်လျားလွန်းတဲ့ သံသရာလောက်တော့ မမွန်းကျပ်နိုင်ပါဘူးကွယ်၊ ဒီဘဝမှာ ဖြစ်ပျက်ခံစားမှုဆိုတာကို ဘဝပေါင်းများစွာ ဖြစ်ပျက်ခဲ့တဲ့ သံသရာကြီးနဲ့ ယှဉ်ကြည့်လိုက်ပါ၊ သမီး ဝေဒနာတွေ ပေါ့ပါး သွားမှာပါ"

နူးညံ့သောစကားသံက နှလုံးသားထဲ စိမ့်ဝင်သွားလောက်အောင် ကြည်နူးပီတိဖြစ်စေခဲ့သည်။ ထိုခဏ နန်းမြှာက နန်းထွေးမျက်နှာကို ကြည့်လာသည်။ နန်းထွေးအားပါးတရ ပြုံးပြလိုက်သည်။ ထို အပြုံးက ဘဝတစ်လျှောက်လုံး အနှစ်သာရ အရှိဆုံးဟု နန်းထွေး ထင်သည်။

## အချိုးခွဲချစ်

အပြင်မှာ အလင်းရောင် ဖြိုးဖြိုးဖျဖျကို မြင်နေရသည်။ ညဉ့်နက်မှ အိပ်ရာဝင်ဖြစ်သော်လည်း စိတ်က ကြည်ကြည်လင်လင်ရှိနေသည်။ အိမ်ရှင်တွေ မနိုးသေး၍ ခြေသံဖွဖွနင်းပြီး အိမ်နောက်ဘက်တံခါးပေါက်ဆီ ထွက်လာခဲ့သည်။ အအေးဓာတ်က မီးဖိုထားသော အိမ်အတွင်းမှာပင် သိသိသာသာရှိနေသည်။ အပြင်မှာ ဘယ်လောက်အထိ အေးစိမ့်နေမည်မသိ။ ခံနိုင်ရည်ရှိ မရှိ အပြင်ထွက်ကြည့်ချင်မိသည်။ စိတ်ကူးဖြင့် တံခါးချက်ကို ဖြုတ်မည်အပြု ဖြူဖွေးသော လက်ကလေးတစ်ဖက်က အလိုလို ပေါ်လာသည်။

"နိုးပြီလားရှင့်"

အနည်းငယ်ဝဲပြီး ချိုလွင်သောအသံလေးက ကျောဘက်ဆီမှ ထွက်ပေါ်လာ၍ သူ နောက်လှည့်ကြည့်လိုက်သည်။ ပြည့်ဖြိုးဖြူနုသော မျက်နှာလေးက အလင်းရောင်နည်းသော အိမ်ထဲမှာပင် ကြည်လင်လန်းဆန်းနေခဲ့သည်။ အိမ်ရှင် ခွန်မင်းအောင်၏ ညီမငယ်လေးဖြစ်၍ သူပြန်ပြုံးရင်း နှုတ်ဆက်လိုက်သည်။ အလိုက်သင့် ဖွင့်ထားပေးသော တံခါးမှ အိမ်ပြင်လှမ်းထွက်လိုက်သည်။ အေးစိမ့်ပြီး

အားပါသောလေက ဆီးကြိုတွေးပွေ့လိုက်၍ လူတစ်ကိုယ်လုံး လန်းဆန်းအားပြည့်သွားသည်။ စိုထန်းထန်းအတွေ့ကြောင့် လေထဲမှာ နှင်းငွေ့များပါကြောင်း သိလိုက်သည်။ မျက်စိရှေ့မှာ ရှိနေသည့် မြက်ရိုင်းပင်အချို့မှာ နှင်းစုတွေခိုသီးနေ၍ သူ သဘောကျစွာ ဆွတ်ယူကြည့်လိုက်သည်။ လက်ဖျားမှာ အလိုက်သင့်ပါလာသော နှင်းအစုအလုံးလေးကို လျှာဖျားပေါ် တင်ကြည့်လိုက်သည့်ခဏ အေးစိမ့်သောအရသာကို ခံစားလိုက်ရသည်။

မျက်စိရှေ့မှာရှိနေသည့် တောင်စိမ်းစိမ်းကြီးက သစ်ပင်များ ထူထပ်စွာ ပေါက်နေ၍ သစ်တောစိမ်းကြီးကို အနီးကပ်တွေ့ရသလို ရှိသည်။ ထူးခြားမှုတစ်ခုက အဝေးမှပင် မြင်နိုင်သည့် သစ်ပင်များကြားမှ လူသွားလမ်းကလေးဖြစ်သည်။ ထိုလမ်းကလေးမှာ မြွေလိမ်မြွေကောက်မဟုတ်ဘဲ မတ်စောက်သောတောင်ပေါ် အထိ ဖြောင့်တန်းသွား၍ ထိုလမ်းကလေး၏အဆုံးမှာ စေတီတစ်ဆူနှင့် အဆောင်အဖုံတစ်ခုကို တွေ့သည်။ အားလပ်သည့်တစ်နေ့မှာ ထိုလမ်းကလေးကို လျှောက်ကြည့်ရန် သူစိတ်ကူးရလိုက်သည်။

နေအိမ်နှင့် အနည်းငယ်လှမ်းသော ရေချိုးခန်းဆီ သူလျှောက်လာခိုက် နူးညံ့သော အနီရောင်မြေသားလမ်းကလေး၏ အထိအတွေ့ကို ခံစားမိသည်။ မြေနီလမ်းကလေး၏ ဝဲယာမှ အာလူးခင်းအချို့မှာ အပွင့်တံ ထိုးစပြုနေသည်။ အခင်းအလယ်မှ ရေဖြန်းစက်ကိုတွေ့စဉ် သူတအံ့တဩဖြစ်သွားသည်။

"စိုက်ပျိုးရေးစနစ် ကောင်းလှချည်လား"

နှုတ်မှပင် ဖွင့်ထုတ်ချီးကျူးလိုက်မိသည်။ ကိုယ့်အရပ်မှာက မိုးကို သာ အားထားပြီး မိုးရွာလျှင် ရေရသည်။ မိုးမရွာ၍ စပါးမအောင် သောနှစ်များပင် ရှိနေ၍ ဒီစနစ်ကို သူသဘောကျမိသည်။

"ဆရာ, ဘာကြည့်နေတာလဲ"

အိမ်ရှင် ခွန်မင်းအောင်က သူ့အာလူးခင်းကို တစ်ပတ်ပတ်ပြီးဟန် တူသည်။ လောင်းကုတ်ကြီးတဖားဖားနှင့် အနားရောက်လာသည်။

"ဒီမှာ ရေပေးတာကို ကြည့်တာဗျ"

"ကျွန်တော်တို့အရပ်မှာက ဒီလိုလုပ်မှရတယ် ဆရာရဲ့၊ ချောင်းရေကို အားထားရတာဆိုတော့ ဒီလိုစက်တွေနဲ့မှ အဆင်ပြေတာဗျ"

"ဆရာ ဟိုဘက်သွားရင် တွေ့ပါလိမ့်မယ်၊ အဲ့ဒီဘက်မှာ ချောင်းရှိတယ်၊ ကျွန်တော်တို့စိုက်ခင်းသမားတွေ မှန်သမျှ ဒီချောင်းကပဲ ရေတင်ယူကြတာ"

ခွန်မင်းအောင်က သူ့ကိုရှင်းပြပြီး သူ့စက်ကို ဖွင့်ပြနေသည်။ တဖွားဖွားကျနေသော ရေမှုန်များက နေရောင်အောက်မှာ လက်လက်ထနေသည်။

"ကောင်းတယ်ဗျာ၊ သဘောကျတယ်၊ ကျွန်တော်တို့အရပ် မှာတော့ မိုးရွာမှ ရေရတာ၊ ဒီလိုအမြဲရနေတဲ့ ချောင်းမရှိဘူး ဗျ၊ ကျွန်တော်တို့အရပ်က ချောင်းတွေက နွေရာသီဆို ခန်း တယ်ဗျ"

"ဒါ ဘီလူးချောင်းရေလေ ဆရာ၊ ဟိုဘက်တောင်တွေကြား ထဲ ဝိုက်ပြီးစီးနေတာ၊ ရေကိုမှ အလျှံပယ်ပဲ"

"လမ်းလျှောက်ရင်းနဲ့ ကြည့်လိုက်ဦးမယ်"

"သွား၊ သွားဆရာ၊ ပြန်လာမှ အစောဆာလေး စားကြတာပေါ့"

ခွန်မင်းအောင်ကို နှုတ်ဆက်ပြီး သန့်စင်ခန်းရှိရာ ဝင်လာခဲ့သည်။ ရေချိုးခန်းနှင့်တွဲလျက်ဖြစ်၍ ရေကျသံတဗွမ်းဗွမ်းကို ကြားနေရသည်။

"ဒီမှာ ရေအတွက်က စိတ်ချရတယ်ဆရာ၊ ဟိုးတောင်ပေါ်ကကျလာတဲ့ရေကို ရေလှောင်ကန်ကြီးနဲ့ခံယူပြီး ရေသန့်စင်စက်နဲ့ သန့်စင်ပေးပြီးမှ ရွာထဲကိုဝေတာ"

ညဦးက သူ့ကိုတွေ့လို့၍ ရောက်လာသော ရွာလူကြီးက ရွာအခြေအနေကို ပြောပြပြီး ဂုဏ်ယူနေသည်။ ယူအင်ဒီပီမှ လှူဒါန်းထားခြင်းဖြစ်ကြောင်းလည်းပြောသည်။ မင်လောင်းမြို့နယ် ဈေးဖျားစီမံချက်ဖြင့် ရောက်လာသောသူ့အဖို့ အပြစ်ပြောစရာမတွေ့လောက်အောင် ရွာကလေးကို သဘောတွေ့နေခဲ့သည်။ သူရောက်လာသည့် ညနေမှာပင် ခြံဝင်းတစ်နေရာမှ မီးခိုးတလူလူထွက်နေ၍ သူမေးကြည့်ခဲ့သေးသည်။

"အမှိုက်တွေ မီးရှို့ထားတာ ဆရာ၊ ကျွန်တော်တို့အရပ်မှာက အမှိုက်ကျင်းနှစ်ခု အိမ်တိုင်းမှာရှိတယ်၊ မီးရှို့လို့ရတဲ့အမှိုက်ကို မီးရှို့ပြီး၊ မီးရှို့လို့ကျန်းမာရေးအတွက် ထိခိုက်နိုင်တဲ့အမှိုက်မျိုးကို မြေမြှုပ်တယ်လေ"

သူဆိုစရာစကားမရှိတော့လောက်အောင် ရွာကလေးက ပြီးပြည့်စုံ

နေခဲ့သည်။ အမြင့်ပေ ငါးထောင်နီးပါးရှိသော တောင်ပေါ် ရွာလေး ဖြစ်၍ ဒီလောက်ထိ ငြိမ်းပြည့်စုံမည် သူမထင်ခဲ့။ မျက်စိအောက်မှာ မြင်နေရသည့် သွပ်မိုး၊ အုတ်ကာ အိမ်ကြီးများကို တစ်ရွာလုံး သေသေသပ်သပ် ဆောက်လုပ်ထား၍ ကြည့်ရသည်ကပင် မျက်စိ ပသာဒဖြစ်လှသည်။ ရေအသုံးပြုစနစ်၊ ရေလောင်းအိမ်သာစနစ်၊ အမှိုက်သိမ်းစနစ်၊ အစစအရာရာ စရိုက်ကောင်းတို့ဖြင့် ငြိမ်းပြည့်စုံ၍ သူကျေနပ်ခဲ့ရသည်။ သန့်စင်ခန်းမှအထွက် မလှမ်းမကမ်းမှ မြူလိုလို အရာများ ဝေ့ဆိုင်းနေသော နေရာလေးကို သူစိတ်ဝင်တစား လျှောက်သွားလိုက်သည်။ ထိုနေရာမှာ ကျောက်ဆောင်တစ်ခုရှိ၍ ကျောက်ဆောင်ပွန်းပေါ် သူတက်ကြည့်လိုက်သည်။ ကျောက်ဆောင် ထိပ်အရောက်မှာ သူ့မျက်လုံးအစုံ ပင့်တက်သွားလောက်အောင် အံ့ဩရပြန်သည်။

အနက်ရောင် အထက်အောက်ဝတ်စုံဖြင့် အဝတ်လျှော်နေသော အမျိုးသမီးအချို့နှင့် အောက်ခြေရှိ ကျောက်စရစ်ခဲ နီကျင့်ကျင့်လေးများကို မြင်နေရလောက်အောင် ကြည်လင်ပြီး တငြိမ့်ငြိမ့်စီးနေသော စမ်းချောင်းကလေးက ပန်းချီကားတစ်ချပ်လို လှပတင့်တယ်နေပြန်သည်။ ထို့ထက်ပိုပြီး အံ့ဩစရာကောင်းသည်က စောစောပိုင်းက သူ့ကို တံခါးဖွင့်ပေးခဲ့သော မျက်နှာဝိုင်းကလေးက စမ်းချောင်းအထက် ကမ်းပါးစောက်မှာ ရောက်နေခြင်းဖြစ်သည်။ မြက်ပင်ရှည်များကြားမှာ တလှုပ်လှုပ်နှင့် ဘာတွေလုပ်နေသည်မသိ။ ရာသီမရွေး အလုပ်လုပ်လေ့ရှိသော ရွာစရိုက်ကိုတော့ သူသိထားပြီးဖြစ်သည်။

"နေထိုင်စားသောက်ရေးက အခက်အခဲမရှိတာလည်း မပြောနဲ့ဆရာ၊ ကျွန်တော်တို့ ပအိုဝ်းလူမျိုးတွေက အလုပ်လုပ်ရင် ရာသီအချိန်မရွေးဘူး၊ အာလူးက တစ်နှစ်ကို သုံးကြိမ်စိုက်လို့ရတယ်၊ လယ်တစ်ဧက၊ နှစ်ဧကရှိရင်ပဲ သူဌေးလို့ပြောလို့ရပြီ"

ညွှန့်ဦးကရယ်ရွှန်း၊ ဖတ်ရွှန်းပြောခဲ့သော ရွာလူကြီးစကားကို နားထောင်ရင်း သူမယုံကြည်နိုင်ခဲ့။ သို့သော်လည်း နံနက်လင်းချိန်မှာ ဆီးကြိုလိုက်သော မြင်ကွင်းများက ရွာလူကြီးစကားကို သက်သေပြနေခဲ့သည်။ ထော်လာဂျီပေါ်မှ ပေါက်တူးကိုယ်စီဖြင့် လုပ်ငန်းခွင်သွားကြသော မိသားစုများ၊ အရောင်းအဝယ်အတွက် မြို့တက်သွားကြသော ဆိုင်ကယ်များက ရွာလယ်လမ်းမှာ ပြတ်လှသည်မရှိ။ ထို့အတူ အိမ်ရှေ့မှာရပ်ထားသည့် ဆိုင်ကယ်များ၊ ထော်လာဂျီများ၊ လယ်ယာသုံးစက်ကိရိယာများကလည်း ရွာ၏ကြွယ်ဝမှုကို ပြနေသည်။ ပြောရလျှင် ကျန်းမာရေးဝန်ထမ်းတစ်ဦးဖြစ်သောသူ့အဖို့ ရွာကလေးက ကျေနပ်အားရဖွယ်ရာဖြစ်နေခဲ့သည်။ ကျောက်ဆောင်စွန်းမှနေ၍ ရွာကလေးကို သူစီးမိုးကြည့်နေစဉ် မျက်နှာဝိုင်းလေးက လှမ်းပြုံးပြသည်။ တောင်ကြီးတက္ကသိုလ်မှ သချာင်္ အဓိကဖြင့် ကျောင်းပြီးထားသော်လည်း အိမ်မှာပင်နေ၍ တောင်ယာအလုပ်ကို ကူလုပ်နေကြောင်း ခွန်မင်းအောင် ပြောပြထားသည်။

"ဆရာ၊ လမ်းလျှောက်ချင်တယ်ဆို ဟိုဘက်ကို ဆက်သွားလေ၊ အဲ့ဒီဘက်မှာ ဂျီရယ်ကန်ရှိတယ်"

လက်ညှိုးလေးတထိုးထိုးဖြင့် လှမ်းပြောနေ၍ သူကလေးနှင့် အနီး ဆုံးသို့ သူလျှောက်သွားလိုက်သည်။ အနီးကပ်ကြည့်မှ ငယ်နုသော မျက်နှာလေးမှာ သနပ်ခါးပင် တင်မထား၍ ဝင်းမွတ်ကြည်စင်သော အသားအရေကို သတိထားမိသည်။ အေးလွန်းသော ရာသီဥတု နှင့် အမြဲတစေအသားကျနေ၍လားမသိ။ ခန္ဓာကိုယ်ပေါ်မှာ အနွေး ထည်ပင်ရှိမနေခဲ့။ အညိုနုရောင်ချည်သားပွပွ အင်္ကျီလေးကို တစ်ထပ်တည်းဝတ်ထားပြီး ပခုံးပေါ်မှာ တဘက်လေး လွှမ်းခြုံထား ၍ သူ့ဟန်ပန်က ကပိုကရိုလေးနှင့် ကြည့်ကောင်းနေပြန်သည်။ နှင်းရည်ဆမ်းသော နံနက်ခင်း၏ အေးမြမှုနှင့် တစ်ထပ်တည်းဖြစ် သော ထိုကောင်မလေးကို သူအမှတ်တမဲ့ ငေးကြည့်နေမိသည်။

"အဲ့ဒီမြက်ပင်ရှည်တွေ ဘာလုပ်မလို့လဲ"

နဖူးမှာစည်းထားသည့် လွယ်ပလိုင်းအတွင်းမှာရော၊ လက်ထဲမှာပါ ပွေ့ပိုက်ထားသည့် အပင်စိမ်းစိမ်းကြီးများကို သတိထားလိုက်မိ၍ ငေးကြည့်နေရာမှ သူမေးလိုက်သည်။ ကောင်မလေး လှစ်ခနဲပြုံး သည်။

"ဒါမြက်ပင် မဟုတ်ဘူးဆရာ၊ ကြက်သွန်ဖြူလေ"

ရှက်ရှက်နှင့် သူ့နဖူးသူ လက်ဝါးဖြင့် ရိုက်လိုက်မိသည်။ ဒီဒေသ၏ အလုပ်အကိုင်နှင့် ဓလေ့ထုံးတမ်းများကို သူထိုက်သလောက် လေ့လာပြီးဖြစ်သည်။ ထီရွှေ ထီးရိုင်ဘက်မှာ အာလူး၊ ကြက်သွန်ဖြူ စိုက်ကြောင်း သိထားပါလျက် အမှတ်တမဲ့ဖြစ်သွားရသည်။ ကောင်မလေးက လက်ထဲမှ အပင်ရှည်များကို ကိုင်မြှောက်ပြီး သူ့ကို စနေသေးသည်။

"ဒီမှာလေ ကြက်သွန်ဥလေးတွေ၊ စီးပွားဖြစ်လည်းစိုက်တယ်၊ အိမ်စားဖို့လည်းစိုက်တယ်၊ ဆရာ နန်းငယ်တို့အရပ်က အိမ်တွေကို သတိမထားမိဘူးနဲ့တူတယ်"

နန်းငယ်လေးဟုခေါ်သော ထိုကောင်မလေးက စကားပြောသွက်လက်သူဖြစ်ကြောင်း ခဏအတွင်းမှာ သူအကဲခတ်လိုက်မိသည်။ ကျောက်ဆောင်မှတစ်ဆင့် သူရှိရာတက်လာပြီး အပင်တွေကို သေသေချာချာကိုင်ပြရင်း သူ့ကို ရှင်းပြနေသည်။

"ဒီလိုအပင်လေးတွေကို စုစည်းပြီး အိမ်ထဲမှာလှောင်ထားရင် တစ်နှစ်စာ ထားလို့ရတယ်လေ"

သူတို့အောက်အရပ်မှ ပျိုးပင်များကို စုစည်းထားသည့် ဖျိုးထုံးနှင့် ပင်တူသော ကြည်သွန်ဖြူများကို သူမတွေ့ဖူးဘဲရှိပုံမလား။ အိမ်၏ အတွင်းပိုင်းမှာ၊ ပြတင်းပေါက်တွေမှာ တန်းစီချိတ်ဆွဲထားပြီး ကရွက်များပင် ဝါရော်နေသည်ကို သူ မကြာခဏတွေ့ခဲ့ဖူးသည်။ အခုလို ဂေါ်လတ်ဆတ်ဆတ်အခင်းမှ အပင်ကိုသာ သူသတိမထားမိခြင်းဖြစ်သည်။

"ဆရာ ကျိုရယ်ကိုသွားချင်ရင် နန်းငယ်လိုက်ပို့မယ်၊ ခဏလေး စောင့်ပေါ့နော်"

ပြောပြောဆိုဆို သူ့ရှေ့မှ လှစ်ခနဲ ထွက်သွားပြီး မလှမ်းမကမ်း စည်းရိုးတိုင်မှာ လွယ်ပလိုင်းကိုချိတ်ထားလိုက်သည်။ ပြီးမှ သူရှိရာသို့ ခြေလှမ်းသွက်သွက်ဖြင့် ပြန်လျှောက်လာသည်။

"ဒီလမ်းကသွားမယ် ဆရာ"

စမ်းချောင်းအပေါ်ဘက်မှာ လျှိုတစ်ခုရှိနေ၍ ထိုလျှိုကလေးကို ညွှန်ပြရင်း သူ့ရှေ့မှ ဦးဆောင်သွားသည်။ လျှိုအောက်ဘက်မှာလည်း အတော်အသင့် နက်ရှိုင်းသော ချောက်တစ်ခုရှိနေ၍ ထိုချောက်ကို ကြီးမားတုတ်ခိုင်သော ဝါးတံတားဖြင့် ဖြတ်ကူးရသည်။ ဝါးလုံးများက အခေါင်းပေါက်ကျဉ်းပြီး အသားထူသော ဝါးအမျိုးအစားဖြစ်၍ ခိုင်မာတောင့်တင်းလှသည်။

"ဝါးလုံးတွေက အသားထူလိုက်တာနော်"

"လွှိုင်ကော်ဘက်က ဆရာ၊ သိပ်ခိုင်တာပဲ၊ ဒီတံတားကြာပြီ"

ဝါးတံတားကို ကျော်ပြီးသည်နှင့် လျှိုအတွင်းမှထွက်ပြီး တောင်ကုန်းမော့မော့လေးပေါ် တက်လာကြသည်။ မြင်ကွင်းက ရှင်းလင်းသွားပြီး အာလူးခင်းများကို မျက်စိတစ်ဆုံးမြင်ရသည်။ အာလူးခင်းများကြားမှ နိုးပြတ်ချောက်ငုတ်များဖြင့် မွဲခြောက်ခြောက် လယ်ကွက်အချို့ကိုတွေ့၍ သူစပ်စုလိုက်သည်။

"ဒါက စပါးစိုက်တာလေ၊ တစ်ဧကကို အတင်းခြောက်ဆယ်လောက်ထွက်တယ်"

"ဟုတ်လား၊ ထွက်တာပေါ့၊ ဟိုဘက်မှာ ဒီလောက်မထွက်ဘူး၊ မိုးဖျက်၊ ပိုးဖျက်တာလည်း ပါတာပေါ့"

နန်းငယ်က လူကြီးတစ်ယောက်လို ခေါင်းတညိတ်ညိတ်နှင့် ဖုံ့ညြနေပုံရသည်။

"ဒီဘက်မှာ ဖြစ်တတ်တာလည်းရှိပါတယ်ဆရာ၊ မြေကြီးက မြေဆီမြေဩ ကုန်သွားတာမျိုးပေါ့၊ ဒီလိုအခါမျိုးမှာ ထွက်နှုန်းကျတတ်တာပဲ"

"ဒီလိုဖြစ်ရင် နန်းငယ်တို့က ဘာလုပ်လဲ"

"ရမည်းသင်းဘက်မှာ နွားချေးတစ်သိန်းဖိုးလောက်ဝယ်ပြီး ထည့်ရတယ်၊ ဒါက သဘာဝမြေဩဇာပေါ့ ဆရာရယ်၊ ဓာတ်မြေဩဇာကတော့ ပိုတက်နဲ့ ဖော့စဖိတ်ကိုသုံးတယ်"

ဓားချွင်းယှဉ်လျက် လျှောက်လာရင်းမှ မျက်နှာလေးကို လေးလေးစားစား ငုံ့ကြည့်လိုက်သည်။ အရွယ်နှင့်မလိုက်အောင် လေ့လာမှတ်သားမှုအားကောင်းလှ၍ စိတ်ထဲ ချီးကျူးနေမိသည်။ ငယ်ရွယ်သော မျက်နှာလေးနှင့် လွတ်လပ်ပျော်ရွှင်နေထိုင်ခွင့်ရသော အရွယ်ဖြစ်ပါလျက် လုပ်ငန်းခွင်မှာ အသားကျနေသည့်အဖြစ်။ ကိုယ်တိုင်က အသက်အရွယ်အားဖြင့် သူ့ထက်ကြီးရုံသာမက လုပ်ငန်းခွင်ထဲ အနေကြာသူဖြစ်သော်လည်း သူ့လောက်ဗဟုသုတ ပြည့်စုံမည်မထင်ခဲ့။ ကျန်းမာရေးဝန်ထမ်းတစ်ဦးဖြစ်၍ ကျန်းမာရေးနှင့်ပတ်သက်သော အကြောင်းအရာများမှအပ မိဘလုပ်ငန်းကိုပင် လေ့လာမှုမရှိခဲ့၍ နန်းငယ်နှင့်ယှဉ်ပြိုင်ပြီး သူမပြောနိုင်တာ သေချာသည်။

"ခန္ဓာကိုယ်ပဲဖြစ်ဖြစ်၊ သဘာဝရေမြေတောတောင်ပဲဖြစ်ဖြစ် ကြာရှည်အသုံးပြုခံရရင် အားအင်ချို့တဲ့တာ သဘာဝပဲလေ၊ သူတို့ကိုလည်း အားရှိတဲ့အစားအစာလေးတွေ ကျွေးပေးမှ ကိုယ့်အတွက်လည်း ကြာရှည်အကျိုးပြုနိုင်မှာပေါ့ ဆရာရယ်"

အယူအဆလေးလည်း မဆိုးလှ။ သချာနှင့်ကျောင်းပြီး၍သာ တော်တော့သည်။

"နန်းငယ်က စိုက်ပျိုးရေးကို တော်တော်လေး လေ့လာထားတယ်နော်"

သူ ချီးကျူးလိုက်၍ နန်းငယ်မျက်နှာလေး ပိုပြုံးသွားသည်။

"ကျောင်းပြီးတော့ အလုပ်ဝင်ဖို့ စိတ်ကူးမရှိဘူးလား"

"နန်းငယ် အလုပ်လုပ်နေပြီလေ၊ ဒီယာပေါ်မှာရှိတဲ့အလုပ်က နန်းငယ်တို့အလုပ်ပေါ့"

အဖြေက ပြတ်သားလွန်း၍ သူဆက်မမေးတော့ဘဲ ရယ်နေလိုက်သည်။ အလုပ်လုပ်ခြင်းဖြင့်သာ ပျော်မွေ့တတ်သော ဓလေ့စရိုက်ကို မြတ်နိုးစွာထိန်းသိမ်းထားပုံရသည်။ ယာခင်းများအလယ်မှ အနက်ရောင်ရိုးရာဝတ်စုံဖြင့် အမျိုးသမီးများကိုမြင်ခိုက် နန်းငယ်မျက်နှာလေးကို ကြည့်ရင်း သူနှမြောသလိုခံစားလိုက်ရသည်။ ဒီ့နောက် ဆိုင်းဆိုင်း တောလမ်းကလေးကို လျှောက်လှမ်းလာခိုက် နှစ်ယောက်လုံး စကားမပြောဖြစ်ဘဲ ဆိတ်ငြိမ်နေခဲ့သည်။ တောင်နှစ်လုံးကြားမှာ ရစ်ခွေစီးဆင်းနေသော စမ်းချောင်းကလေးကို ဖြတ်ကျော်ရစဉ် မြစိမ်းရောင်ရေပြင်ကို သတိထားကြည့်ဖြစ်ခဲ့သည်။ အတိမ်အနက်ကိုမသိရဘဲ ပကတိစိမ်းမြနေ၍ သစ်ရွက်ကြွေများကြောင့်လားဟု သူတွေးနေမိသည်။

"ဟိုးရှေ့မှာ မြင်နေရသော နန်းငယ်တို့ ဘုန်းတော်ကြီးကျောင်းလေ၊ ဥပုသ်ကြီးနေ့ဆိုရင် နန်းငယ်တို့ ဘုန်းတော်ကြီးကျောင်းမှာ လာအိပ်ရတယ်၊ နောက်တစ်နေ့ ဥပုသ်စောင့်မယ့်သူတွေကို ကျွေးမွေးဧည့်ခံဖို့ ချက်ပြုတ်ရတယ်လေ၊

ပဌာန်းပွဲတို့၊ ရိပ်သာတို့လည်း တစ်နှစ်ကိုနှစ်ကြိမ်လုပ်ပြီး
ဒီကျောင်းမှာပဲ လုပ်ဖြစ်ကြတာ . . . "

ရှေ့တူရူမှာဘွားဘွားကြီး ပေါ်လာသည့် သစ်သားကျောင်းတော်ကြီးကို သူငေးကြည့်လိုက်မိသည်။ သစ်လွင်တောက်ပမှု မရှိသော်လည်း ရှေးဆန်ပြီး ခံ့ညားထည်ဝါလှသည်။ ကျောင်းနောက်ဘက်မြေသားလမ်းကလေးကို လျှောက်လာရင်းမှ ကျောင်းကြီး၏ကျယ်ဝန်းခိုင်မာမှုကို သူနှစ်မြိုက်စွာကြည့်လာခဲ့သည်။

" အပြန်ကျမှ ဝင်ပို့ပေးမယ်နော် "

" ကောင်းပါတယ် "

" ဂျီရယ်ကန်ရောက်ရင် ဘုရားလည်းဖူးရမယ်၊ အေးအေးလူလူ အပန်းဖြေလို့လည်း ရတယ်"

နန်းငယ်ပြောသလို အာလူးခင်းများကြားမှ ကုန်း[illegible]လေးကို ဆင်းလိုက်သည်နှင့် ကန်ရေပြင်ကျယ်ကြီးက ဆီးကြိုနေခဲ့သည်။

" ဒါဂျီရယ်ကန်လေ"

ကန်ရေပြင်မှာ ပကတိကြည်လင်လွန်း၍ အစိမ်းရောင်ရိပ်ရိပ်လေးပင်ပြေနေသည်။ အနီးဝန်းကျင်မှာ သစ်ပင်ကြီးများ လုံးဝမပေါက်သည်ကဘဲ ထူးခြားမှုတစ်ခုလိုဖြစ်နေသည်။ ရေမျက်နှာပြင်၏သန့်ရှင်းကြည်လင်မှုက အစိမ်းရောင်ကျောက်သား မျက်နှာပြင်နှင့် ဆင်ဆင်တူနေသည်။ ကျယ်ဝန်းသော ကန်ကြီးဖြစ်သော်လည်း ရေပျော်ပင်တို့ လုံးဝမပေါက်ရုံသာမက သစ်ရွက်ကြွေတစ်စပင်ရှိမနေ၍ သဘာဝကန်နှင့်ပင် မတူလှဘဲရေလှောင်ကန်တစ်ခုနှင့်ပင်တူနေသေးတော့သည်။ ကန်အတွင်းပိုင်းကိုတံတားထိုးထားပြီး

ထိုတံတားအဆုံးရှိ ကြီးမားသော ကျောက်တုံးသဏ္ဍာန် ကျောက်သား ပြင်ကြီးထက်မှာ စေတီတည်ထားခြင်းဖြစ်သည်။

"ကူးသွားကြမယ်နော်၊ ဘုရားဖူးရတာပေါ့၊ ဂျီရယ်ဆိုတဲ့ အမိပ္ပာယ်က ငါးကန်လို့ ပြောတာပေါ့"

နန်းငယ်က ရှင်းပြပြီး ရှေ့မှာဦးဆောင်သွား၍ သူလိုက်ကူးသွား ခဲ့သည်။ တံတားကိုသစ်သားဖြင့် လုပ်ထား၍ မဖဲ့ဩလှသော်လည်း တံတားအဆုံးစေတီရင်ပြင်ဟု ပြောနိုင်သော ကျောက်သားပြင်ကြီး ကိုတော့ သူဖဲ့ဩသည်။ တကယ့်ကိုရေပြင်မှ ပေါ်ထွက်နေသော ကျောက်တုံးကြီးတစ်တုံးကို မျက်နှာပြင်ကညီညာမှုမရှိဘဲ သဘာဝ အတိုင်းရှိနေသည်။ နန်းငယ်က မညီညာသော မျက်နှာပြင် ကျောက်သားပေါ်မှာ ကျုံ့ကျုံ့လေးထိုင်၍ ဘုရားဝတ်ပြုနေသည်။ မနီးမဝေးမှာထိုင်၍ သူကိုယ်တိုင်လည်း ဘုရားဝတ်ပြုလိုက်သည်။

သူဘုရားဝတ်ပြုပြီးအချိန်အထိ နန်းငယ်မပြီးသေးဘဲ ငြိမ်အေး သောမျက်နှာအေးလေးဖြင့် နှုတ်မှတတွတ်တွတ်ရွတ်ဆိုနေဆဲဖြစ် ၍ သူထလာခဲ့သည်။ ဘုရားရင်ပြင်နှင့်တံတားထိုးထားသော ရှင်ဥပဂုတ္တရဟန်းတော်မြတ်ကြီး သီတင်းသုံးရာကျောင်းဆောင်ကြီး ဆီ သူကူးလာခဲ့သည်။ ထိုခဏ ဝါးတံတားအောက်မှာ အရာများကို ကြည့်ပြီး သူသဘောပေါက်သွားခဲ့သည်၊ ကြည်လင်သောကန်ရေ ပြင်ကြောင့် အထင်းသားမြင်နေရသည့် ကျောက်တုံးများက ဆင့်ကာစီကာရှိနေ၍ တမင်သယ်ဖို့ထားမှန်းသိသာသည်။ ဘာသာ ဘုရားအတွက် ဒီမျှအလေးထား အပင်ပန်းခံလွန်းသည်ကို သူ အံ့ကျ ေနမိသည်။ ကန်၏အပေါ်ဘက်မှာ ဘုန်းတော်ကြီးများရှိနေသည့်

သစ်သားကျောင်းလေးတစ်ဆောင်ကိုလည်း တွေ့ရသည်။ ထို ကျောင်းလေးနှင့် မလှမ်းမကမ်းမှ ကျောက်တုံးအချို့ကို သယ်မ၍ ကန့်ရေမြောင်အစပ်မှာ စီချနေသည့် ရဟန်းတော်တစ်ပါးကို တွေ့လိုက်ရမှ သူပိုပြီးသဘောပေါက်သွားခဲ့သည်။

သူပတ်ဝန်းကျင်ကို အချိန်အတော်ကြာအောင် လှည့်ပတ်ကြည့်ရှုပြီးသော်လည်း နှုန်းငယ်မပြီးသေး။ ရောက်တုန်းရောက်ခိုက်ဟူ၍ ခဏတာဝတ်ပြုခြင်းမျိုးမဟုတ်ဘဲ ကိုယ့်အိမ်ကိုယ့်ရာလို အေးအေးလူလူ ဘုရားဝတ်ပြုနေခြင်းက ဘာသာတရားအပေါ် အလေးထားမှုကို ပေါ်လွင်စေသည်။ အေးချမ်းသော မျက်နှာလေးက အပူပင်မဲ့လွန်း၍ အဝေးကကြည့်နေသူပင် စိတ်နှလုံးအေးချမ်းလာသည်။ နေရာဒေသကွဲပြား၍ ဘာသာစကားခြားနားသော်လည်း ယုံကြည်ကိုးကွယ်မှုက တစ်ထပ်တည်းကျ၍ သူကျေနပ်နေမိသည်။ အေးတိုက်မြင်နေရသော မျက်နှာလေးကို အမှတ်တမဲ့ သူငေးကြည့်နေမိပါသည်။ ဒီအသက်အရွယ်ထိ တည်ငြိမ်နေခဲ့သော သူ့နှလုံးသားက တောနိုင်၊ တောင်နိုင်တို့ဝန်းရံထားသော ရွာကလေးမှာ အေးချမ်းစွာရှိနေသည့် တောပန်းကလေးတစ်ပွင့်ကိုမှ အမှတ်မထင် ငြိတွယ်နေမှန်း သူသိလိုက်ရသည်။ မြင်ကွင်းကို မျက်နှာမလွှဲမိစဉ်မှာပင် နှုန်းငယ်ဘုရားဝတ်ပြုပြီးသွားသည်။ သူကြည့်နေမှန်းသိသော်လည်း ဣန္ဒြေမပျက်ဘဲ သူ့ရှိရာလျှောက်လာသည်။

"ဒီကိုလာလိုက်တာ စိတ်ချမ်းသာတယ် မဟုတ်လား ဆရာ"

"ဟုတ်တယ်၊ စိတ်ထဲတကယ်အေးချမ်းသွားတယ်"

"နန်းငယ်က ရောက်တုန်း၊ ရောက်ခိုက်ဆိုပြီး ဘုရားဝတ်ပြုတာကြာသွားတယ်၊ ဆရာ့ကို အားနာပါတယ်"

"ရပါတယ်၊ နန်းငယ်ဘုရားဝတ်ပြုတာ စောင့်နေရတော့ ဆရာလည်း ကုသိုလ်ရပါတယ်၊ ဒါနဲ့ နန်းငယ်တို့ ဒီရွာမှာ ခေတ်ပညာတတ်၊ ဘွဲ့ရလူငယ်တွေ အများကြီးရှိတယ် ပြောတယ်။ တစ်ယောက်မှဝန်ထမ်းမလုပ်ဘဲ ရွာမှာပဲနေကြတယ်ဆို"

ရွာလူကြီးပြောပြထား၍ သူမေးလိုက်ခြင်းဖြစ်သည်။ နန်းငယ်က ခေါင်းလေးညိတ်ပြသည်။

"ဟုတ်တယ်၊ နန်းငယ်တို့အားလုံး ကိုယ့်ရွာလေးမှာပဲ ပျော်ကြတယ်"

"ဒါဆို နန်းငယ်တို့က ဇာတိမြေကို တော်တော်ချစ်ပုံရတယ်နော်"

သူသွေးတိုးစမ်းကြည့်လိုက်သည်။ နန်းငယ်က အပြုံးမျက်နှာလေးဖြင့် ဆက်ပြောသည်။

"ချစ်ပြီလား ဆရာရယ်၊ နန်းငယ်တို့ရွာလေး ဒီလောက်အေးချမ်းနေတာ၊ ဘာအပူသောကမှ မရှိဘူး။ ယာခင်းတစ်ကွက်ရှိရင် ထမင်းစားလို့ရတယ်လေ "

"ယာတစ်ကွက်ရှိရင် ထမင်းစားလို့ရတာကတော့ ဘယ်အရပ်မှာဖြစ်ဖြစ်ရပါတယ် နန်းငယ်ရယ်၊ ဒါပေမဲ့ နန်းငယ်က ပညာတတ်ဆိုတော့ ကိုယ်ကြိုးစားရင် ကြိုးစားသလောက် အခွင့်အရေးတောင် ရှိပါသေးတယ်"

ခေါင်းကို ညင်ညင်သာသာယမ်းခါလျက် နန်းငယ်ပြုံးသည်။

"ဟုတ်ပါတယ်၊ မြို့မှာကြီးစားနိုင်တဲ့ အခွင့်အရေးတွေရှိတယ်ဆိုတာ နန်းငယ်သိပါတယ်၊ ဒါပေမဲ့ ဆရာရယ်၊ အဲဒီအရပ်မှာ အနက်ရောင်ရိုးရာဝတ်စုံလေးနှစ်စုံနဲ့ တစ်သက်လုံးဘဝကို ကျေနပ်ရောင့်ရဲနေဖို့ဆိုတာတော့ မဖြစ်ဘူးမဟုတ်လား"

ဖြူစင်သောတောပန်းလေးတစ်ပွင့်ဟု သူထင်ခဲ့မိသော်လည်း စကားကြွယ်လွန်းတာကို သတိထားလိုက်မိသည်။

"ဟိုးရှေ့က ယာကွက်ထဲကို ကြည့်ပါဦး ဆရာ၊ နန်းငယ်တို့ ပအိုဝ်းအမျိုးသမီးတွေ အလုပ်လုပ်နေကြတာ တစ်သက်လုံး ရိုးရာဝတ်စုံ ခါးပေါ်ကမချွတ်တမ်းဝတ်ပြီး ယာထဲမှာ တစ်နေကုန် အလုပ်လုပ်ရင်း ဘဝတစ်လျှောက် အသားတကျနေသွားကြတာ နန်းငယ်လည်း သူတို့ကိုအားကျတယ် ဆရာ၊ နန်းငယ်ကပွင့်ပွင့်လင်းလင်းပြောရရင် အရောင်တွေကို ကြောက်တယ်ဆရာ"

ပြောစရာစကားလုံး မရှိတော့လောက်အောင် ဆွံ့အသွားခဲ့ ရသည့်အဖြစ်။ တောင်ပေါ်ရွာကလေးမှာ ရိုးမြေကျနေထိုင်ရင်း၊ ယာခင်းတွေကို ချစ်မြတ်နိုးရင်း၊ တောင်ယာအလုပ်တွေကို မမောပန်းစွာ လုပ်ကိုင်ရင်း ဇာတိမြေကို အရိုးစွဲချစ်သူလေးကို သူတန်ဖိုးထားမြတ်နိုးမိသည့်အဖြစ်။ တကယ်တော့ သူ့အဖြစ်က အဖြူကိုအရောင်ဆိုးပေးချင်သူ တစ်ယောက်လို ဖြစ်နေခဲ့သည်။

အတွေးကြောင့်သူ့ တစ်ကိုယ်လုံး ပူနွေးဖိန်းရှိန်းသွားခဲ့သည်။ ထိုခဏ တောင်ပေါ်လေနုအေးပင် မကူညီနိုင်ခဲ့။

* * * * *

## အမှတ်တရ ညံ့ပင်

ညံ့ပင်တဲ့။ အမှောင်ထဲမှာပင် ရောမညောင်ပင်ကြီးဖြစ်မှန်း သိသာသည်။ ညောင်ရွက်လေတိုးသံ ဖျိုးဖျိုးဖျပ်ဖျပ်ကိုပင် ကြားနေရသည်၊ အချိန်က ညတစ်နာရီခွဲ။ လမ်းဘေးဆိုင်အချို့မှာ ထွန်းထားသောမီးရောင်မှလွဲပြီး အရာအားလုံးပိန်းပိတ်မှောင်။

* * * * *

ကားပေါ်မှာကတည်းက အခြေအနေကို ခင်လေးမှန်းဆမိသည်။ နံနက်ဆယ်နာရီခွဲမှာ စီးလာသော ကားက ညတစ်နာရီခွဲမှာတောင်ပေါ် တက်သည်။ ယင်းမာပင်လမ်းခွဲရှိ ပန်းချယ်ရီစားသောက်ဆိုင်မှာ ကားရပ်နားစဉ် ခရီးဖော်တစ်ဦးကို ခင်လေးမေးဖြစ်သည်။ ထိုသူက တီကျစ်ဘိလပ်မြေစက်ရုံ ဝန်ထမ်းတစ်ဦးဖြစ်သည်။ ခင်လေးနောက်ခုံမှာ ထိုင်ရင်းစကားပြောလာ၍ ကြားလိုက်မိခြင်းဖြစ်သည်။

"ဒီမှာရှင့်၊ ဒီကားကနောင်တရားကို ဘယ်တော့လောက် ရောက်နိုင်မလဲရှင့် "

မေးသာမေးလိုက်ရသည်။ အချို့ ခရီးသွားများရောက်ချိန်မေး

ခြင်းကို မနှစ်သက်ကြောင်း ခင်လေးကြားဖူးနားဝရှိသည်။ သို့သော်လည်း ခင်လေးမေးလိုက်သူက စိတ်ရှည်၊ လက်ရှည်ရှင်းပြပေးသည်။

"အတတ်တော့ ပြောလို့မရဘူးခင်ဗျာ၊ အနီးစပ်ဆုံးခန့်မှန်းခြေကတော့ ဘီကျစ်ကို နံနက်တစ်နာရီလောက်မှရောက်မယ်မှန်းတယ်"

"ဒါနဲ့ ဘယ်ကိုသွားမှာလဲ ခင်ဗျ"

ကိုယ့်ကိုပြန်လည်စပ်စုနေ၍ ဘေးမှပါလာသူကို လှမ်းကြည့်လိုက်သည်။ ခရီးစဉ်အခြေအနေကို ခင်လေး ရေရေရာရာမသိ၊ ထွက်လို့သာထွက်လာရသည်။ ရှမ်းပြည်တောင်ပိုင်းဟူသော အမည်နာမတစ်ခုနှင့် ပါလာသူကိုအားကိုးပြီး ထွက်လာခြင်းဖြစ်သည်။

"နောင်တရားပါ"

ခင်လေးနှင့်အဖော်ပါသူက လှမ်းပြောလိုက်သည်။ သူက နောင်တရားမြို့နယ်နှင့်မဝေးလှသော ရွာတစ်ရွာမှာဝန်ထမ်းအဖြစ်တာဝန်ကျနေသော အစ်ကိုဝမ်းကွဲတော်စပ်သူရှိသည်။ တစ်နှစ်တစ်ခေါက် ရောက်နေကျဖြစ်၍ ခရီးစဉ်ကိုသူသိနေသည်။

"နောင်တရားဆိုရင်တော့ နှစ်နာရီလောက်တော့ ရောက်မယ်ထင်တယ်"

"ကိစ္စမရှိဘူး ဘီလေ။ နောင်တရားနှစ်နာရီဆို ညပင်အရောက်နှစ်နာရီခွဲပဲ၊ မိုးလင်းလုပြီ"

ချာတိတ်မက ပေါ့ပေါ့ပါးပါးပြောလိုက်သော်လည်း ခင်လေး

စိတ်လှုပ်ရှားသွားသည်။ သန်းခေါင်နှင့်မဝေးလှသော အချိန်မျိုးမှာ မိန်းကလေးနှစ်ယောက်တည်း သူများရပ်ရွာမှာ ယောင်လည်လည် ရှိနေမည့်အဖြစ်၊ လာကြိုသူနှင့်တိုက်တိုက်ဆိုင်ဆိုင် ဆုံပါဦးမှ။ ညပင် ဆိုသည်က လမ်းခွဲတစ်ခုဟုသာ သူသိထားပုံရသည်။ ကားဂိတ် မဟုတ်၍ ကိုယ့်လိုဆင်းမည့် သူလည်းရှိမည်မထင်။ လှိုင်ကော်ကား ဖြစ်၍ လှိုင်ကော်သွားမည့်ခရီးသည်များသာ အများစုဖြစ်နေသည်။

ခရီးဆုံးကို စဉ်းစားရင်းပန်းချယ်ရီမှာစားဖြစ်သည့် ကြာဆံ ကြော်ပင် ဖြောင့်ဖြောင့်မစားနိုင်ခဲ့။ အိမ်မှထွက်လာစဉ်ကတည်းက အဆင်မပြေမှုက ခရီးဆုံးအထိကစဉ့်ကလျား ဖြစ်တော့မည်ထင် သည်။ ဒီခရီးကို ကားဖြင့်လာမည်ဟု စိတ်ကူးရှိခဲ့သည်မဟုတ်၊ နေပြည်တော်ရထားစီးပြီး၊ ထိုမှ တစ်ဆင့်အောင်ပန်းရထား ပြောင်း စီးမည်ဟု စီစဉ်ထားခဲ့သည်။ လက်မှတ်ကိုလည်း တစ်ပတ်ခန့်ကြို တင်မှာထားခဲ့သည်။ လက်မှတ်စီစဉ်ပေးသူက ကိစ္စမရှိပါ၊ အေးဆေး ပါဟု တွင်တွင်ပြော၍ စိတ်ချလက်ချနေခဲ့မိသည်။ တကယ်တမ်း အထုပ်အပိုးနှင့်ရောက်လာသည့် အချိန်မှာပင် လက်မှတ်အတွက် မပူပါနှင့် အေးအေးဆေးဆေးသာနားပါဟု ပြော၍ ဘူတာရုံထဲမှာ စိတ်အေး၊ လက်အေး ထိုင်နေဖြစ်သည်။ လက်မှတ်ရောင်းရန် ဘူတာရုံအသံချဲ့စက်မှ ကြေညာစဉ်အထိ အပူအပင်မရှိသေး။ အခြားခရီးသွားများလို ကိုယ်တိုင်တန်းစီရခြင်းမရှိ၍ ခင်လေး ကျေနပ်နေမိသည်။ လက်မှတ်မရ၍ ခရီးသည်များ ဆူညံဆူညံ စကားပြောကြမှသာ ကိုယ့်လက်မှတ်လည်း အဆင်ပြေပါ့မလားဟု တွေးပူလိုက်မိသည်။ ထင်သည့်တိုင်းပင်၊ ခင်လေးပြောထားသူက

"မန္တလေးသွားမဲ့ ကားတွေအများကြီးရှိတယ်။ ဒီညနေထွက်မဲ့ကားလက်မှတ်လည်း အဆင်ပြေတယ်၊ မိတ္ထီလာမှာဆင်းရင်တောင်ပေါ်တက်တဲ့ကားတွေ တစ်ပုံကြီး။ အောင်ပန်းကားကိုစီးရင် အဆင်ပြေမယ်၊ အဲဒါကို အချိန်လည်းမဖြုန်းရဘူး"

သူပြောတာမှန်သော်လည်း မိတ္ထီလာကို ညအချိန်မတော် ရောက်လျှင်ခက်မည်။ မိန်းကလေးနှစ်ယောက်တည်းဖြစ်၍ စုံစမ်းပြီးတစ်ဆင့်စီးရမည့်ကိစ္စကို မလုပ်ရဲ၍ နှစ်ယောက်လုံးလက်မခံချင်။ ကူညီသူက စိတ်မလျှော့သေး၊ အခြားကားဂိတ်တွေ စုံစမ်းပေးရှာသေးသည်။ အိမ်ကိုဖုန်းဆက်ကြည့်တော့ ရထားအဆင်မပြေလျှင်လွိုင်ကော်ကားစီး၍ ညပင်မှာဆင်းဟုပြောပြီး၊ အချိန်ကိုတွက်ချက်ပြီးမှ လက်မှတ်ဝယ်ရန် အကြံဉာဏ်ပေးသည်။ လွိုင်ကော်လက်မှတ်ကလည်း ညတွင်းချင်းအဆင်မပြေ။ နံနက်ခင်းထွက်မည့်ကားလက်မှတ်သာရနိုင်မည်ဟုပြောသည်။ နောက်ဆုံးတော့ ခရီးစဉ်တစ်ရက်ပျက်ခဲ့ပြီး လွိုင်ကော်ကားလက်မှတ်သာ ဝယ်ဖြစ်တော့သည်။ ထိုညက ရန်ကုန်မှာပင် အိပ်ဖြစ်လိုက်ပြီး စိတ်ချလက်ချလွိုင်ကော်နံနက်ဆယ်နာရီကားကိုသာ စီးဖြစ်ခဲ့ခြင်းဖြစ်သည်။

ကားထွက်စဉ် ခရီးဝေးဝေးမသွားဖူးသော သူ့အဖို့ စိတ်လှုပ်ရှားရင်း ရင်ခုန်နေမိသည်။ လေအေးပေးစက်ပါသော၊ အပြင်အဆင်လည်းကောင်းမွန်လှသော ဒီလိုကားကြီးမျိုးနှင့် ပထမဆုံးအကြိမ်ခရီးသွားခြင်းဖြစ်၍ ပျော်စရာကောင်းသည်ဟုတော့ထင်မြင်မိသည်။ ကိုယ်လိုသူလို ခရီးသွားများလည်းပါ၍ စိတ်လက်ပေါ့ပါးစွာ စီးလာခဲ့သည်။ မြေပြန့်လမ်းတစ်လျှောက်မှာတော့

ခရီးစဉ်က အတော်လေးချောမွေ့လှသည်။ နွေခေါင်ခေါင်ကြီးဖြစ်သော်လည်း ခင်လေးတို့ထွက်လာပြီး မကြာမီမှာပင် မိုးစရွာ၍ ကံကောင်းသည်ဟု ယူဆလိုက်မိသေးသည်။ ပတ်ဝန်းကျင်မှာ မြင်တွေ့နေရ သည့် မြင်ကွင်းများကလည်း အရာရာဆန်းသစ်နေ မဖြစ်မနေ ခရီးထွက်လာခြင်းကို ခင်လေးအားရနေမိသည်။ လမ်းကောင်းကောင်းမှာ မောင်းရသည်ဖြစ်၍ ကားစီးရသည်ကလည်း အိစက်ညက်ညောနေသည်။ သို့သော်လည်း ထိုအရသာက ကြာရှည်မခံခဲ့။

ပိုင်အိုးနီးယားမှာ နေ့လယ်စာဝင်စားပြီး ပြန်ထွက်စဉ်မှစ၍ ကားအခြေအနေက ပြောင်းလဲသွားသည်။ လေအေးပေးစက် အရသာလုံးဝမရှိတော့ဘဲ အပူငွေ့တွေလှိုင်းထလာသည်။ ကားပြတင်းမှန်တွေ ဖွင့်ထားရသည်။ ဖုန်နံ့လိုလိုအနံ့တစ်မျိုးကို မပြတ်ရှူ၍မြေလတ်ပိုင်း၏ အငွေ့အသက်မှန်းသိလိုက်သည်။ စောစောပိုင်းကခရီးသည်များ၏ ကျေနပ်ခဲ့မိသမျှ ယခုအခါမှာ လူငွေ့တွေများသွန်းသည်ဟု ထင်မိသည်။ ထိုအခြေအနေမှာ ကားက လမ်းမိုးစဉ်ခသွားတော့ဘဲ လမ်းခွဲတစ်ခုမှမောင်းပြီး တောင်ငူမြို့ထဲဝင်လာခဲ့သည်။ ဘယ်လိုဖြစ်တာလဲဟု သတိထားနေစဉ် မြို့တွင်းတစ်နေရာမှာ အချိန်အတော်ကြာအောင် ရပ်ထားတော့သည်။ ညနေသုံးနာရီခန့်မှသာ တက်လာသောခရီးသည်အုပ်ကိုကြည့်၍ လမ်းကြိုခရီးသည်ကို ဝင်စောင့်ခြင်းဖြစ်ကြောင်း သိရသည်။ ခင်လေးတို့နောက်မှာ ထိုင်ခုံအချို့လွတ်နေသည်ကိုလည်း ယခုမှပင်သဘောပေါက်ရတော့သည်။ တောင်ငူမှထွက်လာသည်နှင့် တဖြည်းဖြည်း

နေလုံးပျောက်တော့သည်။ ပတ်ဝန်းကျင်ရှုခင်းများလည်း သဲသဲကွဲကွဲမရှိတော့။ အချို့မြို့များကိုဖြတ်စဉ် သင်းပျံ့သောတမာရနံ့ကိုရှူရှိုက်ခွင့်ရ၍ အညာမြေဖြစ်သည်ကို မှန်းဆမိသည်။ ယင်းမာပင်လယ်းခွဲအရောက်မှာ ညနေခုနစ်နာရီခွဲရှိခဲ့ပြီ။ ကားရပ်နားပြီးခရီးသည်များ ညနေစာစားကြသည်။

မှောင်နေသောပတ်ဝန်းကျင်ကြောင့်ထင်သည်။ စားချင်စိတ်လည်းကောင်းကောင်းမရှိခဲ့။ ပိုင်အိုးနီးယားမှာ စားခဲ့သည့်ထမင်းပေါင်းအရှိန်ကြောင့်လည်း ပါမည်ထင်သည်။ ကြာဆံကြော်တစ်ပွဲမှာ၍ နှစ်ယောက်စားသည်ကိုပင် ကုန်အောင်မစားနိုင်ခဲ့။ ခရီးဆုံးကို မေးလိုက်သည့်ခဏ အခြေအနေပိုဆိုးသွားသည်၊ ခရီးထွက်လာ၍ စိတ်လွတ်လပ်ပျော်ရွှင်မှုအစား စိုးရိမ်ကြောင့်ကြမှုသာရှိနေတော့သည်။

"တီလေးစိတ်မပူနဲ့၊ အစ်ကိုကြီးကို ဖုန်းလှမ်းဆက်ထားပြီးပြီ
လာကြိုမယ်တဲ့၊ တစ်ခုပဲရှိတယ်၊ ညဉ့်နက်ကြီးရောက်ပြီး
ကြိုတဲ့သူနဲ့ လွဲနေမှာတစ်ခုပဲ"

သူ့စကားကပျော်ရမလို၊ ဝမ်းနည်းရမလို စိတ်နှစ်ခွဖြစ်စေသောစကားမျိုးဖြစ်၍ ခင်လေးပူပန်မှုက ပျောက်မသွားခဲ့။ ကားကတဖြည်းဖြည်းနှင့်စက်သံပါ ပြောင်းလဲသွားသည်။ ဆူညံလွန်းသောစက်သံကြောင့် ခင်လေးဇဝေဇဝါဖြစ်မိသည်။ ကားပျက်တော့မှာလားဟု တွေးတောရင်း စိတ်မောနေမိသည်။ ဘေးမှာ ငိုက်မျဉ်းစပြုနေသော အဖော်ကိုလက်တို့ပြောလိုက်သည်။ သူကလေးက

ခင်လေးတို့နှင့်အိမ်နီးချင်းမိတ်ဆွေဖြစ်သော်လည်း သွေးသားရင်းချာလို အားကိုးရသူလေးဖြစ်သည်။

"ကားစက်သံ ညံလွန်းတယ်နော်"

"တောင်ပေါ် စတက်နေပြီလေ တီလေးရဲ့"

သူပြောလိုက်မှ ခင်လေးသဘောပေါက်ပြီး ရင်ခုန်သံလည်း ပိုမြန်သွားသည်။

"တောင်က အမြင့်ကြီးလား"

"ယင်းမာပင်မှာတုန်းက တီလေးပြတဲ့ မီးပွင့်လေးတွေ မှတ်မိလား"

ပန်းချယ်ရီစားသောက်ဆိုင်အမြင်ဘက်မှာ နှစ်ယောက်သား ထိုင်နေကြစဉ် တန်းစီပြီးတစ်စစ မြင့်တက်သွားသော မီးပွင့်လေးများက ကြယ်ပွင့်များနှယ် မိုးကောင်းကင်နှင့်ထိစပ်လုနီးဖြစ်၍တောင်အမြင့်ကြီးပေါ်မှာ စေတီတစ်ဆူရှိလိမ့်မည်ဟု သူခန့်မှန်း မိခဲ့သည်ကို အမှတ်ရသည်။ ခင်လေးမေးစဉ် ချာတိတ်မရယ်နေသည်ကိုလည်း ပြန်လည်အမှတ်ရလိုက်သည်။

" ဘုရားရေ၊ အဲ့ဒီအမြင့်ကြီးကို တက်မှာလား "

သူကနူတ်ခမ်းပေါ် လက်ညှိုးတင်၍ တိတ်တိတ်နေရန် အချက်ပြလိုက်သည်။ ခရီးဖော်များကြားမှာ ကိုယ့်တစ်ယောက်တည်း အထူးအဆန်းဖြစ်နေမှာကို သူစိုးရိမ်ဟန်တူသည်။ အများသူငါ သွားလာနေကျခရီးလမ်းဖြစ်၍ ကြောက်စရာမဟုတ်ဟုလည်း သူယူဆပုံရသည်။ ခင်လေးမှာသာ လူကြီးဖြစ်ပါလျက် မျက်စိသူငယ်နှင့်

စိုးရိမ်ကြောင့်ကြ စိတ်တွေများနေရသည်။ သူကတော့အေးအေး လူလူပါပဲ၊ ကားပေါ်မှာဖွင့်ထားသည့် သီချင်းသံကိုမျက်လုံးလေး မှေးပြီး နားထောင်ရင်းဇိမ်ယူနေပုံရသည်။

"တီလေး အပြင်ကို မကြည့်နဲ့နော်"

ခင်လေးကိုလက်တို့ပြီး မှာလိုက်သေးသည်။ လူ့စိတ်ဆိုသည် ကလည်း ခက်သည်။ မကြည့်ပါနဲ့ဆိုမှ ကြည့်ချင်သည်။ ကာထား သော ကားပြတင်းမှန်မှတစ်ဆင့် အပြင်ကိုကြည့်လိုက်သည်။ အရာ အားလုံးမည်းမည်းမှောင်နေသည်။ သစ်ပင်များဟု ယူဆရသော မည်းမည်းအရိပ်များကိုသာ မနေရာတိုင်းတွေ့နေရပြီး အလွန်ဝေး ကွာသော အောက်ဘက်အရပ်မှာ မီးပွင့်လေးများပြန့်ကျဲနေသည် ကို တအံ့တဩတွေ့လိုက်ရသည်။ အိပ်ချင်မူးတူးမဖြစ်ပါဘဲ ကြယ် တွေအောက်ဘက်ရောက်သွားလားဟုပင် ခင်လေးဇဝေဇဝါဖြစ် သွားရသည်။ မျှားမြားလွန်းပြီး အရောင်တလက်လက် ဖြစ်နေရုံသာ မက ဝေးကွာသည့်အနေအထားလည်းဖြစ်၍ ခင်လေး အမြင်မှား နေမိသည်။ ခင်လေးမေးတော့ သူတခစ်ခစ်ရယ်သည်။

"အဲဒါ တောင်အောက်က မြို့တွေလေ"

ဒီတစ်ကြိမ်တော့ ခင်လေးဘုရားမတဖြစ်တော့၊ ဒီအမြင့်အထိ ရောက်လာပြီးမှ စိတ်အေး၊ လက်အေးဘုရားဂုဏ်တော်ရွတ်ပြီး နေလိုက်ရန်သာရှိသည်။ တောင့်အမြင့်ပေါ် ရောက်နေ၍လားမသိ၊ ပြတင်းမှန်မှ တိုးဝင်လာသော လေ၏အငွေ့အသက်က အေးစိမ့် စေးထန်းနေပြီး အသက်ရှူလိုက်တိုင်း နှာခေါင်းမှတစ်ဆင့် အဆုတ်

ထဲအထိ အေးမြသွားသလိုထင်ရသည်။ တစ်ခါတစ်ရံ ပန်းရနံ့ တစ်မျိုးကို ရှူရှိုက်ခွင့်ရသည်။

"ဟိုဘက်ကိုကြည့်၊ အဲ့ဒါတောင်ကမ်းပါးယံကြီး၊ ဒီအောက် တည့်တည့်ကို ငုံ့ကြည့်၊ ကားဘီးဘေးကမည်းမည်းက ချောက်ကြီး၊ တီလေး မကြောက်နဲ့ လူတိုင်းသွားနေတာ"

တဲ့ ဘာတတ်နိုင်သေးလဲ၊ ငိုက်မျဉ်းစပြုနေသူကို နှိုးပြီးမေးလိုက်သည့် ဒုက္ခက ဒီလောက်တော့ရှိမည်။ သင်းကတော့ ယယ်ရွယ်သူ ဝီပီပြောပြီးသည်နှင့် ပြန်လည်ငိုက်မျဉ်းနေတော့သည်။ ကားပေါ်ပါသူအတော်များများလည်း အိပ်နေကြပြီ။ မအိပ်နိုင်သည့်က ခင်လေးတစ်ယောက်တည်း၊ ခရီးဆုံးကိုတွေးပြီး စိတ်ပူရသလို တအိအိနှင့် တောင်ပေါ်တက်နေမှန်းသိ၍ မြင့်သထက်မြင့်အော အမြဲအနေကို စိုးရိမ်ထိတ်လန့်နေမိသည်။ တောင်ပေါ်လေ၏ လတ်ဆတ်အေးမြသော အရသာနှင့် တောပန်းတောင်ပန်းတို့၏ အနံ့ကိုလည်း ခင်လေးမခံစားနိုင်၊ တစ်ခါတစ်ရံ တစ်စီးနှင့် တစ်စီး ပွန်းသံပေးပြီး တစ်စီးအလာကို တစ်စီးက စောင့်နေရသည်လည်း ရှိသည်။ တစ်ဖက် ကားမီးရောင်အထိုးမှာ ကိုယ့်ကားဘီးအောက်မှ ချောမချောက်ကြီး မြင်လိုက်ရသည့်ခဏ ရင်ထဲမှာပူလောင်သွားရသည်အထိ ထိတ်လန့်မိသည်။ ဘယ်တော့များမှ မြေပြန့်ရောက်မှာလဲဟု မကြာခဏ တွေးမိသည်။

ညဥ့်နက်ပိုင်းမှာ ကားအရှိန်မြင့်လာသလို စက်သံလည်းငြိမ်သွားသည်။ တောင်ပေါ်ဖြစ်သော်လည်း တစ်ပြေးညီအနေအထား ဖြစ်မှန်းသိသာသည်။ လျှပ်စစ်မီးများထိန်လင်းနေသော တောင်ပေါ်

မြို့ကြီးအချို့ဟု ခန့်မှန်းမိသည်။ ဘယ်မြို့ရယ်ဟုတော့ သဲသဲကွဲကွဲမသိနိုင်၊ ပတ်ဝန်းကျင်ကမှောင်နေ၍ မြို့အမည်မမှတ်သားနိုင်ခဲ့။

"တို့သွားမယ့်နေရာတော့ နီးတော့မယ် တီလေးရေ"

တောင်ပတ်လမ်းကိုကျော်လွှန်လာ၍ စိတ်အေးမည်ကြံကာ ရှိသေးသည်။ အိပ်မှုန်စုံမွှားနှင့် ထပြောလိုက်သော အသံကစိုးရိမ်မှုကို လက်တို့လိုက်သလို ရှိသည်။

"စိတ်မပူနဲ့ ဖုန်းဆက်ထားတာ အစ်ကိုကြီးလာကြိုမှာ၊ အချိန်မှန်းဆလို့ မရတာလေးတစ်ခုပဲ၊ ကိုကြီးကတောင် ပြောသေးတယ်၊ မိန်းကလေးတွေ လာတာအချိန်ကိုမှန်းဆပြီး ကားလက်မှတ်ဝယ်ရတယ်တဲ့၊ အခြားအသိမိတ်ဆွေမရှိတဲ့ အရပ်ဆိုရင် ဒုက္ခရောက်မှာ စိုးလို့တဲ့"

သူ့စကားကြောင့် ကိုယ့်မျက်နှာပင် ပူသလိုဖြစ်ရသည်။ ခရီးသွားလာနည်း၍ ဗဟုသုတနည်းသည်လည်းပါသည်။ မရောက်ဖူးသောအရပ်ဒေသဖြစ်၍ အချိန်မမှန်းဆတတ်သည်လည်းပါသည်။ ပထမအကြိမ်ဖြစ်၍ သင်ခန်းစာယူဖို့သာရှိသည်။

"ခရီးသည်တွေ ကိုယ်ဆင်းရမယ့်နေရာကို တိတိကျကျကြိုပြောပါနော်၊ ကျွန်ုပ်တို့ကားက ဒီခရီးကို ပထမဆုံးအကြိမ်စတက်တာမို့ လမ်းအခြေအနေကို တိတိကျကျမသိနိုင်လို့ခင်ဗျာ"

ပထမဆုံးခရီးသည်နှင့် ပထမဆုံးကားတို့တွေ့ကြပြီ။ နှစ်ယောက်သားကြိတ်ရယ်ကြရသည်။ အခြားသူများ အိပ်မောကျနေဆဲဖြစ်၍

ညလယ်ကြီးမှာ ကျယ်ကျယ်လောင်လောင် အော်လိုက်သည့် ယာဉ်နောက်လိုက်အသံကြောင့် လမ်းဆင်းရမည့်ခရီးသည်များ အလန့်တကြားနိုးလာကြသည်။

"ဘယ်ရောက်ပြီလဲ"

ခင်လေးတို့ တစ်ခုံကျော်မှ လှမ်းမေးသံကြားရသည်။ ဘယ်သူမျှ မပြောနိုင်သေး၊ အပြင်ဘက်မှောင်မည်းမည်းကို လှမ်းကြည့်ရင်း အကဲခတ်နေကြသည်။ လှိုင်ကော်အထိ သွားမည့်သူများက တုတ်တုတ်မျှမလှုပ်၊ ခရီးဆုံးဖြစ်၍ မိုးလင်းလှိုင်ကော်အရောက်ဟု မှန်းဆထားပြီးဖြစ်၍ စိတ်အေးလက်အေးအိပ်နိုင်ကြသည်။ ကိုယ့်မှာသာ ဆင်းရမည့်အခြေအနေက ကားဂိတ်မဟုတ်၊ မြို့လည်းမဟုတ်၍ စိုးတဝိတ်ဝိတ်ဖြစ်ရသည်။

"အား၊ အေးလိုက်တာ၊ ရန်ကုန်မှာတုန်းကတော့ ပူလွန်းလို့ သုံးရက်ကို သုံးကမ္ဘာလားထင်ရတယ်၊ ဘယ်တောင်ရောက်နေပြီလဲ မသိဘူး"

အိပ်ချင်မူးတူးအသံဖြင့် ထပြောလိုက်သူက ခင်လေးခရီးစဉ် မေးဖူးသည့် တီကျစ်ဘီလပ်မြေစက်ရုံမှာ ဝန်ထမ်းဖြစ်၍ ဝမ်းသာလိုက်မိသည်။ တီကျစ်သမားပင် မဆင်းရသေးဟုဆိုလျှင် ခင်လေးတို့ ညပင်ကထို့တက်ပို၍ နောက်ကျမည်။ ဖြစ်နိုင်လျှင်မိုးလင်းမှသာ ခင်လေးရောက်ချင်မိသည်။ ခရီးတိုများသွားလာစဉ်က ဘယ်ခရီးမဆို အမြန်ရောက်ချင်မိသည့် ခင်လေးက ယခုတစ်ကြိမ်သာ ကားနောက်ကျရန် ဆုတောင်းနေမိသည်။ ညအချိန်မတော်

ရောက်သွားမှာစိုး၍ လက်မှနာရီကိုလည်း မကြာခဏကြည့်နေမိသည်။ အချိန်ကညတစ်နာရီထိုးလုပြီ။

"ဟော့ တွေ့ပြီ တွေ့ပြီ ဟိုရှေ့ကဝန်ထမ်းအိမ်ရာပဲ"

ခင်လေးဆုတောင်း မပြည့်ခဲ့၊ ကားကထင်သည်ထက်ပင်စောရောက်နေခဲ့သည်။ တီကျစ်မှာဆင်းမည့်သူက မီးရောင်အောက်မှာလှမ်းမြင်နေရသည့် စက်ရုံဝင်းကြီးကိုကြည့်ပြီး လှမ်းအော်ပြောသည်။

"တီကျစ်ပြီးရင် နောင်တရားပဲ၊ မဝေးတော့ဘူး၊ သတိပေးထားဦးမှ တီလေးရေ"

ခင်လေးမျှော်လင့်ထားသည့်အတိုင်းပင် ကားရောက်ချိန်စော၍ညလယ်ကြီးဖြစ်နေတော့မည်။ သိတ်မဝေးတော့ဟုဆိုလျှင် အလွန်မောင်းရမှ နာရီဝက်သာဖြစ်လိမ့်မည်။ ညတစ်နာရီခွဲဆိုသည်ကကိုယ်လိုခရီးသွားမှလွဲပြီး အခြားဖြတ်သွားဖြတ်လာပင် ရှိဖို့ခဲယဉ်းမည်။

"တီလေးရေ အစ်ကိုကြီး ခန့်မှန်းတာက နှစ်နာရီခွဲလောက်လို့ မှန်းထားတာ အချိန်ကိုက်လာရင် ဘယ်လိုလုပ်မလဲ"

ဒီလောက်အေးလွန်းသည့် ရာသီထဲမှာ ဘယ်လိုလူကများကြိုကြိုတင်တင်လာနေနိုင်ပါမလဲဟု ခင်လေးစဉ်းစားမိသည်။ ဘူတာရုံတွေကားဂိတ်တွေလို နေ့ညမပြတ်ဖွင့်ထားသည့် လက်ဖက်ရည်ဆိုင်ရှိလျှင်လည်းကောင်းမည်။

"ညပဲပင်ရောက်ပြီး ဆယ့်ငါးမိနစ်လောက်ဆိုရင်တော့ တို့ခရီးဆုံးပါပြီ"

ပြောလို့သာ ပြောရသည်။ ညံပင်ဆိုသည်ကလည်း လမ်းခွဲဖြစ်၍ နားနီးရာအဆောက်အအုံတွေ၊ ဘာတွေမရှိလျှင်ခက်မည်။ မှောင်နှင့် မည်းမည်းမှာ နှစ်ယောက်တည်းရှိနေမည့်အဖြစ် ခင်လေးတွေးရင်း စိတ်ထဲလေးဖင့်နေမိသည်။

"ညံပင်မှာ ဆင်းမှာနော်"

နောင်တရား မဝင်မီကတည်းက ယာဉ်နောက်လိုက်ကို သတိပေး လိုက်သည်။ ယာဉ်နောက်လိုက်က ထူးဆန်းသလို ပြန်စောင်းကြည့် နေသည်။

"ညံပင်ဆိုတာ ဟိုသစ်ပင်အကြီးကြီးရှိတဲ့နေရာလား၊ ဟုတ်ရင် မဝေးတော့ဘူးနော်"

ဒီလိုတော့လည်း သိသားဟု ကျေးဇူးတင်လိုက်မိသည်။ ခင်လေး တို့အရပ်မှာ ညံပင်ဆိုလျှင်လယ်ကြား၊ မြောင်းကြားမှာပေါက်သော တို့စရာအဖြစ်စားကြသည့် အပင်ငယ်တစ်မျိုးသာဖြစ်သည်။ အစု အဝေးဖြင့်ပေါက်လေ့ရှိ၍ ယခုလိုတစ်ပင်တည်းဖြင့် ကြီးကြီးမားမား ပေါက်နေသော ညံပင်မျိုးကို ခင်လေးတွေ့ဖူးချင်လှသည်။ အရပ် ဒေသ ဌာနအခေါ် အဝေါ်ကြောင့်လည်း ဖြစ်နိုင်သည်။

"တီလေး ရှေ့ကိုထွက်ထားမယ်၊ တို့ဆင်းရတော့မယ်လေ"

နှစ်ယောက်သား အိတ်ကိုယ်စီဆွဲပြီး ကားရှေ့ပိုင်းကိုထွက်လာ ကြသည်။ နောင်တရားမြို့မှအထွက် မီးပွင့်မှိန်မှိန်လေးတွေ ထွန်း ထားသော အဆောက်အအုံတချို့နှင့် တစ်ခါတစ်ရံအလင်းရောင် ကင်းမဲ့သော လယ်ကွင်းပြင်လို့ ဟင်းလင်းပြင်ကြီးကို တွေ့ရသည်။

မည်းမှောင်တိတ်ဆိတ်နေ၍ ညံ့ပင်ဆိုတာ ဒီလိုမျိုးလားဟု မကြော ခဏတွေးနေမိသည်။ မကြာမီ မီးရောင်ဖြင့် ထိန်လင်းနေသော အဆောက်အအုံအချို့ကိုတွေ့ရသည်။ ကားရပ်မည်အထင်ဖြင့် ခင်လေး ဝမ်းသာလိုက်မိသေးသည်။ ထိုအဆောက်အအုံများကို လွန်လာပြီးမှောင်ရိပ်စွန်းသော နေရာရောက်မှသာ ကားက ငြိမ့်ခနဲရပ်သွားသည်။

"ညံ့ပင် ရောက်ပြီနော် "

ကားပေါ်မှဆင်းပြီး ကားဝမ်းပိုက်ထဲမှ အိတ်ကြီးတစ်လုံးနှင့်ခွဲခြင်း တစ်လုံးကို မြေပေါ်ပုံချထားလိုက်သည်။ ခင်လေးတို့ဆင်းပြီးသည်နှင့် ကားကတရွေ့ရွေ့ထွက်ခွာသွားတော့သည်။ ကားစက်သံ ပျောက်ချိန်မှာ ခင်လေးစိတ်ထဲ အင်အားတွေမရှိတော့သလို ခံစားလိုက်ရသည်။ မလှမ်းမကမ်း လူနေအိမ်ဟုယူဆရသော အဆောက်အအုံများမှာ ထွန်းထားသည့်မီးရောင်မှလွဲပြီး ပတ်ဝန်းကျင်တစ်ခု လုံးအမှောင်ရိပ်သာ ကြီးစိုးနေသည်။ အမှောင်တစ်နေရာမှ ရောမ အပင်ကြီးတစ်ပင်ကိုဖြင့် သစ်ရွက်လေတိုးသံကြောင့် မှန်းဆမိနေ ခဲ့သည်။ ထိုလေတိုးသံပင် စိတ်ချောက်ချားစရာကောင်းနေသေး တော့သည်။

"အစ်ကိုကြီးလည်း မရောက်သေးဘူးနော် "

"အိပ်ပျော်နေလို့ များလားမသိဘူး"

"မဖြစ်နိုင်ဘူး တီလေးရဲ့၊ ဒီလောက်ထိ ဝီရိယမနည်းဘူး၊ ကားရောက်ချိန်စောနေလို့ ဖြစ်မယ်"

ဖြစ်နိုင်သည်။ တစ်နာရီလောက်နီးနီးစောနေ၍ အချိန်လေးစားသူဆိုလျှင် ရောက်ဖို့မလွယ်၊ မတတ်သာသည့်အဆုံး အလင်းရောင်တစ်စွန်းတစ်စရှိနေသည့် ကားလမ်းမပေါ်မှာသာ နှစ်ယောက်သားရပ်နေဖြစ်သည်။ တစ်ချိန်လုံး ကားစီးလာ၍ ညောင်းညာကိုက်ခဲနေသော ခြေထောက်တို့ကိုပင် လှုပ်ရှားမှုမလုပ်ရဲ၊ ကိုယ့်ခြေထောက်ကဖိနပ်နှင့် ကတ္တရာလမ်းမတို့ ထိတွေ့သံပင် ကျယ်လောင်လွန်းလှ၍ အမှောင်တစ်နေရာမှ တစ်ယောက်ယောက်ထွက်လာမှာ စိုးရိမ်စိတ်ဖြင့် ငြိမ်ငြိမ်လေးရပ်နေမိသည်။ ပတ်ဝန်းကျင်ကိုမျှော်ကြည့်ခိုက် မှောင်သထက် အမှောင်ကိုသာ တွေ့နေရသည်။ ကားလမ်းမဖြစ်သော်လည်း ကားတစ်စီးတလေမျှ ဖြတ်သွားခြင်းမရှိ။ ဆိုင်ကယ်အစိုင်အယောင်လည်း မတွေ့၍တိတ်ဆိတ်ခြင်းသာကြီးစိုးနေပိသည်။ ဒီအခြေအနေမျိုးကြာကြာနေရလျှင် နှလုံးခုန်နှုန်းပင် မှန်တော့မည်မဟုတ်။ ကိုယ်ကအကြီးဖြစ်၍ ဟန်ဆောင်နေရသော်လည်း ကိုယ့်အရပ်ဒေသမဟုတ်သည့် ဒီလိုပတ်ဝန်းကျင်မျိုးမှာ ညအချိန်မတော်ကြီး လမ်းမပေါ်မှာရပ်နေရသည့်အဖြစ်ကသွေးပျက်စရာကောင်းလွန်းသည်။

ဘုရားဂုဏ်တော်ကို ရွတ်ဆိုပွားနေသော်လည်း မျက်လုံးများက ပတ်ဝန်းကျင်ကို ကျိုးကန်းတောင်းမျှော်ကြည့်နေမိသည်။ ဘယ်အချိန်၊ ဘယ်လိုနေရာမျိုးမှ ဘယ်လိုလူထွက်လာမလဲဟူသောအတွေးကခြောက်လှန့်နေ၍ လူတစ်ကိုယ်လုံးကြောက်စိတ်သာကြီးစိုးနေခဲ့သည်။ ထိုခဏအမှောင်တစ်နေရာကို မျက်လုံးအရောက်သူးခြားမှုတစ်ခုကို တွေ့လိုက်ရ၍ ရင်ခုန်စိတ်လှုပ်ရှားစွာ စူးစိုက်

ကြည့်နေမိသည်။ လှပ်ရှားနေသော အရာတစ်ခုက ထိုအမှောင်ထဲမှာသေချာရှိနေသည်။ မီးရောင်ဖျော့ဖျော့လေး စွန်းထင်းကျနေ၍ ထိုအရာကို ရေးရေးလေးမြင်နေရသည်။ မျက်နှာတစ်ခုဟုထင်ရသည်။ လာကြိုသူမဟုတ်တာတော့ သေချာသည်။ ရှင်းလင်းသော မြင်ကွင်းအောက်မှာရပ်နေကြ၍ လာကြိုသူဆိုလျှင် စကားလာပြောမှာသေချာသည်။ ဘယ်လိုလူလဲဟုတွေးရင်း ခင်လေးရင်ခုန်သံတွေ တဒိန်းဒိန်းကျယ်လောင်လာသည်။

"ဟိုမှာ လူတစ်ယောက်နော် "

အဖော်ကို တိုးတိုးကပ်ပြောလိုက်ပြီး နှစ်ယောက်သားနီးနီးကပ်ကပ် ရပ်နေလိုက်သည်။

"တီလေး။ လူတော့ဟုတ်မှာပေါ့နော်"

သူပြောလိုက်မှ ကိုယ့်ကြောက်စိတ်က အထွတ်အထိပ်ရောက်သွားသည်။ သူပြောသလို လူမှဟုတ်ရဲ့လားဟူသော အတွေးဖြင့်ထိုမျက်နှာကို စူးစူးစိုက်စိုက်ကြည့်မြစ်လိုက်သည်။ ရေးရေးမြင်ရသော မျက်နှာက ရုတ်တရက်ပျောက်သွားခဲ့သည်။ ဒုံပြလွှန်းစွာ ခေါင်းနပန်းကြီးပြီး တစ်ယောက်မျက်နှာ၊ တစ်ယောက်ကြည့်လိုက်ကြသည်။ ထိုခဏဝင်းလက်သွားသော မီးရောင်တစ်ခုက ခင်လေးတို့ပေါ် ကျရောက်လာသည်။ လင်းထိန်သော မီးရောင်ကြောင့် ကြောက်စိတ်ပြေသွားပြီး စူးစမ်းစွာကြည့်လိုက်သည့် ခဏကားတစ်စီးက ခင်လေးတို့ရှိရာ ဦးတည်လာနေသည်။ ကားစက်သံကြောင့် ပတ်ဝန်းကျင်က အသက်ဝင်လာသလိုရှိသည်။ ခင်လေးတို့နား အရောက်ကားရပ်ပြီး လူတစ်ယောက်ဆင်းလာသည်။

"ဘယ်သွားမလို့လဲ ခင်ဗျ"

နှီးသားရည်မွှန်သော မျက်နှာပိုင်ရှင်ဟု ခဏချင်းမှာအကဲခတ်မိသည်။ ငယ်ရွယ်ပုံလည်းရ၍ ခင်လေးစိတ်အေးသွားပြီး အကျိုးအကြောင်းရှင်းပြလိုက်သည်။

"ကျွန်တော်ကြည့်နေတာကြာပြီ၊ မေးရမှာအားနာလို့၊ အခု ကျွန်တော် ဘာကူညီပေးရမလဲ ခင်ဗျ"

"ရပါတယ်၊ ကူညီဖို့ထက် အခုလို အဖော်အဖြစ်ရှိနေပေးတာပဲ ကျေးဇူးတင်လှပါပြီ"

ခင်လေးပြောတော့ သူရယ်သည်။ ကွမ်းစားထား၍ နီရဲနေသော သွားလေးများပင်ပေါ်နေ၍ ကလေးဆန်ပြီး ခင်မင်စရာကောင်းလှသည်။ စောစောပိုင်းက ခင်လေးတို့ကြောက်နေပုံကို ပြောပြ၍ သူဟက်ဟက်ပက်ပက်ရယ်သည်။

"ဒီလိုမှန်းမသိလို့ပါဗျာ၊ ဒီလောက်ကြီးကြောက်နေမှန်း သိရင် ကျွန်တော်ထွက်မလာပါဘူး။ ကျွန်တော်ကလည်း ထီးရွှေသွားမယ့်ညွှေသည်လို့ပဲ တွေးမိပါတယ်၊ ဒီအရပ်က ညွှေသည်ရှားတယ်လေ၊ ထီးရွှေးဆရာညွှေသည်ပဲလာလေ့ရှိတာ၊ ဆရာလာကြိုမယ် လို့ပြောထားတယ် မဟုတ်လား"

"ပြောထားပါတယ်၊ ကားက အချိန်စောပြီးရောက်လာလို့ ပါ"

"ကျွန်တော့်ကားနဲ့ လိုက်ပို့ပေးချင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်က ပင်လောင်းကတက်လာမယ့် ရွှေသီးတင်ကားကို စောင့်နေရလို့ပါ"

"ရပါတယ်၊ ကြိုတဲ့သူရောက်လာမှာပေါ့"

"ဒီလိုလုပ်ပါလား၊ ဒီနားမှာ ကျွန်တော့်သူငယ်ချင်းရှိတယ်၊ သူ့ကိုနှိုးပြီး ကျွန်တော်လိုက်ပို့ပေးမယ်၊ အဲ့ဒီမှာဆိုတော့ နွေးနွေးထွေးထွေးနေလို့ရမယ်၊ ဆရာ့ဆီကိုလည်း ဖုန်းလှမ်းဆက်လို့ရတယ်၊ ရောက်နေပြီဆိုတဲ့အကြောင်းလေ"

သူပြောတာ နည်းလမ်းကျ၍ ကားပေါ်တက်ပြီး ခင်လေးတို့လိုက်သွားဖြစ်ကြသည်။ အနီးကလေးဖြစ်၍ ခဏချင်းရောက်ပြီး အိတ်တွေကို သူကိုယ်တိုင်ကူသယ်ပေးသည်။ အိမ်ရှင်ကလည်း နှိုးစရာမလိုဘဲအဆင်သင့် နိုးနေ၍ လှိုက်လှဲဖော်ရွေစွာ ဆီးကြိုသည်။ အိမ်ထဲဝင်လိုက်သည်နှင့် နွေးထွေးသော အငွေ့အသက်ကလူကိုပင် လန်းဆန်းသွားစေသည်။ အတွင်းပိုင်းရောက်မှ ဈေးဆိုင်ကြီးတစ်ဆိုင်ဖြစ်မှန်းသိရသည်။ ထိန်လင်းသော မီးရောင်အောက်မှာ အခါးရည်တိုက်ရင်း ဧည့်ခံကြသည်။

"စိတ်မပူနဲ့ ခင်ဗျ၊ ဒီအရပ်မှာ ဘာမှကြောက်စရာ မလိုဘူး၊ ဘာအန္တရာယ်မှ မရှိဘူး၊ ဒီညဆရာလာမကြိုရင် ဒီမှာပဲအိပ်၊ မိုးလင်းမှသွားပါ၊ အိမ်အကျယ်ကြီး အားနာစရာမရှိဘူး ခင်ဗျ"

နွေးထွေးသော ကြိုဆိုမှုကြောင့် ခင်လေးစိတ်တွေအေးချမ်းလုံခြုံသွားခဲ့ရသည်။ အဝေးမှရောက်လာသူကို မျက်နှာစိမ်း၊ မျက်နှာကျက်မရွေး ကူညီတတ်သောဓလေ့က လေးစားမြတ်နိုးဖွယ်ကောင်းလှသည်။ ထိုခဏဆိုင်ကယ်တစ်စီးက အိမ်ရှေ့မှာ ထိုးရပ်လာ၍ ခင်လေးကြည့်လိုက်မိသည်။ ခင်လေးတို့ကိုလာကြိုသူဖြစ်နေ၍

အဆင်သင့်ဖြစ်သွားခဲ့သည်။ အခိုက်အတန့်မှာ နွေးထွေးစွာခိုလှုံခွင့်ရ၍ ကျေးဇူးတင်စကားပြောပြီး ခင်လေးတို့ ခရီးဆက်ခဲ့ကြသည်။ အမှောင်က ခင်လေးအတွက် ကြောက်စရာမဟုတ်တော့ပြီ။

* * * * *

ဘုရားကုန်းတော်ပေါ်မှကြည့်လျှင် ရွာကလေးကိုအပေါ်စီးမှ မြင်ရသည်။ သစ်ပင်ကြီးကြီးမားမားမရှိသော်လည်း ရွာကလေးစိမ်းညို့အေးချမ်းနေသည်။ ရွာလယ်လမ်းမကြီးကိုလည်း ဖြူဖြူဖြောင့်ဖြောင့်မြင်နေရသည်။ ကျောက်ချောလမ်းဖြစ်၍ မြေနီများအလယ်မှာ အထင်းသားရှိနေသည်။ သွပ်မိုးဖြူဖြူများသာရှိနေသောအဆောက်အအုံအားလုံးက စနစ်တကျဆောက်လုပ်ထား၍ စီစီရီရီရှိလှသည်။ အဆောက်အအုံများအလယ်မှာ အနည်းငယ်ပွပ်ဝပ်သော အဆောက်အအုံတစ်ခု၊ ထိုအဆောက်အအုံကိုမြင်ရချိန်မှာတော့ ဖားညွန့်အနည်းငယ် ရင်ခုန်မြန်ချင်သည်။

ရွာလယ်ခန်းမအဖြစ် ဆောက်လုပ်ထားသော ထိုအဆောက်အဦကြီးဖြစ်လာချိန်မှာ ပြီးပြည့်စုံသောရွာလေးအဖြစ် ဖားညွန့်အကျေနပ်ကြီး ကျေနပ်ရသော်လည်း မဖြစ်လာခင်က သောက၊ ဒုက္ခများကို ဖားညွန့်မမေ့နိုင်ခဲ့။ ဟိုပုံး၊ ပင်လောင်း၊ ဂျီစိုင်၊ ကျောက်တစ်လုံးစသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှာ ဖားညွန့်၏ရွာကလေးလည်းပါဝင်သည်။ ရွာကလေးကိုအုပ်ချုပ်ခွင့်ရသည့်အချိန်မှစပြီး ဖားညွန့်အဖို့ သားသမီးတစ်ယောက်ကောက်ရခဲ့သလို

အစစအရာရာပျိုးထောင်ခဲ့ရသည်။ ရွာ၏သာရေး၊ နာရေး၊ လူမှုရေးသာမက ရွာအညွန့်အဖူးလေးများအတွက် စာသင်ကျောင်းဖြစ်မြောက်ရေး၊ လျှပ်စစ်မီးလင်းရေး၊ လမ်းကောင်းလမ်းချောဖြစ်လာရေးနှင့် အရေးပေါင်းများစွာက ဖားညွန့်ခေါင်းထဲမပြတ်ရောက်နေခဲ့သည်။ ကိုယ်တိုင်ကလည်း ငယ်ရွယ်ဖျတ်လတ်ဆဲအရွယ်ဖြစ်၍ စိတ်ထင်တိုင်းပေါက်ခဲ့သည်။ ရွာကလေး၏အင်္ဂါရုပ်က တဖြည်းဖြည်းပီပြင်လာသလို အဆင်းရောအချင်းပါ ပြည့်စုံသည့် မိန်းမပျိုလေးတစ်ယောက်လို ထင်ပေါ်ကျော်ကြားမှုလည်း ရှိလာသည်။ ပညာဗိမာန် စာကြည့်တိုက်၊ ရေလှောင်ကန်နှင့် ရွာလယ်ခန်းမများဆောက်လုပ်ပြီးချိန်မှာ ရွာကလေး၏ ဂုဏ်သတင်းက ပျံ့သင်းလာခဲ့သည်။ မသင်းခံနိုင်ရိုးလား၊ ရွာကို မှီတင်းနေထိုင်ကြသော ဖားညွန့်၏ သားစဉ်မြေးဆက်တို့လည်း စီးပွားဥစ္စာပြည့်စုံကြသည်။ တစ်ရာသီတိုင်း သိန်းရာချီမြတ်အောင် စိုက်နိုင်၊ ပျိုးနိုင်ကြ၍ အိမ်တိုင်းလိုလို ထော်လာဂျီများ၊ ဆိုင်ကယ်များနှင့်လယ်ယာသုံးစက်ကိရိယာမှအစ အကောင်းစားချည်းသာ သုံးနိုင်ကြသည်။ ထို့အတူ ရွာ၏ ဆည်းလည်းများဖြစ်သော ဖားညွန့်၏သားစဉ်မြေးဆက်တို့လည်း ခေတ်ပညာတတ်များ ဖြစ်လာကြပြီ။ တစ်ခုပဲ ရှိသည်။ ရွာကလေးက ခေတ်မီလှပလာသလောက် တစ်စတစ်စ အိုမင်းရင့်ရော်လာသည့် ဖားညွန့်၏ဇရာ။

ဖားညွန့် အိုခဲ့ပြီ။ ဒီနေ့နံနက် ဘုရားကုန်းတော်ပေါ်တက်စဉ် ဒူးဆစ်ဆီမှ တစစ်စစ်ကိုက်ခဲနာကျင်နေသည်။ ရင်ဘတ်၏ဘယ်ဘက်အခြမ်းမှ ဗူးအောင့်နာကျင်မှုကိုလည်း ခံစားရသည်။ လည်ပင်း

ဆီမှလည်း တင်းကျပ်သောဝေဒနာဖြင့် တံတွေးမျိုလိုက်တိုင်း နာကျင်မှုဖြစ်သည်ကိုပိုလို့ သတိထားမိသည်။ ဝေဒနာတွေက စုံလည်း စုံလှသည်။ နပျိုစဉ်က သင်းတို့တွေ ဘယ်နား၊ ဘယ်ချောင် ပုန်းရှောင်နေသည်မသိ၊ ယာခင်းထဲမှာ တစ်နေကုန်ပေါက်တူး တစ်လက်ဖြင့် အလုပ်လုပ်၊ အိမ်ရောက်တော့လည်း အနားမရ ရပ်ရေး၊ ရွာရေးကိုအချိန်တိုင်း လှုပ်ရှားရသည်။ ကိုယ့်ဦးဆောင်မှု အောက်မှာ တစ်ရွာလုံးတက်ညီ၊ လက်ညီပါဝင်ကြ၍ အားအင်တွေ ပြည့်ဖြိုးပြီး စိတ်ရှိတိုင်းလုပ်ခဲ့သည်။ ယခုအချိန်မှာတော့ ထိုလောဘ ဇောများက ဖားညွှန့်ကိုဒုက္ခပေးပြီထင်သည်။

အတွေးတို့ ကစဉ့်ကလျားရှိနိုက် နာကျင်သော ဒူးကို ခေတ္တ မေ့ထားလိုက်သည်။ စေတီတော်၏ ဆည်းလည်းသံကိုလည်း ဖားညွှန့် အာရုံမရ။ ရွာကလေးကို အပေါ်မှစီးမိုးကြည့်ရင်း တစ်စုံတစ်ရာကို ဖားညွှန့်တွေးဖြစ်နေသည်။ ထိုတစ်စုံတစ်ရာက မကြာခင်ရောက် လာတော့မည်။ နံနက်ကပဲ ဖားညွှန့်၏အိမ်သူသက်ထား အမယ် အိုက ပြောခဲ့ပြီးပြီ။

"အဝေးကြီး မသွားနဲ့၊ ကျန်းမာရေးက ကောင်းတာမဟုတ် ဘူး၊ လယ်နား၊ ချောင်းနား သေနေဦးမယ်"

ဘယ်သောအခါမှ စကားတစ်လုံးကို ကွေ့ဝိုက်မပြောတတ်သော အမယ်အိုကြောင့် ဖားညွှန့်ဆင်ခြင်တရားရခဲ့သည်။ သူကိုယ်တိုင် ကရော ဖားညွှန့်ထက်နှစ်နှစ်မျှပင် ငယ်သော်လည်း ဖားညွှန့် ထက်ပင် အိုစာနေသေးတော့သည်။ ရင်ကျပ်ရောဂါဖြင့် အိပ်ရာထဲ လဲနေသည့်အပြင် ဒူးတစ်ဖက်ကြီးနေ၍ လမ်းလည်းကောင်းကောင်း

မလျှောက်နိုင်တော့။ ငယ်စဉ်ကအသားလတ်လတ်၊ အရပ်မြင့်မြင့်၊ မျက်နှာဝိုင်းလေးဖြင့် ဒီအမယ်အိုကို ဖားညွန့် အပိုးကြီးပိုးခဲ့ရသည်။ တစ်ရွာလုံးမှာအချောဆုံးဟု ယူဆပြီးအလောတကြီးကြောင်းလမ်း ယူခဲ့သည့်အဖြစ်။ ယခုအချိန်မှာတော့ ဖားညွန့်နှယ်ပင်ဇရာ၏ အရေးအကြောင်းများရှိနေရုံသာမက အိုနာ၏နှိပ်စက်ခြင်းကိုအလူး အလဲခံရသည်။ ဖားညွန့်ထွက်လာစဉ် အိပ်ရာထဲမှ လှမ်းကြည့်ရင်း ထိုစကားကိုပြောလိုက်ခြင်းဖြစ်သည်။

သူပြောတာလည်းဟုတ်သည်။ ဇရာတရွေ့ရွေ့ဖြင့် အိုနာ ဘက်ဆီတွန်းပို့ခဲ့ပြီ။ အကယ်၍ ဖားညွန့်မရှိခဲ့လျှင် ရွာကလေး ကို. . .။ ထိုအတွေးက ဖားညွန့်စိတ်ကို မကြာခဏနှိပ်စက်သည်။ ပြောရလျှင်ရောဂါဝေဒနာနှိပ်စက်ခြင်းခံနေရသော ဖခင်တစ်ဦးက ကိုယ့်ဝေဒနာကိုပင်သိ၍ သားသမီးရေးရေးကို တွေးပူနေသလို ဖြစ်နေသည်။ ရွာကလေးကို ဘယ်သူ့ထံစိတ်ချ၊ လက်ချအပ်နှံခဲ့ ရမည်မှန်း ဖားညွန့်မတွေးတတ်။ ရုတ်တရက် သားကြီးက အခန်း ထဲမှာ ပေါ်လာသည်။ မကြာသေးမီက အင်းလေးမှာနေသော သားကြီးအလည်လာသွားသည်။

"ဒီနှစ်ရေခြဲတွေ ဘာဖြစ်တယ်မသိဘူး၊ ခရုကိုက်တာကုန် လုမတတ်ဘဲ၊ ခရုကြီးတွေက အကြီးကြီးရယ်၊ ဆေးဖျန်းလို့ လည်းမရဘူး"

မညည်းစဖူးညည်းသော သားဖြစ်သူကြောင့် ဖားညွန့်စိတ်မကောင်း ဖြစ်မိသည်။ ကုန်းပေါ်မှာနေသောသားက ရေထဲမှာမျော့ပိုက်နေ ၍စိတ်မကောင်းဖြစ်ရသည့်အထဲ သား၏အဆင်မပြေမှုကိုသိရ

သည့်ခဏ ဖားညွန့်စိတ်တွေကသောင်းကနင်းဖြစ်ခဲ့ရသည်။ စိတ်ထဲမှာတော့ မင်းကိုငါအစက မပြောခဲ့လားဟု ကြိမ်ဖန် များစွာပြောနေမိသည်။ နှုတ်မှတော့ ဖွင့်မပြောရက်။ ထိုစကားကိုပြော၍ အစပြန်ကောက်လျှင် ရေနစ်သူကိုဝါးကူနှစ်သလိုဖြစ်မှာစိုး၍ ဖားညွန့်ငြိမ်နေလိုက်ရသည်။ ဖြစ်နိုင်လျှင်စိတ်ထဲရှိသည့်အတိုင်း ပြောလိုက်ချင်သည်။

"မှတ်ထား သား။ ရေထဲက ငါးကကုန်းပေါ်မှာ အဆင်မပြေသလို ကုန်းပေါ်ကလိပ်ပြာကလည်း ရေထဲမှာ အဆင်မပြေနိုင်ဘူးဆိုတာ ဟိုအစကတည်းက အဖေပြောခဲ့ပါတယ်ကွာ"

ဟု ထိထိမိမိပြောလိုက်ချင်ပါသေးသည်။ အသက်နှစ်ဆယ်ကျော်အစိတ်ပိုင်းအထိ အိမ်ထောင်ရေးနှင့်ပတ်သက်လျှင် တစ်စွန်းတစ်စမျှ အသံမကြားရသောသားက အင်းလေးဖောင်တော်ဦးဘုရားမှာ ကျင်းပသည့်အလှူပွဲတစ်ခုကို သွားခဲ့ရုံဖြင့် ငါးရံ့ပြာလူးဖြစ်ခဲ့ပုံကို ဖားညွန့် အမှတ်ရသည်။

" ကျွန်တော် ယဉ်မေ့ကိုပဲယူမယ်၊ လိုက်တောင်းပေးပါ"

စကားများများပြောလေ့မရှိသော သားကြီး၏တိုတိုပြတ်ပြတ် စကားတစ်ခွန်းသည် မိဘနှစ်ပါး၏ရင်ကို အထိတ်တလန့်ဖြစ်စေမှန်းသူမရိပ်မိ။

"ယဉ်မေဆိုတာ အင်းလေးရွာသူ၊ တော်တော်ချောပဲ၊ သူတို့ချင်းငြိကြတယ် ထင်ပါရဲ့၊ ကောင်မလေးက ရက်ကန်းတတ်တယ်"

အတူပါသွားသော ဦးလေးဖြစ်သူက ရှင်းပြထောက်ခံလာ၍ ဖားညွန့် မငြင်းသာခဲ့။ သို့သော်လည်း ဘဝင်မကျလှ၍ အနည်းငယ် သွေးတိုးစမ်းကြည့်လိုက်သည်။

"စဉ်းစားပါဦးကွာ၊ အင်းလေးဆိုတာ ကိုယ့်အရပ်လိုမြေကြီး အဆင့်သင့်ရှိတာ မဟုတ်ဘူး။ ရေထဲက ဗိုက်သရောတွေကို ဆယ်တင်ပြီး မြောင်းပေါင်တွေလုပ်၊ ဝါးတိုင်တွေစိုက်ပြီးမှ အဲဒီပေါ်မှာ သစ်ပင်စိုက်ရတာ၊ ကိုယ့်အရပ်မှာလို ခြေထောက် ရှိလို့လဲ ခနိုးမပေါက်ဘူး၊ လှေရှိမှအဆင်ပြေတာ၊ မင်းသူတို့ လိုများ ခြေထောက်နဲ့လှေလှော်ဖို့ဖြစ်မယ် ထင်သလား"

သားတော်မောင်က ပြုံးပြုံးကြီးဖြေသည်။ တစ်ခွန်းတည်းရယ်ပါ။

"မွေးကတည်းက ဘယ်သူမှ မတတ်ဘူး"

သူကြီးစားသင်မည်ဆိုသည့် သဘောပါ။ ဖားညွန့်လက်လျှော့လိုက် ရသည်။ သို့သော်လည်း စိတ်ထဲက ဘဝင်ကျလှသည်မဟုတ်။ ကိုယ့် အရပ်နှင့်ဝေးလွန်းလှသည် မဟုတ်သော်လည်း အနေအထားချင်း က ကွာခြားနေသည်။ ကိုယ်က တောင်များဝန်းရံနေသော တကယ့် ကုန်းခေါင်ခေါင်ဖြစ်သလို အင်းလေးဆိုသည်ကလည်း တောင်များ ဝန်းရံနေသည့် အလယ်မှ ရေပြင်ကျယ်ကြီးဖြစ်သည်။ ကျယ်သမှ နည်းနည်းနောနော အကျယ်မဟုတ်။ ရေပေါ်မှာအိပ်၊ ရေပေါ်မှာ စား၊ ရေပေါ်မှာစီးပွားရှာစားသောက်ပင် ကျယ်ဝန်းသည့်အရပ်။ တောင်ပေါ်ချင်းတူပါလျက် သူကရေ ကိုယ်ကကုန်း၊ ကိုယ်က အမြင့်၊ သူက အနိမ့်၊ ဒီလိုအရပ်မှာ သားကြီးဘယ်လိုလုပ်ကိုင်

စားသောက်ပါ့မလဲဟု ဖားညွန့် တွေးပူသည်။ အခြားတစ်ချက်လည်း ရှိသေးသည်။ ဖားညွန့်တို့အရပ်မှာတစ်နှစ်လုံးနေမှ ညည့်သည် တစ်ယောက် ရောက်ခဲလှသည်။ အင်းလေးဆိုသည်က ပြည်တွင်း ညည့်သည်သာမက ဟိုး အဝေးက နိုင်ငံခြားညည့်သည်တွေပါ အမြဲလာရောက်လည်ပတ်နေသည့် နေရာဒေသတစ်ခု။

ဒီလိုအရပ်မှာ အေးအေးချမ်းချမ်းနေလေ့ရှိသည့် သားကြီးနှင့် လိုက်လျောညီထွေ မဖြစ်မှန်း ဖားညွန့်သိသည်။ အမေဖြစ်သူက သားဘက်မှ မားမားမတ်မတ်ရပ်တည်သည်။

"ပေးစားလိုက်ပါတော်၊ သူရှိတော့ နှစ်တိုင်းဖောင်တော်ဦး ဘုရားဖူးရတာပေါ့၊ နည်းတဲ့ကုသိုလ်လား"

ဒီလိုနှင့် ကားတစ်တန်၊ လှေတစ်တန်ခရီးကို သားကြီးအတွက် ဖွန့် ဖွန့်စားစားထွက်ခဲ့ကြသည်။ နောင်တရားမှရွှေညောင်၊ ရွှေညောင် မှ ညောင်ရွှေ ဒီမှတစ်ဆင့်အင်းလေးရွာများအထိ စက်လှေစီးပြီး သွားခဲ့ကြသည်။ ကြာတော့လည်း ကြာခဲ့ပြီ။ မြေးဦးပင် ဆယ့်ငါးနှစ် ရှိခဲ့သော်လည်း ထိုအဖြစ်များက ဖားညွန့်စိတ်ထဲစွဲစွဲထင်ထင် ကျန် ရှိနေသည်။ အကယ်၍များ သားကြီးအနားမှာရှိခဲ့လျှင်ဟုသော အတွေးကိုလည်း မကြာခဏတွေးဖြစ်သည်။ သားကြီးက မိဘ နှစ်ပါးထံ တစ်နှစ်တစ်ကြိမ်မှန်မှန်ရောက်လေ့ရှိသော်လည်း အတူ ပြန်လာနေဖို့တော့ စိတ်ကူးဟန်မတူ။ သူ့အရပ်နှင့်သူ အဆင်ပြေ လှကြောင်းကို ခရီးရောက်မဆိုက်ပြောလေ့ရှိသူ။

"ကျွန်းမျှောပေါ်မှာ စိုက်တယ်ဆိုပေမယ့် သီးနှံထွက်အား ကောင်းတယ်၊ ကိုယ့်အရပ်လို တကူးတက ချောင်းရေတင် ရတာတို့ ဘာတို့ မရှိဘူး၊ ဟိုမှာက အဲ့ဒီအလုပ်တွေရှင်းတယ်၊ ယဉ်မေကလည်း ရက်ကန်းတတ်တော့ ဝင်ငွေကောင်းတယ်" နှစ်တိုင်းလိုလို သူ့မိန်းမလက်ရာ ရက်ကန်းထည်များ ယူလာရင်း ဆွေမျိုးသားချင်းတွေ လက်ဆောင်ဝေငှပေးဖြစ်သည်။ နိုးရာဝတ် စုံသာ ဝတ်ဆင်လေ့ရှိသော သူ့အမေအတွက်လည်း ခေါင်းပေါင်း၊ ပုဆိုးတင်တဘက်ဆိုသည်က တစ်နှစ်တစ်မျိုးမရိုးနိုင်အောင် ယူလာ ပေးလေ့ရှိသည်။ အသီးအရွက်လောက်သာ လျှာအရသာခံစား တတ်သော ဖခင်အတွက်အင်းငါးတွေ ငါးခြောက်လုပ်ပြီး ယူလာ တတ်သေးသည်။ အင်းငါးတွေ နာမည်ကြီးလှသော်လည်း ငယ်စဉ် က ရှာစားခဲ့ရသော ဘီလူးချောင်း ငါးဟင်းကိုတော့မမီဟု ဖားညွန့် ထင်သည်။ ဘီလူးချောင်းထဲ ရေဆင်းငုပ်ရင်း၊ ငါးဖမ်းရင်း မော်ဦးမော နှင့် ပူပူနွေးနွေးချက်ပြုတ်စားရသည့် အရသာကို ယခုအချိန် မှာတော့ ဘယ်အရာမှ လိုက်မမီတော့ပြီ၊ အင်းလေးဒေသမှ နာမည်ကြီးလှ ပါသည်ဆိုသော ငါးဒုက္ခှဟင်းပင် မမီလောက်ဟု ဖားညွန့်တွေးမိ သည်။

ယခု နောက်ပိုင်း ဖားညွန့်ကိုယ်တိုင် အသားငါးတွေ ရှောင်ကြဉ်လာရုံသာမက တစ်ရွာလုံးလည်း အိမ်မွေးတိရစ္ဆာန် ကြက်၊ ဘဲ၊ ဝက် မွေးမြူခွင့်မပြု၍ တစ်ရွာလုံးနီးပါး သက်သတ်လွတ် စားကြသည်က များသည်။ ထွန်ယက်စိုက်ပျိုးရာမှာပင် နွားကိုအ သုံးမပြုစေဘဲ စက်ကိရိယာများ အစားထိုးသုံးလာ၍ ဖားညွန့်တို့

တစ်ရွာလုံး နွားတစ်ကောင်ပင်ရှိ မနေခဲ့။ ကုသိုလ်ရေးသာ အားထားလုပ် ကိုင်ကြသည်။ ဖားညွန့်၏ဆော်ဩမှုဖြင့် တစ်နှစ်နှစ်ကြိမ် ပဌာန်းပွဲ လုပ်သည်။ ရိပ်သာဖွင့်သည်။ ဝါတွင်း ဝါပဥပုသ်နေ့တိုင်း သီတင်း သီလယူရသည်။ လူငယ်များက အဖိတ်နေ့တိုင်း ဘုန်းတော်ကြီး ကျောင်းသွား၍ ဥပုသ်သည်များ စားသောက်ရန် ကြိုတင်ချက်ပြုတ် စီမံထားရသည်။ အဓိပ္ပာယ်ကား ဖားညွန့်သားစဉ်မြေးဆက် လူငယ်များ ဘုရား၊ ကျောင်း၊ ကန်နှင့် နီးစပ်စေရန်ဖြစ်သည်။ ရွာ၏ အပူအအေးကိစ္စမှန်သမျှလည်း ဖားညွန့် ဦးဆောင်ဖြေရှင်းပေးနေကျဖြစ်၍ တစ်ရွာလုံးတက်ညီ၊ လက်ညီဖြင့် အေးအေးချမ်းချမ်း ရှိလှသည်။ ဖားညွန့် မျက်ကွယ် သွားသည့်တိုင် ဒီအခြေအနေလေးကို မပျက်စီးစေချင်၍ ရွာလေး အတွက် ရတက်မအေး ဖြစ်နေရသည်။ သားကြီးကိုလည်း အားကိုးလို့ မရ။ သူ့အရပ်မှာ သူပျော်ပြီး သူ့ကိစ္စနှင့်သူ လုံးလည်လိုက်နေသူ။

အခုလည်း ခရုဟု ဖားညွန့်နားထဲ ပြောသံကြားလိုက်သည်။ သစ်ပင်ကိုက်သော ခရုကို ဖားညွန့်မကြားဖူးခဲ့၊ ဖားညွန့်သိသည့် ခရုက ဘီလူးချောင်းရေကြည်ကြည်မှာ ကျောက်စရစ်ခဲလေးများ နှင့် ရောထွေးနေသည့် ခရုလုံးချောလေးများသာ။ ကျောက်စရစ် ခဲအသေးစားအရွယ် ပမာဏသာရှိပြီး အန္တရာယ်လည်း တစ်စုံ တစ်ရာမရှိဟု ဖားညွန့်သိထားသည်။ အသက်နှင့်အတွေ့အကြုံအရ ဖားညွန့်မသိတာ မရှိဟုထင်ထားခဲ့မိသည်။ ယခုတလော ဖားညွန့် မသိတာတွေ အတော်များလာသည်။ မကြာသေးမီက ဖားညွန့်တို့ အရပ်မှာပင် ရွာသားတစ်ဦး၏ စိုက်ခင်းများသီးပင်များ အားလုံးလို

လို ရွက်ဖျားများမည်း၍ ညှိုးလျော်သွားသည်ကို [illegible] သည်။ ရွာသားများက အထူးအဆန်းဖြစ်ပြီး လာပြောပြသော်လည်း ဖားညွန့် အဖြေမပေးနိုင်၊ ဖားညွန့်စိုက်ပျိုးရေးလုပ်လာသည့် သက်တမ်းတစ်လျှောက်လုံး ထိုအတွေ့အကြုံမရှိခဲ့။ အောက်ပြည်မှာ ကျောင်းသွားတက်ပြီး ဗဟုသုတလည်း နှံ့နှံ့စပ်စပ်ရှိသော ခွန်လှမောင် က တစ်ချက်တည်း ပြောသည်။ ရွက်ဖျားပိုးတဲ့။ ဘာဆေးသုံး ရမည်ဟုပင် ပြောလိုက်၍ အခြေအနေကောင်းသွားသည်ဟု ဆို သည်။ ဖားညွန့်ဝမ်းသာရသည်။ ခွန်လှမောင်က ပြောသေးသည်။

"ကိုယ့်အရပ်မှာ ဒီလောက်ဖြစ်တာ တော်သေးတာပေါ့ ဖားညွန့်ရာ၊ အောက်အရပ်မှာဆို လက်ညှိုးလောက် ပိုးကောင်ကြီးတွေက အပင်တွေကို စားပစ်တာ"

သူ့လက်ညှိုး တုတ်တုတ်ကြီးကိုကွေးပြပြီး ခွန်လှမောင်ပြော၍ ဖားညွန့်အသည်းယားစွာ မျက်နှာလွှဲလိုက်မိသည်။ သူ့အပြောနှင့်ပင် အောက်ပြည်က သူတွေကို သနားလှသည်။ ကိုယ့်အရပ်မှာ ဒီလို သတ္တဝါတွေမရှိ၍ တော်သေးသည်။ ရှိလျှင်တောင် ဘယ်လို နှိမ်နင်းရမည်ဟု ခွန်လှမောင် သိမည်ထင်သည်။ သူက စာကြည့်တိုက် သို့ မကြာခဏရောက်လာပြီး စာလည်းဖတ်လေ့ရှိသူဖြစ်သည်။ ယခုလည်း သားကြီးပြောသည့် ခရုကိစ္စ ခွန်လှမောင် သိမည် ထင်သည်။ ကြုံလျှင်တော့ မေးဖြစ်ရဦးမည်။

* * * * *

တိမ်စိုင်အချို့ ဖားညွန့်ခေါင်းပေါ်မှ ဖြတ်ပြေးသွား၍မကြာမီ မိုးရွာဦးမည်ထင်သည်။ တိမ်ညိုအချို့ ခေါင်းပေါင်းစတလူလူနှင့် ပါသွားသည်ကိုလည်း တွေ့လိုက်ရ၍ မိုးကချက်ချင်းပင်ရွာတော့မည် ဟန်ပေါ်သည်။ အမြန်ဆုံးတောင်ပေါ်မှ ဆင်းရတော့မည်။ အရေးထဲမှာ ဒူးကနာလိုက်သေးသည်။ ထိုင်နေသည်က ကြာမြင့်လှပြီဖြစ်၍ ဖားညွန့်အောက်ပိုင်းတစ်ခုလုံး ထုံသလိုလိုကြီးဖြစ်နေသည်။ တောင်ဝှေးကို အားပြုရင်း တရွေ့ရွေ့ဖြင့် ဖားညွန့်ဆင်းလာခဲ့သည်။ တောင်က အမြင့်ကြီးမဟုတ်၍ မကြာမီ အောက်ရောက်လာသည်။ မောလွန်း၍ ပတ်ဝန်းကျင်ကိုမကြည့်ဘဲ တစိုက်မတ်မတ် လျှောက်လာဖြစ်သည်။

"ဘယ်က ပြန်လာလဲ ဖားညွန့်"

အနီးကပ် နှုတ်ဆက်လာသူကိုမော့ကြည့်မိုက် ခွန်လှမောင်ဖြစ်နေ၍ ဖားညွန့်အမောပြေသွားခဲ့သည်။ သူ့အမေးကို မဖြေသေးဘဲ နီးစပ်ရာ နေရာတစ်ခုကိုကြည့်ပြီး ဖားညွန့်ဝင်ထိုင်လိုက်သည်။ ရှမ်းပျော့ရောင်းသည့်ဆိုင်ဖြစ်နေ၍ အဆင်သင့်ဖြစ်သွားသည်။

"စေတီတောင်ပေါ်က ပြန်လာတာ"

"ဒူးနာတယ်လည်း ပြောသေးတယ်၊ ဘာဖြစ်လို့တောင်ပေါ် တက်ရတာလဲ ဖားညွန့်ရာ၊ မတော်တဆချော်၊ လက်ချော် ဖြစ်ပ့ါမယ်"

ခွန်လှမောင်က စေတနာဖြင့်ပြောသည်။ ဖားညွန့်လည်းသိပါ၏။ သို့သော်လည်း မသွားဘဲမနေနိုင်၊ ရွာကလေးကိုအပေါ်မှာ စီးမိုး

ကြည့်လိုသည်။ ကိုယ့်သားသမီး၏လှပတင့်တယ်မှုကို မိဘက အရိပ်တကြည့်ကြည့် ဖြစ်ရသလို ရွာကလေးကိုလည်း ဖားညွန့်အရိပ်တကြည့်ကြည့်ရှိနေချင်သည်။ ကြည့်ခွင့်ရသည့်အချိန်ကလည်း တစ်စထက်တစ်စ နည်းပါးလာခဲ့ပြီ။ ဒါကို ခွန်လှမောင်နားလည်ပေးနိုင်ပါ့မလားမသိ။

"ဖားညွန့် ရှမ်းပျော့ပြင်လိုက်မယ်နော်"

ဆိုင်ရှင်နန်းကျော့က လောကွတ်ပြုသော်လည်း ဖားညွန့် ခေါင်းခါလိုက်သည်။ အပြင်စာတွေ ဖားညွန့်စားခဲ့သည်။ နံနက် စောစောရှမ်းဆန်ထွေးထွေးလေးဖြင့် ချွဲပဲသီးပုပ္ပွန်းနွေးကြော်ပြီး အားပါးတရ စားခဲ့ပြီးပြီ။

"ခုတလော မိုးရိပ်ဆင်တယ်နော်"

ခွန်လှမောင် စကားစလာ၍ ဖားညွန့်သတိရသည်။ ခုတလောအခါမဲ့ မိုးတွေရွာလွန်း၍ စိုက်ခင်းသမားတွေ ညည်းနေကြမှန်းဖားညွန့်သိသည်။

"အင်းထဲမှာလည်း ခရုတွေကိုက်တယ်ပြောတယ်"

"ဟုတ်လား"

"ခါတိုင်း မကြားဖူးပါဘူး"

နန်းကျော့ကပါ တအံ့တသြ ဝင်ပြောသည်။

"ဟုတ်တယ်၊ တလောက အကြီးကောင်ပြန်လာပြီး ပြောတာပဲ"

"သူတို့ ဘာမှ မလုပ်ဘူးလား"

"လုပ်တယ်ပြောတာပဲ "

"အောက်ပြည်မှာတော့ ခရုက စားစရာပဲ"

အထူးအဆန်းကြားလိုက်ရ၍ ခွန်လှမောင်မျက်နှာကို ဖားညွန့် ကြည့်လိုက်သည်။

"ဟုတ်တယ် ဖားညွန့်၊ ခရုက ဈေးကောင်းတယ်ပြောတယ်၊ ရေနွေးဖျောပြီး သုပ်စားတာ တယ်ကောင်းဆိုပဲ"

အောက်ပြည်က ခရုဖမ်းသမားတွေ သွားခေါ်ဟုပင် အကြံပေးရကောင်းမလားဟု ဖားညွန့်တွေးလိုက်မိသည်။

"ဒါဆိုရင် သူတို့အရပ်မှာတော့ ခရုကိုက်မှာ မပူရဘူးပေါ့"

ခွန်လှမောင် သက်ပြင်းချသည်။

"ဖားညွန့်ရာ၊ အခု အခြေအနေက တစ်ခုမဟုတ်တစ်ခုပါပဲ၊ မိုးမဖျက်ရင် ပိုးဖျက်၊ ပိုးမဖျက်ရင် ရေကြီးနဲ့ သူတို့လည်း ကာလဒုက္ခကို ခံစားနေရတာပဲ "

ကာလဒုက္ခတဲ့၊ ခွန်လှမောင်ဆိုတဲ့လူ စာတွေဖတ်ပြီး ဗဟုသုတတွေများသလောက် စကားလုံးအဆန်းတွေသုံးတတ်တာပဲဟု အထင်ကြီးလိုက်မိသည်။

"သက်ရှိပဲဖြစ်ဖြစ်၊ သက်မဲ့ဖြစ်ဖြစ် အချိန်ကာလတွေပြောင်းလာရင် အကောင်းထက် အဆိုးတွေပဲ ကြုံလာရတာမပေါ့ ဖားညွန့်ရာ၊ ကမ္ဘာကြီးလည်းတူတူပေါ့၊ သူလည်းကြာပြီပဲ "

ဟုတ်တာပေါ့၊ အချိန်ကာလပြောင်းလဲတဲ့နောက် ဘယ်အရာတွေကများ မပြောင်းမလွဲတည်မြဲနေနိုင်မှာတဲ့လဲ။ အိမ်ကအမယ်အိုကို

ပဲကြည့်။ ကလေးကလားအတွေးမဟုတ်ပေမယ့် အနှစ်လေးဆယ်ကျော် ပေါင်းလာတဲ့နောက် ဘယ်လောက်ပဲကြည့်ကောင်းခဲ့တယ်ဆိုပေမယ့် ဇရာရဲ့နှိပ်စက်မှုတွေနဲ့ တကယ့်ကိုအရိုးစုသာသာရှိတော့တာ။ ဖားညွန့်ကိုယ်တိုင်ကရော။ တစ်နေ့ တစ်နေ့ ဝေဒနာတွေနဲ့ တွေးလုံးရစ်ပတ်နေခဲ့တာ။

"ဘာပဲဖြစ်ဖြစ်ပေါ့ ဖားညွန့်ရာ၊ ပြုပြင်လို့ရတော့လည်း ပြုပြင်ကြတာပေါ့၊ ပြုပြင်လို့မရတော့လည်း ကိုယ့်ဒုက္ခကိုယ်ရှုပြီးနေကြရတာပေါ့၊ ဘယ်အရာမှ ကိုယ်မပိုင်ဘူးလေ"

ထိုစကားအဆုံး ခွန်လှမောင်မျက်နှာကို ဖားညွန့်ကျေးဇူးတင်စွာကြည့်လိုက်မိသည်။ ထိုခဏရွာလေးအတွက်လည်း သူမပူတော့။ ကျန်သူတွေရှိသည်ပဲ။

* * * * *

## အလင်းမဲ့လမင်း

တက်ကယ်တော့ သူညာခဲ့တာမဟုတ်ပါ။ စာနာတတ်သော နှလုံးသားက အဖြူရောင်မုသားတစ်ခုကို ပါးပါးလေးကျူးလွန်လိုက်မိခြင်းသာဖြစ်သည်။ ဒီအတွက် သူတစ်လျှောက်လုံး တသသနောင်တရနေတော့မှာ သေချာသည်။

* * * * *

မိတ္ထီလာ-တောင်ကြီးလမ်း စီမံကိန်းမှာ အလုပ်သင်အဖြစ်ပါလာသော နန္ဒာ့အသက်က နှစ်ဆယ့်သုံးနှစ်သာရှိသေးသည်။ နည်းပညာဖြင့် ကျောင်းပြီးထားသော နန္ဒာ့ကို သူ့ဖခင်၏ သူငယ်ချင်း အင်ဂျင်နီယာတစ်ဦးက ဖခင်၏ခွင့်ပြုချက်ဖြင့်ခေါ် ဆောင်လာခြင်းဖြစ်သည်။ အလုပ်မဝင်မီအတွေ့အကြုံရယူလိုသောဆန္ဒဖြင့် နန္ဒာကိုယ်တိုင်လည်းလိုလိုလားလား လိုက်ပါခဲ့သည်။ လုပ်ငန်းခွင်နှင့်အနီးဆုံးဖြစ်သော ကလောမြို့မှာ သူတည်းခိုခွင့်ရခဲ့သည်။ နွေရာသီဖြစ်၍ တောင်ပေါ်မြို့လေးမှာနေရသည့်အရသာကို နန္ဒာအတော်ကြီးသဘောကျနှစ်ခြိုက်မိသည်။ အရေပြားထဲအထိစိမ့်ဝင်လောက်အောင် အေးမြစိုစွတ်သော အငွေ့အသက်တို့ဖြင့် အမြဲလိုလို ထုံမွှမ်းထားပြီး မြို့လေး၏ တည်နေပုံကလည်း ဂန္ထဝင်

ဆန်လှသည်။ နိုင်ငံခြားဇာတ်လမ်းတွဲ အချို့မှာ လှေကားဖြင့် တောင်ကုန်းပေါ်အထိ တက်သွားရသော အိမ်အချို့၏ တည်နေပုံကို နှစ်သက်လွန်း၍ မကြာခဏ ချီးကျူးမိသော နန္ဒာက ကလော ရောက်သည့်အခိုက်မှာ ပါးစပ်အဟောင်းသားဖြင့် အံ့ဩမကုန် အောင် ဖြစ်ရသည်။ တောင်ကုန်းပေါ်မှာ အဆင့်ဆင့်တည်ဆောက် ထားသော အိမ်များကို အဝေးမှကြည့်လျှင် တမင်ဖန်တီးယူထား သော ရုပ်ရှင်မြင်ကွင်းတစ်ခုလားဟု ထင်မှားရသည်။

နွေရာသီအပန်းဖြေမြို့အဖြစ် ရှေးအဆက်ဆက်ထင်ရှားခဲ့ သော်လည်း ဒီမျှအထိ ဆိတ်ငြိမ်လှမ်းမောဖွယ်ကောင်းမည် မထင် ခဲ့။ ဒီမျှလှပပြီး ဂန္ထဝင်ဆန်လိမ့်မည်ဟုလည်း သူ မတွေးခဲ့။ အဖွင့် အပိတ်တံခါးပါသော လှေကားဖြင့်တက်သွားရသည့် တောင်ပေါ် မှ မီးခိုးခေါင်တိုင်ပါသော ရှေးအိမ်ကြီးအချို့ကို မြင်ရခိုက် တံခါး ဖွင့်၍ လှေကားအတိုင်းပြေးတက်သွားချင်စိတ်ကို မနည်းကြီးချိုး နှိမ်ထားရသည်။ ရှေးဆန်သောလက်ရာနှင့် တိမ်တွေကို ဆွတ်ချူ းလို့ရလောက်အောင် လွှင့်လွှင့်မြင့်မြင့်ရှိနေ၍ တစ်ခါတစ်ရံ ထို အိမ်ကြီးများဆီ နန္ဒာပြေးသွားချင်စိတ်ဖြစ်မိသည်။ ထို့အတူ အလုပ် ခွင်ရှိရာလာသည့်အခိုက် နံနက်တိုင်းမြင်တွေ့နေရသော သဘာဝ ရှုခင်းများကလည်း နန္ဒာစိတ်ကိုဆွဲဆောင်လွန်းလှသည်။ ကမ်းပါးယံ ကိုပတ်၍ ဖောက်လုပ်ထားသော ကားလမ်းအနေအထားအရ တစ်ဖက်မှ ချောက်ဖြစ်ပြီး၊ တစ်ဖက်မှ မတ်စောက်သော တောင် တန်းကြီးများဖြစ်နေ၍ ကားစီးရင်းစိတ်လှုပ်ရှားရသည့် အရသာ ကိုလည်း နန္ဒာနှစ်သက်မိသည်။

ချောက်နှုတ်ခမ်းမှာပေါက်နေသည့် သစ်ပင်ကြီးများ၏ ထိပ်များကို မကြာခဏခူးဆွတ်ချင်စိတ်ဖြစ်မိသော်လည်း တစ်ဖက်တောင်ကမ်းပါးယံမှာပေါက်နေသည့် မိုးကောင်းကင်နှင့်ထိစပ်လုနီးသစ်ပင်ကြီးများကိုမြင်ရခိုက် ဘယ်အချိန်လဲကျလာမလဲဟုတွေးရင်း စိုးရိမ်စိတ်ဖြစ်ရသည့် နေ့များလည်းရှိသည်။ အထူးခြားဆုံးက ကျယ်ဝန်းပြီး ဒယ်အိုးပုံသဏ္ဌာန်ရှိသည့် ချောက်ကြီးအတွင်းမှာ စုရုံးပေါက်နေသော သစ်ပင်ကြီးများပေါ်မှာ ပါးပါးလွှာလွှာမြူနှင်းများ အုံ့ဆိုင်းနေပြီဆိုလျှင် နန္ဒာစိတ်လှုပ်ရှားလွန်း၍ မကြာခဏလှမ်းကြည့်မိခြင်းဖြစ်သည်။ တစ်ခါတစ်ရံ ဒယ်အိုးတစ်ခုအတွင်းမှာ ဆီပူဖြင့်ထည့်ကြော်ထားသော အငွေ့တထောင်းထောင်းထနေသော ဟင်းရွက်များနှင့်တူလွန်းသည်ဟုပင် အထင်ရောက်မိသည်။ ဤမျှစိတ်ကူးယဉ်ဆန်သော နန္ဒာအဖို့က ကားလမ်းဘေးမှာရှိနေသည့် အိမ်ကလေးများနှင့်မတ်စောက်သော တောင်ကမ်းပါးယံမှာ ဆောက်ထားသည့်အိမ်အချို့ကို မြင်ခိုက်မှသာသဘာဝကိုလက်တွေ့ကျကျ နားလည်ခံစားမိလာခဲ့သည်။

အထူးသဖြင့် နန္ဒာတို့လုပ်ငန်းခွင်ရှိသည့် မိုင်တိုင်ချောက်ဆယ်ဝန်းကျင်လမ်း အခြေအနေကို မြင်တွေ့ရခိုက်မှာ သဘာဝပို၍ပြီးပီပြင်လာသည်။ ချောက်နက်ပြီး အကွေ့အဝိုက်တွေများလွန်းသလိုကားလမ်းနှင့်တစ်ဆက်တည်းဖြစ်သော တောင်ကမ်းပါးယံ၏အောက်ခြေမှာ တောင်ပေါ်မှစီးကျသော မိုးရေ၏တိုက်စားမှုကြောင့် ရေဝပ်သောချိုင့်ခွက်များရှိနေသည်။ ထိုချိုင့်ခွက်များက

နွေရာသီပင်ဖြစ်သော်လည်း အနီရောင်ရေများဖြင့် ပြည့်နေတတ်သည်။ ထိုရေများက အဝတ်အစားများစွန်းထင်းလျှင်တောင် ကြည့်မကောင်းအောင် ရဲတွတ်နီဆွေးနေတတ်သည်။ ထိုအခြေအနေကြောင့်လည်း "လမင်း" ဆိုသော မောင်လေးအရွယ်ကလေးတစ်ယောက်ကို သူကောက်ရခဲ့ခြင်းဖြစ်သည်။

နန္ဒာကြီးကြပ်သည့်အလုပ်သမားအဖွဲ့တွင် လမင်းသည် အသက်အငယ်ဆုံး အလုပ်သမားတစ်ယောက်ဖြစ်သည်။ အချို့နေရာများမှ ကတ္တရာတို့ပေကျံလျက်၊ အချို့နေရာများမှာ မြေနီစက်တို့စွန်းထင်းလျက် ရုပ်မပေါ်အောင်ရှိသော်လည်း သွက်လက်ချက်ချာပြီး အမြဲလိုလိုပြုံးရွှင်နေသော မျက်နှာလေးကြောင့် လူချစ်၊ လူခင်များသူ တစ်ယောက်လည်းဖြစ်နေသည်။ နုနယ်သော မျက်နှာလေးကြောင့် အသက်ကိုအလွယ်တကူခန့်မှန်း၍ ရသလိုထွားကျိုင်းသောခန္ဓာကိုယ်က အရွယ်ရောက်ပြီး လူငယ်တစ်ယောက်လို ဖွံ့ဖြိုးမှုရှိနေ၍ အလုပ်ခိုင်းသည့်အခါလည်း လမင်းကို အားနာရန်မရှိခဲ့။ မှတ်မှတ်ရရထိုနေ့က နံနက်ပိုင်းမှာ မိုးအနည်းငယ်ရွာ၍ တောင်ခြေချိုင့်အတွင်းမှာ ရေဝပ်အိုင်ကြီးဖြစ်နေခဲ့သည်။ အလုပ်သမားများကို စောင့်ကြည့်ရင်းအနည်းငယ်နေရောင်မြင့်လာသည့်အခိုက် အရိပ်ခိုရန် ထိုအိုင်အနီးတစ်ပိုက်သစ်ပင်ရိပ်များဆီ နန္ဒာ လျှောက်လာခဲ့သည်။ ထိုခဏ တိုက်တိုက်ဆိုင်ဆိုင် မျက်နှာချင်းဆိုင်ကားနှစ်စီး ရှောင်နေသည့်အချိန်ဖြစ်၍ကျဉ်းနေသော လမ်းပိုင်းအနေအထားအရ ရပ်ပြီးရှောင်ပေးနေသောကားက ရုတ်တရက် ထိုရေအိုင်အစပ်ကို ကျသွားခဲ့သည်။

အနည်းငယ်ရွေ့လိုက်၍ ကားဘီး ချော်ကျသွားဟန်တူသည်။ ဗွမ်းခနဲမြည်သံနှင့်အတူ အနီရောင်ရေစက်အချို့က နန္ဒာခန္ဓာကိုယ်တစ်ခုလုံး အပွင့်ရိုက်ထားသလို ဖြစ်သွားခဲ့သည်။ အလုပ်သမားအချို့လှမ်းကြည့်ရင်း မှင်တက်အံ့သြနေသော်လည်း လမင်းကငယ်ရွယ်ဖျတ်လတ်သူပီပီ နန္ဒာအနားသို့ အရောက်ပြေးလာသည်။ သူပြေးလာသည့်ပုံစံကလည်း တကယ့်ကလေးလေးတစ်ယောက်လို ဖြစ်နေသည်။

"အစ်မ ပေကုန်ပြီ"

"ရပါတယ်"

အမောတကော ပြောပုံလေးကြောင့်ပင် နန္ဒာအားတုံ့အားနာ ဖြစ်မိသည်။

"နေဦး ကျွန်တော် ရေခပ်ပေးမယ်"

ပြောပြောဆိုဆို ပြေးထွက်သွား၍ နန္ဒာတားချိန်မရခဲ့။ ခဏအကြာ ရေပုံးကြီးယူပြီး ပြန်ရောက်လာ၍ မြန်ဆန်မှုကို အံ့သြမိသည်။ မတတ်သာသည့်အဆုံး သူခပ်လာသည့် ရေကိုအသုံးပြုရင်းပေကျံသွားသည့်နေရာများကို ဆေးကြောရသည်။

"ခြေဖနောင့်မှာ ရှိသေးတယ် အစ်မ"

စေ့စေ့စပ်စပ်ကြည့်ပြီး လိုက်ပြောပေးနေသည်။ နန္ဒာကြည့်လိုက်တော့လည်း ခြေဖနောင့်မှာ မြေနီရေသာမက ညိုညစ်ညစ်ဗွက်ရေကွေ ပါရှိနေ၍ နန္ဒာကျေးဇူးတင်စကား ဆိုလိုက်မိသည်။

"ကျေးဇူးပဲ မောင်လေး"

သူ့မျက်လုံးလေးဝိုင်းသွားသည်ကို သတိထားမိရုံသာမက အရောင်တစ်မျိုးလက်သွားသည်ဟုပင် ထင်လိုက်မိသည်။ တကယ်တော့လည်း နန္ဒာမောင်လေးအရွယ်ပါပဲ၊ အလွန်ဆုံးရှိလှ အသက်ဆယ့်နှစ်နှစ်၊ ဆယ့်သုံးနှစ်ရယ်ပါ"

"ရေလိုသေးလား အစ်မ"

"မလိုတော့ပါဘူး"

ကောင်လေး လှည့်ပြန်သွားဖို့ပြင်သည်။

"နေဦး မင်းနာမည်က "

ကျေးရွာရှင်လေးကို အမည်သိချင်မိသည်။

"လမင်းပါ အစ်မ"

အမည်လေးကို ကြားလိုက်ရုံဖြင့် စိတ်ထဲအေးချမ်းသွားသလိုရှိသည်။

"အသက်ရော ဘယ်လောက်ရှိပြီလဲ"

ကိုယ့်အလုပ်သမားလည်းဖြစ်၊ ကိုယ့်ကိုအကူအညီပေးသူလည်းဖြစ်၍ သူကလေးအကြောင်းကို အတွင်းကျကျသိချင်လိုက်မိသည်။

"ဆယ့်သုံးနှစ် "

ငယ်မည်ဟု ခန့်မှန်းမိသော်လည်း ဒီလောက်အထိ ငယ်မည်မထင်ခဲ့။ အသက်နှင့်အရွယ်ဖွံ့ဖြိုးမှုက ကွာဟနေ၍ ကောင်လေးမျက်နှာကို နန္ဒာမော့ကြည့်လိုက်သည်။

"အဘွားပြောတာပဲ"

"ဟာ"

နောက်ဆက်တွဲစကားကြောင့် မျက်နှာကို ဒုတိယအကြိမ် ပြန်ကြည့်လိုက်သည်။

"ဟုတ်တယ်၊ အဘွားက ပြောထားတာ၊ ကျွန်တော်တို့ မိသားစုက အဘွားရှိတဲ့ သရက်ပုကိုရောက်တာ ကျွန်တော် ငါးနှစ် သားအရွယ်တဲ့၊ အခုဒီမှာနေတာ ရှစ်နှစ်ရှိပြီဆိုတော့ ဆယ့်သုံး နှစ်ပဲဖြစ်ပေါ့"

"ဪ"

အသက်ကိုပင် ရေရေရာရာမသိသူလေးအဖြစ် နန္ဒာသနားလိုက်မိသည်။

"မင်းကျောင်းနေခဲ့ဖူးတယ် မဟုတ်လား"

"နေခဲ့ဖူးတယ်၊ ဒါပေမဲ့ လေးတန်းထိပဲနေခဲ့ရတာ၊ ဒီတုန်းက ကျွန်တော်တို့ မန္တလေးမှာနေခဲ့တာ၊ အဖေရယ်၊ အမေရယ်၊ ညီမလေးရယ်၊ ပျော်စရာအရမ်းကောင်းတာပဲ၊ ခုတော့ . . ."

တစ်ပိုင်းတစ်စ ရပ်ပစ်လိုက်သောစကားက သိချင်စိတ်ကို နှိုးဆွလိုက်သလိုရှိသည်။ အနည်းငယ်မှိန်ဖျော့သွားသော မျက်လုံးအစုံကိုသတိထားမိလိုက်သော်လည်း အပြုံးအရယ်မပျက်သော မျက်နှာလေးကြောင့် အားမနာတမ်း ဆက်မေးဖြစ်သည်။

"ခုတော့ ပျော်စရာ မကောင်းတော့ဘူးလား"

ခေါင်းကို ဖြည်းလေးစွာခါလိုက်ရင်း တစ်စုံတစ်ရာကို စဉ်းစားသလိုနှင့် ကောင်လေးငြိမ်သွားသည်။ နန္ဒာကိုယ်တိုင်လည်း ဆွေမျိုးသားချင်းနည်းပါးပြီး အပေါင်းအဖော်ကို ခင်တွယ်တတ်သူဖြစ်၍ ကောင်လေးအကြောင်းကို စိတ်ဝင်စားနေမိသည်။

"အစ်မ၊ ဖားကန့်ဆိုရင် အဝေးကြီးလား၊ ဒီကနေဘယ်လိုသွားရင် ရောက်လဲ"

"ဝေးမှာပေါ့၊ အစ်မလည်း မသွားဖူးဘူး"

"ကျွန်တော်အလုပ်လုပ်ပြီး ပိုက်ဆံစုနေတာ၊ ဖားကန့်ကို လိုက်သွားချင်လို့၊ ဖားကန့်မှာ အဖေရှိတယ်တဲ့၊ အမေ့ကို တွေ့ပြီးရင် အဖေနဲ့ညီမလေးကို လိုက်ရှာချင်တယ်"

ဇာတ်လမ်းတစ်ပုဒ်ကို နားထောင်ရသလို ရင်ထဲစွဲငြိသွားသည်။ တည်ငြိမ်သွားသောမျက်နှာနှင့် ရိုဝေဝေမျက်လုံးအစုံကြောင့် ဆက်မမေးသင့်ဟု နားလည်လိုက်သော်လည်း ကာယကံရှင်ကိုယ်တိုင်က ဆက်ပြောလာ၍ နားထောင်လိုက်ရသည်။

"အဖေက ခဏလေးဆိုပြီး ထွက်သွားတာ ကိုးနှစ်ကြာတယ်၊ အမေနဲ့ညီမလေးက အဖေ့ကို သွားရှာမယ်ဆိုပြီး ထွက်သွားလိုက်တာ ခုနစ်နှစ်ကြာတယ်၊ ကျွန်တော်လည်းဘာလုပ်ရမှန်းမသိတော့ အဘွားနဲ့နေရင်း အလုပ်လုပ်နေတာ၊ တကယ်လို့ အစ်မဖားကန့်ဘက်ရောက်ခဲ့ရင် စုံစမ်းပေးပါနော်၊ ကျွန်တော်အဖေအမည် . . ."

လှိုက်လှိုက်လှဲလှဲ ခေါင်းညိတ်ပြလိုက်မိသည်။ အရွယ်နှင့်မလိုက်သော လောကဓံကို ခံစားခဲ့ရသည့် ကလေးတစ်ယောက်ကို အနည်းငယ်သော မျှော်လင့်ချက်ရောင်ခြည်လေးဖြစ်ဖြစ် နန္တာပေးချင်မိသည်။ မျှဝေခံစားပေးလိုသော စိတ်ရင်းကြောင့်လည်း ပါသည်။

"အစ်မက တာဝန်နဲ့ဆိုတော့ ရောက်ချင်လည်း ရောက်မှာပါ၊ ဖားကန့်ရောက်ရင် စုံစမ်းပေးပါ့မယ်"

"ဟာ ဝမ်းသာလိုက်တာ အစ်မရာ"

"တကယ်နော် အစ်မ"

နန္ဒာခေါင်းညိတ်ပြလိုက်သည်။

"ကျွန်တော်အဖေ့ကို တွေ့ရင်တော်ပါပြီ။ အမေနဲ့ညီမလေးက မိန်းကလေးတွေဆိုတော့ အဝေးကြီး မသွားနိုင်ပါဘူး၊ အဖေနဲ့နှစ်ယောက်ပေါင်းပြီး ရှာလိုက်ရင်ရပါတယ်၊ အစ်မ သာဆက်ဆက်ရှာပေးနော်"

ဒုတိယအကြိမ် ခေါင်းညိတ်မိပြန်သည်။ အပျော်ဖြင့်ဝင်းပသွားသော မျက်နှာလေးကို အမှတ်ထင်ထင်ကြည့်မြစ်နိုက် မျက်လုံးအောက် ဖက်ပါးမို့မို့မှာ ထင်ရှားသော အမာရွတ်တစ်ခုကို သတိထားလိုက်မိသည်။ နောက်နေ့တွေမှာ မေးကြည့်ရန် စိတ်ကူးရသည်။ တစ်ကြိမ် ပြန်ဆုံသည့်နေ့မှာတော့ နန္ဒာအမှတ်ထင်ထင် မေးကြည့်မိသည်။ ထိုခဏမျက်နှာကို လက်ဝါးဖြင့်အုပ်ရင်းသူရယ်သည်။ တကယ့်ကို ရှက်စနိုးနှင့်ရယ်နေသော မျက်နှာလေးက ကလေးတစ်ယောက်လို ချစ်စရာကောင်းလှသည်။ နန္ဒာ မောင်လေးသာ ဖြစ်လိုက်ပါတော့ ဟု တွေးမိသည်။

"မျက်လုံးနဲ့ နီးနီးလေးနော် "

"ဟုတ်တယ် အစ်မ၊ ဒဏ်ရာက ဖြစ်တုန်းကတော်တော် လေးကြီးတယ်"

"ဟုတ်လား၊ ဘယ်လိုဖြစ်တာလဲ "

"ဒီတုန်းက အမေနဲ့ညီမလေး ထွက်သွားခါစပေါ့ "

သူ့မျက်နှာက အဝေးကို မျှော်ကြည့်ရင်း တစ်စုံတစ်ရာကို ပြန်လည်မှန်းဆနေပုံရသည်။

"ကျွန်တော်က ပြန်လာနိုးနိုးနဲ့ ညနေတိုင်း ဇိဗ်ရှေ့က သရက်ပင်ကြီးပေါ် တက်ကြည့်တာ၊ ဟိုးတောင်ပေါ်က ကားကြီးတစ်စီးဆင်းလာတိုင်း အမေနဲ့ညီမလေးပါမလားဆိုပြီး အော်ခေါ်နေခဲ့တာ၊ ကြာတော့အဘွားကစိတ်ဆိုးပြီး လိုက်ရိုက်ရော၊ ပြေးရင်းကျောက်တုံးပေါ် ချော်လဲတာလေ "

"ဖြစ်မှဖြစ်ရတယ် ဟယ် "

အပြုံးမပျက်ဆက်ပြောနေသော်လည်း မျက်လုံးထဲမှာ ကြေကွဲမှုအရိပ်အယောင်တွေရှိနေမှန်း မြင်သာလှသည်။

"အဘွားက ပြောတယ်၊ ကျွန်တော်က အမေရော ညီမလေးရော လို့ အော်ခေါ်လိုက်တိုင်း သူ့ရင်ဘတ်ကို တစ်ယောက်ယောက်က လက်ကြမ်းကြီးနဲ့ လာညှစ်နေသလိုပဲတဲ့၊ ဒါနဲ့ စိတ်ဆိုးပြီး လိုက်ရိုက်တာ"

ရင်ထဲနင့်သွားလောက်အောင် ခံစားလိုက်ရသည်။

"တစ်နေ့နေ့ ပြန်ဆုံကြမှာပါကွယ် "

အမှန်တကယ်လည်း ဆန္ဒဖြစ်မိသည်။ ကိုယ်တိုင်က ငြိမ်းချမ်းပြည့်စုံသော ဘဝတစ်ခုကို ပိုင်ဆိုင်ခွင့်ရထား၍ တစ်ပါးသူ၏ ကွက်လပ်မှန်သမျှလည်း ဖြည့်ဆည်းပေးချင်သည်လား မပြောတတ်။ ခိုင်တိုင် ခြောက်ဆယ်ကျော်ဝန်းကျင် လမ်းပိုင်းတစ်လျှောက်လုံး ကောင်လေးအတွက် ဖေးဖေးမမ နန္တာနေပေးခဲ့သည်။ သူကလေး

ကလည်း နန္ဒာလိုအပ်သမျှကို အနိုပ်အကဲကြည့်ရင်း ဖြည့်ဆည်းပေးလေ့ရှိသည်။ အရွယ်နှင့်မမျှသော ဘဝပေးအသိကြောင့်ထင်သည်။ အကင်းပါးအလိုက်သိမှုက သူတကာထက်ထူးခြားနေခဲ့သည်။ ထိုအခြေအနေကြောင့်လည်း သူလေးနှင့်ပိုမိုရင်းနှီးခဲ့ရသည်။

* * * * *

"အစ်မ ဟိုးကအိမ်ကလေးတွေကို ကြည့်ပါဦး"

ရေနံရောင်မဟုတ်ပါဘဲ ပကတိသစ်သားရောင်ကို အရောင်တင်ထားပြီး သံဆန်ခါကွက်များဖြင့် ဆောက်လုပ်ထားသော တောင်ခြေကားလမ်းဘေးမှ အိမ်ကလေးအချို့ကို လမင်းညွှန်ပြသည်။

"ဟုတ်ပါရဲ့၊ အိမ်ကလေးတွေ သေသပ်လိုက်တာ"

"အလယ်က အိမ်ကလေးက ပိုပြီးထူးခြားတယ်နော် ကျွန်တော်တို့ မိသားစုပြန်ဆုံရင် အဲ့ဒီအိမ်ကလေးမျိုးနဲ့ နေချင်လိုက်တာ "

အခြားအိမ်များထက် ထူးခြားစွာ သံဆန်ခါကွက်များကို အပြာရောင်ဆေးသုတ်ထား၍ ပြာလွင်ငြိမ်းချမ်းနေသော အိမ်ကလေးကလမင်းပြောလည်း ပြောချင်စရာပါ။ စိတ်ကူးယဉ်စရာကောင်းလောက်အောင် မြှုပြင်ထားသည့် အိမ်ရှေ့ပန်းခင်းကလေးကလည်း အိမ်ကလေးကို ပိုပြီးကျက်သရေ ရှိစေသည်။ ပန်းခင်းကလေးမှာပွင့်နေသည့် ပန်းအချို့က နန္ဒာအမည်မဖော်တတ်လောက်အောင် ဆန်းပြားလှပလွန်းသည်။ အရွက်နည်းပါးပြီး အပွင့်များသာရှိသော ပန်းများဖြစ်၍ သစ်ခွမျိုးစိတ်ဟုတော့ ထင်မြင်မိသည်။

မြေပြင်မှတစ်တောင်သာသာခန့်မှာ အပွင့်ကားကားကြီးများဖြင့် ရောင်စုံပွင့်နေသော ပန်းအချို့ကိုတော့ အောက်အရပ်မှ ခေတ္တာ ပန်းနှင့်ဆင်ဆင်တူသည်ဟု တွေးလိုက်မိသည်။

"အစ်မ, ပန်းပန်မလား၊ ကျွန်တော်သွားတောင်းပေးမယ်"
ခေါင်းပေါ်မှာ ဦးထုပ်တစ်လုံး အမြဲရှိနေသည့် နန္ဒာကိုမေးလာသည့် လမင်းစကားက နောက်ပြောင်သလို ဖြစ်နေသည်။

"အစ်မ ဘယ်လိုပန်းပန်မလဲ"
ခေါင်းပေါ်မှ ဦးထုပ်ကိုလက်တစ်ဖက်ဖြင့် ကိုင်ပြရင်းပြောလိုက်မှ သူသဘောပေါက်သည်။

"အစ်မ တကယ်မတရားဘူးနော်"

"ဘာကိုလဲ "
အဆက်အစပ်မရှိသော စကားဖြစ်၍ နန္ဒာပြန်မေးလိုက်သည်။ ယခု နောက်ပိုင်းတစ်ယောက်နှင့်တစ်ယောက် ရင်းနှီးခင်မင်လာ၍ လမင်းတစ်ယောက် မကြာခဏ စကားအထူးအဆန်းများဖြင့် စိတ် ထဲရှိရာပြောလာတတ်သည်။ နန္ဒာမေးစဉ် ထုံးစံအတိုင်းရယ်ကျဲကျဲ လုပ်ရင်း တစ်ဖက်မှမြင့်မားမတ်စောက်သော တောင်ကြီးကို တစ်လှည့်၊ တစ်ဖက်မှနက်ရှိုင်းသော ချောက်ကြီးကိုတစ်လှည့် သမင် လည်ပြန်ကြည့်နေသည်။

"သူကတော့ မြင့်လိုက်တာ မိုးထိလုမတတ်ဘဲ၊ ဒီဘက်မှာ
တော့နိမ့်လွန်းလို့ ချိုင့်ကြီးကိုဖြစ်လို့"
သစ်ပင်များကိုပင် ရေးရေးမျှမြင်ရသော လမ်းတစ်ဖက်မှချိုင့်ကြီးကို ငုံ့ကြည့်ရင်း တတွတ်တွတ်ပြောနေ၍ နန္ဒာငေါက်လိုက်မိသည်။

"လမင်းအလုပ်ကို အာရုံစိုက်လေ၊ ခြေချော်ကျဦးမယ်"

ပေါ့ပေါ့ပါးပါးနှင့် တောက်တိုမည်ရသာခိုင်းဖြစ်သော လမင်းက ကလေးတစ်ယောက်လို ဟိုပြေးဒီပြေးဖြစ်၍ မကြာခဏလည်း အော်ရ ငေါက်ရသည်။ သူပြောသလို တောင်ထိပ်မှာပေါက်နေသော လွှင့်လွှင့်မြင့်မြင့် ထင်းရှူးပင်ကြီးများကို နန္ဒာမကြည့်ရဲ၊ တိမ်ဆုပ်ဖြူဖြူတွေက အောက်ဘက်မှာရှိနေပြီး ထင်းရှူးအကိုင်းအခက်များကို မိုးကောင်းကင်နှင့်ထိစပ်နေသလို ထင်ရသည်။ တစ်ခါတစ်ရံ တိမ်စိုင်အချို့ ထင်းရှူးပင်မှာပွင့်နေသည့် အပွင့်တွေကို အဆုပ်လိုက်ငြိတွယ်နေတတ်သေးသည်။

တစ်ဖက်ချောက်အနေအထားကလည်း လမင်းပြောချင်စရာပါ။ နက်ရှိုင်းလွန်း၍ ခြေဖဝါးထဲ ကျင်တက်သွားလောက်အောင် အသည်းယား၊ နလုံးခုန်ဖြစ်ရသည်။

"အစ်မ၊ ကျွန်တော်လုပ်နိုင်ရင် ဟိုးတောင်ပေါ်က မြေကြီးတွေကို ဒီချောက်ထဲဖို့လိုက်မယ်"

"ဘယ်လို လမင်း"

ကလေးစကားဖြစ်သော်လည်း အတွေးအဆပါသော စကားဖြစ်၍ နန္ဒာပြန်မေးလိုက်သည်။

"တောင်ပေါ်မြေကြီးတွေကို ချောက်ထဲပို့လိုက်မှ တစ်ပြေးညီတည်း ဖြစ်သွားမှာပေါ့ အစ်မရဲ့၊ ဒါမှလည်း တရားမျှတမှုရှိမှာပေါ့"

ကလေးဆန်စွာ ပြောလိုက်သော်လည်း ဓာတ်ဝမှပေးလာသော ခံစား

ချက်များဖြစ်၍ နန္ဒာစိတ်မကောင်းဖြစ်မိသည်။ ဖြေသိမ့်စကားကို အပြေးအလွှားရှာရသည်။

" လမင်းက ငယ်သေးလို့ မသိတာပါ၊ ဘဝဆိုတာ ဒီလိုပါပဲ၊ အချို့ကချောက်ထဲမှာ၊ အချို့က တောင်ပေါ်မှာ၊ အလယ်ကတော့ တို့တွေအားလုံးလျှောက်နေတဲ့ လမ်းကြီးပေါ့၊ ဒီလိုလျှောက်ရင်းနဲ့ပဲ အချို့ကချောက်ထဲရောက်၊ အချို့က တောင်ပေါ်ရောက်သွားကြတာပါပဲ "

လမင်းက မျက်တောင်လေးပုတ်ခတ်၊ ပုတ်ခတ်လုပ်ပြီး နားမလည်သလို ပြန်ကြည့်နေသည်။ ဘာတွေပြောနေတာလဲဟု တွေးနေပုံရသည်။ သူ့စကားကိုလည်း သူပြန်မရှင်းတတ်။ မြူတွေဆိုင်းနေသော တောင်တန်းညို့ညို့ကြီးတွေကို အဝေးသားကြည့်ရင်း ထိုင်နေခဲ့သည်။ ထိုညနေက သူနှင့်လမင်းတို့နောက်ဆုံးတွေ့သည့် ညနေသာ ဖြစ်သည်။

* * * * *

နှစ်လဆိုသော အချိန်ကာလက ကြာလှသည်မဟုတ်ပါ။ နန္ဒာအတွက်ကာပိုလို့ တိုတောင်းလှသည်။ အလုပ်ဝင်ခွင့်အတွက် စာမေးပွဲဖြေ၊ အင်တာဗျူးများနှင့် တွေးလုံးရစ်ပတ်နေသော နန္ဒာက မိတ္ထီလာ-တောင်ကြီးလမ်းစီမံကိန်း မိုင်တိုင်ခြောက်ဆယ်ကျော် ဝန်းကျင်လမ်းပိုင်းပြုပြင်မှုအခြေအနေ၊ လမင်းဆိုသောကောင်လေး တစ်ယောက်အပါအဝင် အရာအားလုံးကိုမေ့လျော့နေခဲ့သည်။ အလုပ်ကိစ္စအတွက် အမြန်ပြန်လာပါဟု ဖုန်းဆက်ခေါ်သော မိဘနှစ်ပါးကြောင့်ရန်ကုန်သို့ အမြန်ပြန်ဆင်းလာသောနန္ဒာက လမင်း

ကိုလည်း နှုတ်မဆက်နိုင်ခဲ့။ ထိုအခြေအနေတစ်ခုက ဒီမျှကြေကွဲစရာကောင်းသော သတင်းတစ်ခုကို သယ်ဆောင်လာလိမ့်မည်ဟု နန္ဒာ လုံးဝမထင်တတ်ခဲ့။

"ဒါဒါ ပြန်ပြီး တစ်လအကြာ ဒီကောင်လေး အပြင်းဖျား တယ်ကြားတယ်၊ အဲ့ဒီအရင်အန်ကယ့်နားမှာ သူယောင်လည်လည်လုပ်နေသေးတယ်၊ အန်ကယ်ကလည်း ကိုယ့်အလုပ်နဲ့ကိုယ်ဆိုတော့ သူ့ကိုအမှတ်တမဲ့ပဲ၊ နောက်ဆုံး သူနေမကောင်းလို့ဆိုတဲ့ သတင်းရောက်လာပြီး အလုပ်လည်းမဆင်းတော့ဘူး၊ နောက်ပိုင်းတော့ သူဆုံးသွားပြီဆိုတဲ့ သတင်းကြားရတာပါပဲ"

"ဖြစ်မှဖြစ်ရလေ လမင်းရယ် "

နန္ဒာ အံ့ဩကြေကွဲလွန်းစွာ ရေရွတ်လိုက်မိသည်။

"အေးလေ၊ အန်ကယ်တို့လည်း အံ့ဩနေတာ၊ သူ့ကြည့်ရတာ ကျန်းကျန်းမာမာပဲဟာ၊ ဖျတ်ဖျတ်လတ်လတ်နဲ့ လုပ်ကိုင်နေတာ အရွယ်နဲ့တောင်မလိုက်ဘူး"

နုငယ်သော မျက်နှာလေးနှင့်အမြဲလိုလို အလိုက်သိသိဖြင့် သွက်လက်ဖျတ်လတ်စွာ သွားလာနေသော ဟန်ပန်လေးကို ပြန်လည်မြင်ယောင်မိသည်။

"ဒါပေမဲ့ ဒါဒါ့အပေါ်မှာတော့ ဒီကလေးတော်တော် သံယောဇဉ်ကြီးပုံရတယ်၊ ဒါဒါပြန်မရောက်လာတော့ အန်ကယ့်ကိုသူမေးချင်နေလား မသိဘူး၊ နောက်ဆုံး မမေးရဲတော့သူစိတ်ထဲရှိတဲ့အတိုင်း ကျောက်ကမ်းပါးယံ စာရေးခဲ့တာ"

" ရှင် "
မထင်မှတ်သော စကားကြောင့် နန္ဒာနားမရှင်းစွာ ပြန်မေးလိုက်မိသည်။

"ဟုတ်တယ်၊ ကလောအတွက် လမ်းဘေးကကျောက်ကမ်းယံမှာ ဒါဒ့်နာမည်ကို စာလုံးအနီနဲ့ အကြီးကြီးရေးခဲ့တာ၊ အဝေးက ကြည့်ရင်တောင် အထင်းသားမြင်ရတယ်"

ဒုတိယအကြိမ်ထပ်ပြောရင်း ရှာဖွေကြည့်လာသော မျက်ဝန်းထဲမှ အရိပ်တချို့ကို အထိတ်တလန့် ရှောင်လွှဲပစ်လိုက်မိသည်။ မဟုတ်ရပါ။ အနာတရရှိသော နှလုံးသားလေးတစ်ခုအတွက် မှီတွယ်အားထားရာမဟုတ်သည့်တိုင် အခိုက်အတန့်တွေ့ခိုက်မှာ ဖြေသိမ့်ပေးလိုသော စိတ်ဆန္ဒတစ်ခုသာရှိခဲ့သည်။ စွန်းထင်းငြိတွယ်စေလိုသော အပြုအမူ၊ အပြောအဆိုများတစ်စုံတစ်ရာမရှိခဲ့မှန်း ရှင်းနှင့်ရင်း၍ နန္ဒာပြောရဲသည်။ ဘာကြောင့်များ ဒီလိုလုပ်ခဲ့ရတာလဲ လမင်းရယ်။

"ဒါပေမဲ့၊ သူကံကြမ္မာနဲ့သူဖြစ်တာပါ၊ အရွယ်နဲ့မလိုက်တဲ့ အလုပ်တွေလည်း တစ်ခါတစ်ရံလုပ်ရတာရှိတော့ ပင်ပန်းပြီး ဖြစ်တာနေမှာပေါ့၊ ကောင်လေးကမိဘတွေမရှိလို့ အဘွားနဲ့နေပြီး သူ့အဘွားကိုလုပ်ကိုင် ကျွေးနေတာတဲ့လေ"

နှစ်သိမ့်စကားဖြစ်သော်လည်း ထိုစကားက နန္ဒာရင်ကို ပိုလို့ ထိခိုက်နာကျင်စေသည်။

" အစ်မ, ရှာပေးနော်၊ အဖေတို့တွေ့ရင်ပြောပေးနော်"

မျှော်လင့်ချက် မျက်ဝန်းလေးများဖြင့် မကြာခဏပြောတတ်သော

စကားတစ်ခွန်းကို ပြန်လည်ကြားယောင်ခိုက်မှာ နန္ဒာမျက်ရည်ကျ မိသည်။ ထင်လိုရာထင်စေတော့၊ ရင်းနှီးကျွမ်းဝင်ခဲ့ရသော ကလေး တစ်ယောက်အတွက် ဒီမျှပေးဆပ်ခံစားခွင့်မရှိခဲ့လျှင် ဘဝ တစ်လျှောက်လုံး နန္ဒာဖြေနိုင်တော့မည်မဟုတ်။

လူတိုင်းအတွက် ကံကြမ္မာသည် မှောင်တစ်လှည့်၊ လင်းတစ် လှည့်ဟု နန္ဒာနားလည်ထားသည်။ လမင်းဆိုသော ကလေး တစ်ယောက်အတွက်မူ ------။ ဘဝဆိုတော သံသရာမှာ အဖန်ဖန် ဖြစ်ခြင်းလို့ လမင်းယုံကြည်လက်ခံလျှင် ဘဝများစွာတိုင်း လမင်း ဟူသော အစည်လေးနှင့်လိုက်ဖက်နိုင်ပါစေဟု ဆုတောင်းပေးလိုက် ချင်ပါသည်။

* * * * *

၂၀၁၂ ခုနှစ် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု
ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ

# ဆောင်းပေါင်းမိုး အမှတ်တရဝတ္ထုတိုများ



သွယ်ညို ဘာသာပြန်

အဖ ဦးသောင်း၊ အမိ ဒေါ်မြနှင့်မှ ၁၉၆၆ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ သိပ္ပံဘွဲ့ ရရှိသည်။

၁၉၈၆ ခုနှစ် ပဲခူးကောလိပ် နှစ်လည်မဂ္ဂဇင်းမှ စတင်၍ စာပေနယ်သို့ ရောက်ရှိခဲ့သည်။ ပညာတန်ဆောင်စာပေဆု နှစ်ကြိမ်၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာပေဆု သုံးကြိမ်၊ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာပေဆု နှစ်ကြိမ်၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု လေးကြိမ်၊ စာပေဗိမာန်စာမူဆု သုံးကြိမ် ရရှိခဲ့ပြီး ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး ပုဒ်ရေ ၂၀၀ ကျော် ရေးသားခဲ့ပြီး ဖြစ်သည်။

ယခုအခါ ပဲခူးတိုင်းဒေသကြီး သက္ကုလ ဇမ္ဗူကျေ
အထက်တန်းကျောင်းတွင် အလယ်တန်းပြ ဆရာမ
တာဝန်ထမ်းဆောင်လျက်ရှိသည်။

အမည်ရင်း ဒေါ်သန်းသန်းနိုး ဖြစ်သည်။

နေရပ်လိပ်စာ - အထက်တန်းကျောင်းရှေ့ ဇံကုန်းရပ်ကွက်
သက္ကုလ ဇမ္ဗူကျေးရွာ၊ ပဲခူးတိုင်းဒေသကြီး။

စာပေဗိမာန်
K2380
Ks 600